# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၁၂)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့ တစ်ယောက်ချင်း လုပ်သင့်လုပ်ထိုက်တာကို မှန်မှန်ကန်ကန်လုပ်သွားရန် လိုအပ်ကြောင်း သတင်းစကားပါး




**နေပြည်တော် မေ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့ တစ်ယောက်ချင်း လုပ်သင့်လုပ်ထိုက်တာကို မှန်မှန်ကန်ကန်လုပ်သွားရန် လိုအပ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည်–

မေလ(၁)ရက်နေ့ ရောက်လာပါပြီ။ Covid–19 နဲ့ပတ်သက်တဲ့ ကျန်းမာရေး၊ စီးပွားရေး အစီအစဉ်တွေ ပထမဆုံး ချမှတ်ခဲ့တဲ့ အချိန်ကစပြီးတွက်ရင် (၅)လထဲ ဝင်လာပါပြီ။

ယခုထိတော့ ကျွန်မတို့ Covid ရောဂါကို ထိန်းထားနိုင်တယ်လို့ ဆိုရပါမယ်။ ရောဂါကူးစက်သူပေါင်း ၁၅၁၊ ဆုံးပါးသွားသူ ၆ ဦး၊ ပျောက်ကင်းသူ ၂၈ ဦး။ အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ကြည့်ရင် အခြေအနေအသက်သာဆုံးထဲမှာ ပါတယ်လို့ ပြောနိုင်ပါတယ်။ ဒါဟာ သက်ဆိုင်ရာဌာနတွေ အားလုံးရဲ့ကြိုးပမ်းမှုနဲ့ အဓိကဖြစ်တဲ့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါတယ်။

> ❒ Covid ရောဂါကို ထိန်းထားနိုင်တယ်လို့ ဆိုရပါမယ်။ ရောဂါကူးစက်သူပေါင်း ၁၅၁၊ ဆုံးပါးသွားသူ ၆ ဦး၊ ပျောက်ကင်းသူ ၂၈ ဦး။ အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ကြည့်ရင် အခြေအနေအသက်သာဆုံးထဲမှာ ပါတယ်လို့ ပြောနိုင်ပါတယ်။ ဒါဟာ သက်ဆိုင်ရာဌာနတွေ အားလုံးရဲ့ ကြိုးပမ်းမှုနဲ့ အဓိကဖြစ်တဲ့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါတယ်။

ရှေ့မှာဆက်ပြီး ကြိုးပမ်းကြရပါအုံးမယ်။ သိန်းဂဏန်းထိများနိုင်တဲ့ ပြည်တော်ပြန်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွေ၊ မုတ်သုံနဲ့အတူ ဖြစ်လေ့ရှိတဲ့ တုပ်ကွေး၊ သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်ရေးတွေ၊ အခြား မြားမြောင်လှတဲ့ ဤလူ့ဘောင်ကိစ္စတွေ၊ ဤနိုင်ငံကိစ္စတွေ ဒါတွေအားလုံးကို ကျော်ဖြတ်ကြရပါမယ်။


ဖတ်လိုက်ရတာနဲ့ မောသွားလား။ မမောပါနဲ့။ အင်မတန်ခက်ခဲ ရှုပ်ထွေးတယ်ထင်ရတဲ့ကိစ္စဟာ တကယ်တော့ ရိုးရိုးရှင်းရှင်းလေးပါပဲ။ ကျွန်မတို့တွေ တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ်လုပ်သင့် လုပ်ထိုက်တာကို မှန်မှန်ကန်ကန် လုပ်သွားဖို့ပါပဲ။

ဖေဖေ ဘုန်းကြီးကျောင်းသားလေး လေသံလေးနဲ့ မိန့်ခွန်းတစ်ခုကို နိဂုံးချုပ်သလို – အပ္ပမာဒေန သမ္ပာဒေထ (မမေ့သော သတိဖြင့် ပြီးစီးပြည့်စုံ လုံခြုံအောင် စောင့်ထိန်းကြပါလေ။)

---

**စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူး**

စာမျက်နှာ – ၉




**ရေနံထုတ်လုပ်သူနိုင်ငံများက ရေနံထုတ်လုပ်မှု စတင်လျှော့ချမည်**

စာမျက်နှာ – ၁၂

**အမေရိကန် အဓိက လေကြောင်းလိုင်းသုံးခုတွင် ခရီးသည်များ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်**

စာမျက်နှာ – ၁၃



**သတိပြုသင့်သော ကိုဗစ်နှင့် တုပ်ကွေး**

စာမျက်နှာ – ၁၆

# မမေ့မလျော့ မပေါ့သော သတိဖြင့်

မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ကြီးဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ကျရောက်ခဲ့သည့်ဖြစ်ရပ်မှာ ယနေ့ မေလ ၂ ရက်နေ့တွင် ၁၂ နှစ်မြောက် နှစ်ပတ်လည်ခဲ့ပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အတွင်း စတင်ဖြစ်ပေါ်ခဲ့ပြီး ၂၀၀၈ ခုနှစ် မေ ၂ ရက်နေ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းတို့အပါအဝင်ဖြစ်သော ကုန်းတွင်းပိုင်းသို့ ပြင်းအားအမြင့်ဆုံးဖြင့် ဝင်ရောက်ခဲ့ရာ လေတိုက်နှုန်း အမြင့်မားဆုံးအချိန်တွင် တစ်နာရီလျှင် ၂၁၅ ကီလိုမီတာ (မိုင် ၁၃၀ နှုန်း)အထိ တိုက်ခတ်ခဲ့သည်။ မုန်တိုင်းနှင့် မုန်တိုင်းဒီရေတို့ကြောင့် လူဦးရေ ၁၃၈၀၀၀ ကျော် သေဆုံးခဲ့ရပြီး အပျက်အစီးများ၏ တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်အထိ ရှိခဲ့သည်။

ဆိုးရွားပြင်းထန်လှသည့် နာဂစ်မုန်တိုင်းကြီးက သေကျေပျက်စီးမှုများ ဖြစ်ပေါ်စေသည်သာမက အသက်ရှင်သန် ကျန်ရစ်သူများ၏ လူမှုရေး၊ စီးပွားရေးဘဝများအပေါ်တွင်လည်း ထိခိုက်ဆုံးရှုံးမှုတို့ ကြီးမားစွာဖြစ်ပေါ်စေခဲ့သည်။ မုန်တိုင်းကျရောက်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ အစားအသောက် အဝတ်အထည်အပါအဝင် လတ်တလောရှင်သန်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဝေမှုတို့နှင့်စပ်လျဉ်း၍ ဝေဖန်မှုများပေါ်ထွက်ခဲ့သလို တားမြစ်မှုများရှိခဲ့သည့်ကြားကပင် အကျင့်ပျက်မှုများ ရှိခဲ့ကြောင်းလည်း သတင်းများ ထွက်ပေါ်လာခဲ့သည်။ နာဂစ်သည် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ မြန်မာ့လူ့အဖွဲ့အစည်းကို သင်ခန်းစာများစွာပေးခဲ့သည်။ နာဂစ်အလွန်ကာလတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍မူ အရည်အသွေးပြည့်မီမှုနှင့် ပြည့်စုံလုံလောက်မှု လိုအပ်ချက်များ ရှိနေသေးသည်ဟု သိရသော်လည်း သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ပြည်သူလူထု၏ သတိပြုမှုမှာ များစွာတိုးတက်လာသည်ဟု သိရသည်။ မိုးလေဝသ သတင်း၊ မုန်တိုင်းသတိပေးချက် စသည်တို့ကို ယခင်က ဂရုမစိုက်ခဲ့ကြသော်လည်း နာဂစ်မုန်တိုင်းနှင့် ကြုံရပြီးသည့်နောက်ပိုင်းတွင် မိုးလေဝသ သတိပေးချက်များကို ဂရုတစိုက် တုံ့ပြန်လာကြသည်ဟုလည်း သိရသည်။

နာဂစ်မုန်တိုင်းကျရောက်ခဲ့သည့် ၁၂ နှစ် ပြည့်မြောက်သည့် ယနေ့ကာလတွင်မူ မိမိတို့နိုင်ငံမှာ ပြည်သူက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရက နိုင်ငံရေးရာအဖြာဖြာကို ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သလို ကိုဗစ်-၁၉ ကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါပပျောက်ရေးအတွက် ရင်ဆိုင်နေရချိန်ဖြစ်သည်။ နှစ်စဉ် အချိန်ရာသီရောက်လာသည်နှင့် ဖြစ်ပေါ်လာတတ်သည့် မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့်လည်း ရင်ဆိုင်ရဖွယ်ရှိသည်ကို မျှော်လင့်ထားကြရမည် ဖြစ်သည်။

“သိန်းဂဏန်းအထိ များနိုင်တဲ့ ပြည်တော်ပြန်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွေ၊ မုတ်သုံနဲ့အတူ ဖြစ်လေ့ရှိတဲ့ တုပ်ကွေး၊ သွေးလွန်တုပ်ကွေးအန္တရာယ်ကာကွယ်ရေးတွေ၊ အခြား မြားမြောင်လှတဲ့ ဤလူ့ဘောင်ကိစ္စတွေ၊ ဤနိုင်ငံကိစ္စတွေ ဒါတွေအားလုံးကို ကျော်ဖြတ်ကြရပါမယ်” ဟူ၍လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖေ့စ်ဘွတ်စာမျက်နှာမှ သတင်းစကားပါးထားသည်။ ထို့အပြင် “အင်မတန်ခက်ခဲရှုပ်ထွေးတယ် ထင်ရတဲ့ ကိစ္စဟာ တကယ်တော့ ရိုးရိုးရှင်းရှင်းလေးပါပဲ။ ကျွန်မတို့တွေ တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ်လုပ်သင့်လုပ်ထိုက်တာကို မှန်မှန်ကန်ကန်လုပ်သွားဖို့ပါပဲ”ဟူ၍လည်း အလင်းပြလမ်းညွှန်ခဲ့သည်။

ကူးစက်ရောဂါ၊ မုန်တိုင်း၊ အခြားမည်သည့်စိန်ခေါ်မှုများပင်ဖြစ်စေ မိမိတို့အားလုံး၏ စည်းလုံးညီညွတ်သည့် အင်အားဖြင့်သာ ရင်ဆိုင် ကျော်လွှားကြရမှာဖြစ်သည်။ ယနေ့သည် လွန်ခဲ့သည့် ၁၂ နှစ် နာဂစ်ကာလနှင့် များစွာခြားနားသွားခဲ့ပြီ။ နိုင်ငံ့အရေးကိုယ့်အရေး ဖြစ်လာခဲ့ပြီဆိုသည်ကို မမေ့မလျော့ သတိချပ်၍ ကောင်းစွာအားထုတ် မှန်ကန်စွာ လုပ်ဆောင်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ဧရာဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation-ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံ လမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှု များနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည် -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ

( ခ ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံ ဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည် ဖြစ်သည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်သည့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## အရှေ့တောင်အာရှနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၁

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် COVID-19 ရောဂါတုံ့ပြန်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့် (Special Video Conference of Health Ministers of ASEAN and the United States in Enhancing Cooperation on COVID-19 Response)အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမမှ တက်ရောက်ဆွေးနွေးခဲ့သည်။** (ယာပုံ)






အဆိုပါ အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ် Mr. Dato Lim Jock Hoi က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် အာဆီယံ-ယူအက်စ် ပူးတွဲဥက္ကဋ္ဌများဖြစ်သော အင်ဒိုနီးရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများသည် COVID-19 ဖြစ်ပွားမှုကိုတုံ့ပြန်ရာတွင် အာဆီယံနှင့် အမေရိကန်နိုင်ငံတို့ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ရေးအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ COVID-19 တုံ့ပြန်ပြင်ဆင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယခုကဲ့သို့ အာဆီယံနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးများ၏ COVID-19 တုံ့ပြန်ရေးဆိုင်ရာ အထူးဗီဒီယိုကွန်ဖရင့်ကို ဆောင်ရွက်ပေးခဲ့သည့် အာဆီယံ-ယူအက်စ် ပူးတွဲဥက္ကဋ္ဌများဖြစ်သော အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံတို့အား ကျေးဇူးတင်ပါကြောင်း။

မြန်မာနိုင်ငံတွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံများ (PPE) နှင့် အမေရိကန် ဒေါ်လာခုနစ်သိန်း လှူဒါန်းခဲ့သည့် အမေရိကန်အစိုးရနှင့် USAID အဖွဲ့တို့ကိုလည်း ကျေးဇူးတင်ပါကြောင်း။

အမေရိကန် ကူးစက်ရောဂါနှိမ်နင်းရေးဗဟိုဌာန (US-CDC) ဒေသဆိုင်ရာရုံး(ထိုင်းနိုင်ငံ) နှင့် မြန်မာနိုင်ငံ US-CDC အဖွဲ့၏ နည်းပညာအကူအညီများလည်းရယူ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် US-CDC (Atlanta)၊ National Institute of Health တို့နှင့်ပူးပေါင်း၍ COVID-19 ရောဂါကို စမ်းသပ်ကုသမှုဆိုင်ရာ သုတေသနများ (Multi-centric clinical trials or studies on COVID-19 and beyond)အား ပိုမိုလုပ်ဆောင်လိုပါကြောင်း။

အာဆီယံနိုင်ငံများ အနေဖြင့် အမေရိကန်နိုင်ငံရှိသုတေသနဌာနများ (health and research institutions) နှင့်ပူးပေါင်း၍ ကျန်းမာရေးသုတေသနများ ဆက်လက်ဆောင်ရွက်သွားနိုင်မည့် သုတေသနကြားခံစင်မြင့် (research platform)တစ်ခု ထူထောင်နိုင်ပါက လွန်စွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

ဗီဒီယိုကွန်ဖရင့်များသည် ယခုအချိန်၌ နိုင်ငံများအကြား အတွေ့အကြုံဖလှယ်ရာတွင် အလွန်ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း။

US-CDC, National Institute of Health တို့မှ ပညာရှင်များ၊ အာဆီယံနိုင်ငံများမှ သုတေသနပညာရှင်များ၊ ပြည်သူ့ကျန်းမာရေး ပညာရှင်များ ပူးပေါင်း၍ မျိုးဆက်သစ်ကျန်းမာရေးဝန်ထမ်းများအတွက် ကျွမ်းကျင်မှုတိုးတက်စေရေး သင်တန်းများ ဆက်တိုက်ပူးပေါင်းဆောင်ရွက်သွားနိုင်ပါကြောင်း။

ဤ COVID-19 ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် ကျန်းမာရေး မဟုတ်သည့် အခြားကဏ္ဍများ၏ အခန်းကဏ္ဍများအရေးကြီးပုံကိုလည်း မိမိတို့ချန်လှပ်ထား၍ မရပါကြောင်း။

ထို့အတွက် မြန်မာနိုင်ငံသည် ကျန်းမာရေးဝန်ထမ်း မဟုတ်သည့် စေတနာ့ဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အစိုးရတစ်ရပ်လုံး၊ ကဏ္ဍအားလုံး ပါဝင်ချဉ်းကပ်သည့်ပုံစံဖြင့် အမျိုးသားအဆင့် ဗဟိုကော်မတီတစ်ရပ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်၍ဖွဲ့စည်းထားပါကြောင်း။

နိုင်ငံတော်အဆင့် မြင့်မားသော ကော်မတီဖြစ်သည့်အတွက် လုပ်ဆောင်ရမည့်ကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်များ မြန်ဆန်ပြီး ပြည်ထောင်စုဝန်ကြီးများ အဖွဲ့ဝင်အဖြစ် ပါဝင်သည့်အတွက် ကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်မြန်ဆန်ပါကြောင်း။

အကျိုးဆက်အဖြစ် COVID-19 ထိန်းချုပ်ရေးလုပ်ငန်းများ ဆွေးနွေးချက်နှင့် အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အာဆီယံ-ယူအက်စ် အထူးဗီဒီယိုကွန်ဖရင့်မှ ထွက်ပေါ်သည့် ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံအနေဖြင့် အတည်ပြုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံမှ COVID-19 တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရေးအတွက် အကြံပြုဆွေးနွေးခဲ့သည်။ ထို့နောက် COVID-19 တုံ့ပြန်ရေးနှင့် ပတ်သက်၍ ASEAN-US Joint ပူးတွဲကြေညာချက်အား အတည်ပြုနိုင်ခဲ့သည်။ ထို့နောက် အာဆီယံ-ယူအက်စ်ပူးတွဲဥက္ကဋ္ဌဖြစ်သော အင်ဒိုနီးရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများက နိဂုံးချုပ်စကားပြောကြားသည်။

အဆိုပါ ဗီဒီယိုကွန်ဖရင့်သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်) ဒေါက်တာထွန်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## (၁၅)ကြိမ်မြောက် အောင်ဘာလေသိန်း ၁၅၀၀၀ ဆု နေပြည်တော်ရှိထီဆိုင်မှ ဘုရားဖူးရင်းကံစမ်းသူ ဆွတ်ခူး

**နေပြည်တော် မေ ၁**

(၁၅) ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲတွင် ကျပ်သိန်း ၁၅၀၀၀ ဆုကို ရန်ကုန်မြို့ရှိ ဦးအောင်နေလ၊ ဒေါ်ဝေဝေလင်းတို့က ဆွတ်ခူးသွားခဲ့ကြောင်း သိရသည်။ ကျပ်သိန်းတစ်သောင်းခွဲ အောင်ဘာလေ ဆုနံပါတ်မှာ စ ၄၄၁၇၉၈ ဖြစ်ပြီး ကံထူးရှင်များသည် နေပြည်တော်သို့ ဘုရားဖူးလာရောက်ရင်း လက်လုပ်တောင် ဘုရားခြေတော်ရင်းတွင် ဖွင့်လှစ်ထားသည့် ဆုလာဘ်ပိုင် ထီဆိုင်၌ ထီကံစမ်းရင်း ယခုကဲ့သို့ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ကျပ်သိန်းတစ်သောင်းဆုကို ပဲခူးတိုင်းဒေသကြီး က၀မြို့မှ ဆွတ်ခူးသွားခဲ့ခြင်း ဖြစ်သည်။

ယနေ့တွင် ကျင်းပသည့် (၁၅)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် က အက္ခရာမှ ကင အထိ စုစုပေါင်း အက္ခရာ ၃၈ လုံး၊ ထီစာအုပ် ၃၁၀၉၀၈၄ အုပ် ရောင်းချခဲ့သော်လည်း ထီစာအုပ် ၁၈၁၁၆၈၅ အုပ်မှာ ရောင်းမကုန်ထီအဖြစ် ကျန်ရှိကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သတင်းထုတ်ပြန်ထားသည်။ (၁၅)ကြိမ်မြောက် ထီရောင်းရငွေမှာ ကျပ်သန်း ၁၂၉၇၃ ဒသမ ၉၉၀ ခန့် ရှိပြီး ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် အထူးဆုကြီးစနစ် ကျပ်သိန်း တစ်သောင်းခွဲနှင့် ကျပ်သိန်း တစ်သောင်းဆု၊ ကျပ်သိန်း ငါးထောင်ဆုတို့နှင့်အတူ ကျပ်သိန်း နှစ်ထောင်ဆုနှစ်ဆု၊ ကျပ်သိန်း တစ်ထောင်ဆုနှစ်ဆု၊ ကျပ်သိန်းငါးရာဆု ၁၀ ဆု၊ ကျပ်သိန်း ၂၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၂ ဆု၊ ကျပ်သိန်း ၅၀ ဆု ၁၂ ဆုနှင့် ကျပ်သိန်း ၂၀ ဆု ၁၅ ဆုတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ကျန်ရှိနေသေးသည့် ဆုများကို ရောင်းမထွက် ထီနံပါတ်များကို ပယ်ချိန်ကြာမြင့်သည့်အတွက် နှစ်ရက်ခွဲကာ မေ ၂ ရက်တွင် ဆက်လက်ကျင်းပဖွင့်လှစ်ပေးမည်ဟု ပြည်တွင်းအခွန်များ ဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် (၁၄)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲတွင် ထီအက္ခရာ ၄၀ လုံး၊ ထီစာအုပ်ပေါင်း ၃၂၇၂၇၂၀ အထိ ရောင်းချခဲ့ပြီး ရောင်းချသည့်ရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ချီးမြှင့်ထားခဲ့သည်။ **ခင်ရတနာ**

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁-၅-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၇၁၀၁ | ၁၂၄၄ | ၁၅ |
| အင်ဒိုနီးရှား | ၁၀၅၅၁ | ၁၅၉၁ | ၈၀၀ |
| ဖိလစ်ပိုင် | ၈၇၇၂ | ၁၀၈၄ | ၅၇၉ |
| မလေးရှား | ၆၀၇၁ | ၄၂၁၀ | ၁၀၃ |
| ထိုင်း | ၂၉၆၀ | ၂၇၁၉ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၁ | ၃၁ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၈ | ၀ |

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် မေ ၁

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများ၊ မီဒီယာသမားများ၏ သိရှိလိုသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။**



တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မိမိအနေဖြင့် ပဏာမပြောလိုသည်မှာ ယမန်နေ့က ပလက်ဝဒေသကို AA က ဖြတ်တောက် ပိတ်ဆို့ထားသည့်အတွက် ဆန်ရိက္ခာများ မပို့ဆောင်နိုင်ခဲ့ပါကြောင်း၊ ပထမအကြိမ်အနေဖြင့် ဆန်အိတ် ၈၃၀ ပို့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆန်အိတ် ၈၃၀ ဆိုသည်မှာ ယင်းဒေသရှိပြည်သူများအတွက် ရိက္ခာနှစ်ပတ်စာခန့်သာ လုံလောက်သည့်အတွက် ဒုတိယအသုတ်အနေဖြင့် WFP ကားများဖြင့် ပို့ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ပို့ဆောင်ရာတွင် AA အဖွဲ့က World Food Programme– WFP တံဆိပ်ကပ်ထားသည့် ကားများကို ပစ်ခတ်သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း။

ယင်းသို့ ဆန်အိတ်များပို့ဆောင်ရာတွင် တပ်မတော်ယာဉ်တန်းဖြင့် သွားရောက်ခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ပို့ဆောင်ရာတွင် ကားများ၏ရှေ့တွင် WFP ဆိုင်းဘုတ်ကို စာတန်းကြီးများကပ်ပြီး ပို့ဆောင်ခဲ့သော်လည်း AA က ပစ်ခတ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အဝေးမှနေ၍ သိသာထင်ရှားမြင်နိုင်သည့် ဆိုင်းဘုတ်များကပ်ထားသည်ကို ပစ်ခတ်သည့်အတွက် ယခုဖြစ်ရပ်သည် အင်မတန် အရုပ်ဆိုးအကျည်းတန်ပါကြောင်း။

### ကျည်ဆန်ထိမှန်ပြီး မှန်စပြတ်ရှဒဏ်ရာရရှိ

အထူးသဖြင့် ပလက်ဝဒေသတစ်ဝိုက်မှ ဒေသခံများ အစာရေစာ ပြတ်လပ်နေသည့်အတွက် WFP ကို အကူအညီတောင်းပြီး လူသားချင်းစာနာထောက်ထားသည့် အနေဖြင့် ပို့ခဲ့ပါကြောင်း၊ ယင်းသို့ ပို့ဆောင်ရာတွင် လက်နက်ငယ်ကျည်ထိ၍ WFP က ယာဉ်မောင်း ပခုက္ကူမြို့တွင် နေထိုင်သူ ဦးဝင်းကိုအောင်၏ မျက်နှာတွင် ကားမှန်ကို ကျည်ဆန်ထိမှန်ပြီး မှန်စပြတ်ရှဒဏ်ရာ ရရှိခဲ့ပါကြောင်း၊ ခြောက်ဘီးကားများ၏ ဆီတိုင်ကီ၊ ဘီးများနှင့် ကားကိုယ်ထည်ကို လက်နက်ငယ်ထိမှန်ခဲ့ပါကြောင်း။

ထို့ကြောင့် ယမန်နေ့က ကားများကိုပြုပြင်ပြီး နေ့လယ်ပိုင်းတွင် ဆက်လက်ထွက်ခွာခဲ့ပါကြောင်း၊ ထို့နောက် စိမ့်စမ်းဝတွင် ညအိပ်ရပ်နားခဲ့ပါကြောင်း၊ ယနေ့အခြေအနေအရ ယင်းဒေသတွင် မိုးများသည်းထန်စွာရွာနေသည်ဟု သိရှိရပါကြောင်း၊ မိုးရွာ၍ လမ်းအဆင်မပြေသည့်အတွက် ရေလမ်းကနေ သွားရောက်ပို့ဆောင်ရန် လုပ်နေပါကြောင်း၊ ယနေ့ပို့ပေးရန် အဆင်မပြေသည့်အတွက် မနက်ဖြန်တွင် ရေလမ်းကြောင်းမှ ဆန်အိတ်များကို လွှဲပြောင်း၍ ပလက်ဝကို ပို့ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆန်အိတ်နှစ်ထောင် ပို့မည်ဖြစ်ကြောင်း။

### ထိခိုက်ဒဏ်ရာရရှိခဲ့

အလားတူ မင်းပြားတွင် မကြာသေးမီက WHO ယာဉ်တန်း ပစ်ခတ်ခံရမှု ဖြစ်ပွားသည့်နေရာတွင်လည်း AA က ချောင်းမြောင်းပစ်ခတ်သည့်အတွက် ဇက်ကူးရန် စောင့်ဆိုင်းနေသော ယာဉ်မောင်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယာဉ်ကိုလည်း ပစ်ခတ်ခံခဲ့ရကြောင်း၊ ယခု WFP ယာဉ်တန်းကိုလည်း ပစ်ခတ်ခံခဲ့ရပါကြောင်း၊ ယင်းကိစ္စများသည် မလုပ်သင့်၊ မလုပ်ထိုက်သည့်ကိစ္စများ ဖြစ်ပါကြောင်း၊ AA သည် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းလည်း ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ပိုမိုထင်ရှားလာသည်မှာ အပြစ်မဲ့ပြည်သူများအပြင် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့များကိုပါ ပစ်ခတ်လာသည့်သဘော မြင်တွေ့ရပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ပြန်လည်ကုစားရေးကော်မတီ၏ ဆောင်ရွက်နေမှု၊ အခြေခံလူတန်းစားများအတွက် ကိုဗစ်–၁၉ ကာလအလွန် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေ၊ ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဆောင်ရွက်နေမှုအခြေအနေ၊ AA က WHO ဝန်ထမ်းမောင်းနှင်လာသည့် UN မော်တော်ယာဉ်အား ပစ်ခတ်ခဲ့သည်အတွက် စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ရသည့် အကြောင်းအရင်း၊ လူ့အခွင့်အရေးကိုယ်စားလှယ် ယန်ဟီလီ၏ အစီရင်ခံစာကိစ္စ၊ ရခိုင်ပြည်နယ် မြို့နယ်အချို့၌ အင်တာနက်လိုင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အခြေအနေ၊ Quarantine Centre များ၌ အဆင့်မြင့်အရာရှိကြီးများ ရှိ၊ မရှိ၊ ရခိုင်ပြည်နယ်၌ တိုက်ပွဲများကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်မှု ရှိ၊ မရှိ၊ ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ၏ ဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်မှ နေရပ်ပြန်ပြည်သူများ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ပေးမည့်အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါကူးစက်မှု များပြားလာပါက တုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ အကူအညီပေးမှုအပေါ် သဘောထားအမြင်၊ ကိုဗစ်–၁၉ ရောဂါတုံ့ပြန်ရန် ဘတ်ဂျက်လျာထားမှုအခြေအနေ၊ ရောဂါဖြစ်ပွားသူ တစ်ဦးချင်းကုန်ကျစရိတ်၊ အခြေခံလူတန်းစားများအား ထပ်မံထောက်ပံ့ရန် အစီအစဉ် ရှိ၊ မရှိ၊ ခရီးသည်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ။

### သတင်းမီဒီယာများက မေးမြန်း

ကိုဗစ်ကာလ၌ ကူညီဆောင်ရွက်နေကြသည့် ပရဟိတအဖွဲ့များ၏ လူနာတင် လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ပေးရန် ရှိ၊ မရှိ၊ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတကာ၌ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေသည့် မြန်မာနိုင်ငံသားများအား အစိုးရအနေဖြင့် ကူညီပေးမည့်အစီအစဉ်၊ ကိုဗစ်ကာလ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျန်းမာရေး ကာကွယ်စောင့်ရှောက်ထားမှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား မည်သည့်နည်းလမ်းဖြင့် တွေ့ဆုံရန် စီစဉ်ထားမှုအခြေအနေ၊ သင်္ကြန်ကာလအတွင်း ခွင့်ပြုချက်မရှိဘဲ နေပြည်တော်ပြင်ပထွက်ခွာကြသည့် နိုင်ငံ့ဝန်ထမ်းများအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ၊ မကြာမီကာလအတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားမှုအခြေအနေ၊ ရွေးကောက်ပွဲ ကျင်းပမည့်ကာလ ရွှေ့ဆိုင်းရန် အစီအစဉ် ရှိ၊ မရှိ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့မှုအခြေအနေ၊ အခြားဒေသတွင်း ခေါင်းဆောင်များနှင့် ဆွေးနွေးရန် အစီအစဉ်ရှိ၊ မရှိ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်ပချေးငွေရယူရန် အစီအစဉ် ရှိ၊ မရှိ၊ မိုးရာသီကာလ ရောက်ရှိလာမည်ဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ (၂၁) ရာစုပင်လုံ စတုတ္ထအကြိမ် ကျင်းပနိုင်မည့် အခြေအနေ၊ လေကြောင်းလိုင်းများ မေ ၁၅ ရက်နောက်ပိုင်း ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများအား စစ်ဆေးနေမှု အခြေအနေ၊ ချေးငွေ ဘီလီယံ ၂၀၀ ဦးစားပေးထုတ်ချေးရန် သတ်မှတ်ထားသည့် အခြေအနေ၊ စက်ရုံ၊ အလုပ်ရုံများ စိစစ်ပြီးစီးမှု အခြေအနေနှင့် ကိုဗစ်–၁၉ ကြောင့် အလုပ်ရပ်နားခံရသည့် လုပ်သားများအတွက် ဆောင်ရွက်ထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။

### မေးမြန်းချက်များ ပြန်လည်ဖြေကြား

သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက COVID–19 Economic Relief Plan ထုတ်ပြန်ထားပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်တွင် အခြေခံလူတန်းစားများအတွက် ရိက္ခာဖြန့်ဝေရေးများပါဝင်ပြီး အသေးစိတ် ဖော်ပြထားပါကြောင်း၊ ချေးငွေကိစ္စတွင် ကနဦး ဘီလီယံ ၁၀၀ ထုတ်ချေးနေပါကြောင်း၊ ထပ်မံ၍ ဘီလီယံ ၂၀၀ ထုတ်ချေးရန် စီစဉ်နေပါကြောင်း၊ COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၌ ရုံးထိုင်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေပါကြောင်း၊ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီအနေဖြင့်လည်း EAOs များနှင့် ဆက်သွယ်ဆောင်ရွက်နေပါကြောင်း၊ WHO ကားကို AA အဖွဲ့မှ ပစ်ခတ်ခြင်း ဖြစ်ပါကြောင်း၊ WHO မှ ဝန်ထမ်းတစ်ဦး သေဆုံးသွားသည့်အတွက် သက်ဆိုင်ရာက ရှင်းရှင်းလင်းလင်း ဖြစ်စေရေးအတွက် စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာစံနှုန်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်တွင် ထည့်သွင်းထားပါကြောင်း။

### ပြန်လည်ဖွင့်ပေးရန် အစီအစဉ်ရှိ

ယန်ဟီလီ၏ ထုတ်ပြန်ချက်ကို တွေ့ရှိပါကြောင်း၊ ယင်းထုတ်ပြန်ချက်တွင် တပ်မတော်ကို တော်တော်များများ စွပ်စွဲထားပါကြောင်း၊ နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုဟု ကြေညာထားသည့် AA ၏ လုပ်ဆောင်ချက်များအား လျှော့ပေါ့ထားသည်ကို တွေ့ရှိရပါကြောင်း၊ အမှန်တကယ်တွင် ရိက္ခာယာဉ်တန်းများနှင့် WHO ယာဉ်တန်းကို တိုက်ခိုက်သည်မှာ AA ဖြစ်ပါကြောင်း၊ အရပ်သားများကို တိုက်ခိုက်ပြီး ကျေးရွာများကို စစ်မျက်နှာဖန်တီးသည်မှာ AA ဖြစ်ပါကြောင်း၊ မနက်ဖြန်ဆိုလျှင် ရခိုင်ပြည်နယ်မှ မြို့နယ် (၅) မြို့နယ်အား အင်တာနက်လိုင်း ပိတ်ထားသည်မှာ သတ်မှတ်ရက်ပြည့်ပြီ ဖြစ်ပါကြောင်း၊ AA ၏ စာရင်းများအရ သက်ရောက်မှုနည်းပါးသည့် မြို့နယ်များအား အင်တာနက်လိုင်းများ ပြန်လည်ဖွင့်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များကို ဆက်လက်ပိတ်ထားရမည်ဖြစ်ပါကြောင်း။

လတ်တလော Quarantine ထားရှိသည့်အထဲတွင် အစိုးရအရာရှိကြီးများ မပါဝင်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ တိုက်ပွဲဖြစ်ပွားနေသည့် နေရာများတွင် လုံခြုံရေးအတွက် အရင်ဆုံးဆောင်ရွက်ရပါကြောင်း၊ လုံခြုံရေးကောင်းမွန်မည်ဆိုပါက အုပ်ချုပ်ရေးနှင့် ပူးပေါင်းပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထား

မိမိတို့နိုင်ငံမှ နိုင်ငံသားများ နေရပ်ပြန်လာရေးကိစ္စကို ပိတ်ဆို့ထားခြင်းမရှိပါကြောင်း၊ ပြန်လာကြသူများအား Quarantine (၂၁)ရက် ထားရှိပြီး သံသယရှိပါက စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်ဆေးပေးနိုင်သည့်အရေအတွက်လည်း မြင့်တက်လာပါကြောင်း၊ လက်ရှိ၌ အများအပြားဖြစ်ပွားလာပါက ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပါကြောင်း၊ လုံလောက်မှုအခြေအနေ မရှိသေးပါကြောင်း၊ သို့သော်လည်း အကောင်းဆုံးဖြစ်အောင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပြင်ဆင်ထားပါကြောင်း၊ ကျွမ်းကျင်ဆရာဝန်အပိုင်းတွင်လည်း ခေတ်မီနည်းပညာများအသုံးပြုလာသည်မှာ မိမိတို့နိုင်ငံအတွက် အားသာချက်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများအပြင် အခြားအကူအညီများ ရရှိပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်လာသည့်အခါ စတင်ဖြစ်ပွားသည့်နိုင်ငံကို အပြစ်တင်မည့်အစား နိုင်ငံနှင့် ပြည်သူအတွက် ဦးစားပေးဆောင်ရွက်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ဖြင့်သာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ တစ်ဦးချင်းကုသမှုအတွက် တစ်ဦးနှင့်တစ်ဦး ကုန်ကျငွေ မတူညီနိုင်ပါကြောင်း၊ ခရီးသည်တင်ယာဉ်များ ပြန်လည်ပြေးဆွဲရန်အပါအဝင် တစ်နိုင်ငံလုံးနှင့် ပတ်သက်ပြီး မေ ၁၅ ရက်မတိုင်မီ Review ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်သူများသိရှိရန် အသိပေးကြေညာချက် ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း၊ လတ်တလောအနေဖြင့် ပရဟိတလိုင်စင်မဲ့ယာဉ်များကို လိုင်စင်ချပေးရန် အစီအစဉ် မရှိပါကြောင်း။

တစ်နိုင်ငံလုံးရှိ Volunteer စာရင်းများကို ကောက်ခံလျက်ရှိပြီး ပါဝင်လိုသူများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ဖိတ်ခေါ်ပြီးနောက် National Volunteer Corps အဖြစ် ဆောင်ရွက်ရန်ရှိပါကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ကိုဗစ်–၁၉ လူနာများအား သက်ဆိုင်ရာနိုင်ငံတွင် ကုသမှုများ ဆောင်ရွက်ပေးနေသည်ဟု သိရှိရပါကြောင်း၊ နိုင်ငံတကာရှိ မြန်မာနိုင်ငံသားများ ပြန်လည်လာရောက်ရန် စုရပ်များ ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကျန်းမာရေးနှင့်စပ်လျဉ်းပြီး ရောဂါကူးစက်မှုမရှိအောင် စနစ်တကျ ဆောင်ရွက်ထားပါကြောင်း၊ စာသင်ကျောင်းများ ပြန်ဖွင့်ရန် မေ ၁၅ ရက်မတိုင်မီ တစ်နိုင်ငံလုံးအနေအထားဖြင့် Review ပြန်လည်လုပ်ဆောင်ပြီး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လောလောဆယ်တွင် ရွေးကောက်ပွဲကို နိုဝင်ဘာလတွင် ကျင်းပရန် ကြေညာထားပါကြောင်း၊ လတ်တလောတွင် ရွှေ့ဆိုင်းရန် အစီအစဉ်မရှိဟု သိရှိရပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ အိန္ဒိယရောက် မြန်မာသံဃာတော်များအား ခေါ်ယူရန်နှင့် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ အပြန်အလှန် ကူညီဆောင်ရွက်ရန်အတွက် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်ပအကူအညီရယူရန် ကိစ္စများလည်း COVID–19 Economic Relief Plan တွင် ပါရှိပါကြောင်း။

National Volunteer corps ကို ဆောင်ရွက်ရခြင်းမှာ လက်တွေ့ မိမိတို့နိုင်ငံအတွက် ကိုဗစ်–၁၉ သည် ထူးခြားသည့်အတွေ့အကြုံဖြစ်ပါကြောင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်းတို့နှင့် မတူပါကြောင်း၊ ကိုဗစ်–၁၉ သည် ရေရှည်သဘောဆန်ပါကြောင်း၊ တခြားဖြစ်စဉ်များတွင် မြေငလျင်လှုပ်သွားသည့်အတွက် အပျက်အစီးများကြားမှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရပါကြောင်း၊ နေရာချထားခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရပါကြောင်း၊ ယခု ကိုဗစ်–၁၉ သည် ထိုသို့မဟုတ်ပါကြောင်း၊ Volunteer များနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဆွေးနွေးသည့်အခါ မြင်ရသည်မှာ ရေရှည် စဉ်ဆက်မပြတ်ဖြစ်စေရန် Volunteer ဖြစ်သည့်အတွက်

*စာမျက်နှာ ၇ သို့*



# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## မြန်မာရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်လာနိုင်ဖို့ ခရီးသွားလာခွင့် မရရှိသေးတာကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဆက်ပြီး ဆောင်ရွက်နေပါတယ်

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းလုပ်သားများ အဆင်ပြေချောမွေ့စွာ နေရပ်ပြန်နိုင်ရေးအတွက် ထိုင်းနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့အကြား ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် မြဝတီမြို့ ချစ်ကြည်ရေးတံတား အမှတ်(၂)မှ ပြန်လည်ဝင်ရောက်လာပြီဖြစ်သည်။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများအား မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် သတင်းစဉ်က ဆက်သွယ်မေးမြန်းထားပါသည်-

**မေး။ ။ ဒီနေ့ မြဝတီနယ်စပ်ကနေ မြန်မာရွှေ့ပြောင်းလုပ်သားတွေ ပြန်လည်ဝင်ရောက်လာမှု အခြေအနေ သိပါရစေ။**

**ဖြေ ။** ။ ဒီနေ့ မနက်ပိုင်းကစပြီး ချစ်ကြည်ရေးတံတား အမှတ်(၂)ကနေ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀ ပြန်လည်ဝင်ရောက်လာပါတယ်။ ပြန်လာတဲ့အထဲမှာ ကျား ၃၄ ဦး၊ မ ၂၆ ဦး ပါပါတယ်။ ယခင် ပြန်လည်လက်ခံတဲ့နေရာကနေ ပြန်လည်ဝင်ရောက်လာတာပါ။

**မေး ။ ။ ပြန်လည်ဝင်ရောက်လာတဲ့ ရွှေ့ပြောင်းလုပ်သားတွေကိုထားဖို့ Quarantine Centre တွေ ဆောင်ရွက်ထားရှိမှုကိုလည်း သိချင်ပါတယ်။**

**ဖြေ ။** ။ လက်ရှိ မြဝတီမှာ လူဦးရေနှစ်ထောင် ထားနိုင်အောင် Quarantine Centre ၁၀ ခု စီမံထားပါတယ်။ Quarantine Centre တွေကို ကရင်ပြည်နယ်မှာလည်း စီစဉ်ထားတယ်။ မွန်ပြည်နယ်မှာလည်း စီစဉ်ထားပါတယ်။ ကရင်ပြည်နယ်အတွင်းမှာ လူဦးရေ ၆၅၀၀ ထားနိုင်မယ့် Facility Quarantine နဲ့ မွန်ပြည်နယ်မှာ လူဦးရေ ၈၅၀၀ လောက်ထားနိုင်မယ့် Facility Quarantine တွေ စီစဉ်ထားပြီး လိုအပ်ရင် လူဦးရေ နှစ်သောင်းလောက်အထိ ထားနိုင်အောင်စီစဉ်ထားပါတယ်။ ကျန်တဲ့ Community Base Quarantine အနေနဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စီစဉ်ထားပြီး ဖြစ်ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေက လာရောက်ကြိုဆိုတဲ့ ကားတွေလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။

**မေး ။ ။ ပြန်လည်ဝင်ရောက်လာသူတွေ စနစ်တကျဖြစ်အောင် ချစ်ကြည်ရေးတံတားအမှတ်(၂)မှာ စီမံဆောင်ရွက်ထားရှိမှုကိုလည်း သိချင်ပါတယ်။**

**ဖြေ ။** ။ ချစ်ကြည်ရေးတံတား အမှတ် (၂) ကို ဖြတ်သန်းပြီးတာနဲ့ BCF ဇုန်ရှိပါတယ်။ အဲဒီဇုန်ရဲ့ ခြံစည်းရိုး မဝင်ခင်မှာ အကြမ်းဖျင်း ၂၄ ပေလောက် ကျယ်တဲ့ အဝင်လမ်း၊ အထွက်လမ်းရှိပါတယ်။ ရှေ့နောက် ဝဲယာ ခြောက်ပေခြားနဲ့ လူဦးရေ ၇၀၀ လောက် နေရာယူလို့ရပါတယ်။ ရောက်တာနဲ့ သတ်မှတ်ထားတဲ့အတိုင်း နေရာယူမယ်။ Mask မပါရင် Mask တပ်ပေးနိုင်အောင် စီစဉ်ပေးထားတယ်။ လက်ဆေးဖို့ ဆပ်ပြာနဲ့လက်ဆေးကန်တွေ လုပ်ပေးထားတယ်။ Mask တပ်၊ လက်ဆေးပြီးရင် BCF ဇုန်ထဲဝင်ပြီ ဆိုရင်တော့ ဘယ်ညာတစ်ခုစီမှာ လိုင်းသုံးလိုင်းစီနဲ့ လိုင်းခြောက်လိုင်း ပြင်ဆင်ထားပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝင်ရပါမယ်။ ဝင်ပြီးတာနဲ့ ဖောင်ဖြည့်မယ်။ ပြီးရင် သူတို့ကို ကိုယ်အပူချိန်တိုင်းမယ်။

တိုင်းပြီးရင် သက်ဆိုင်ရာ ကောင်တာအလိုက်မှာ ကွန်ပျူတာနဲ့နာမည်၊ အသက်၊ ဘယ်ဒေသက ပြန်လာတယ်။ ဘယ်ဒေသကို သွားမယ်။ လာတဲ့လိပ်စာ၊ သွားမဲ့လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ဒါတွေယူပြီးရင် BCF ဇုန်ထဲဝင်ပါပြီ။ မလွှတ်ခင် ကျန်းမာရေးဌာနက Thermal Scanner တစ်လုံး တပ်ထားတယ်။ Thermal Scanner နဲ့ စစ်ပါမယ်။ တစ်ယောက်ဖြတ်ရင် တစ်ယောက်ပေါ်မယ်။ နှစ်ယောက်ဖြတ်သွားရင် နှစ်ယောက်ပေါ်မယ်။ ပြီးရင် လူဝင်မှုကြီးကြပ်ရေးက စစ်မယ်။ BCF ဇုန်ထဲ ရောက်နေတဲ့ သူတွေကို အပြင်ထွက်ခွင့်မပေးဘူး။ စားဖို့သောက်ဖို့အတွက်လည်း ရေသန့်ဘူးတွေ၊ ထမင်းဘူးတွေ စီစဉ်ပေးထားပါတယ်။ ဒါက WFPနဲ့ ချိတ်ဆက်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ပြီးရင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွေက လာရောက်ကြိုဆိုတဲ့ ကားတွေနဲ့ သက်ဆိုင်ရာ မြို့နယ်အလိုက် သွားကြမယ်။ သူတို့လာတဲ့ အုပ်စုအပေါ် မူတည်ပြီး ဘယ်မှာထားမယ်ဆိုတာ စီစဉ်ရမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်နိုင်ဖို့အတွက် ဘယ်လို ဆောင်ရွက်ခဲ့တယ်ဆိုတာလည်း သိချင်ပါတယ်။**

**ဖြေ ။** ။ ထိုင်းဘက်မှာရှိတဲ့ အလုပ်သမားသံအရာရှိရုံးကနေ နေရပ်ပြန်ချင်တဲ့ သူတွေကို အချက်အလက်တွေ အွန်လိုင်းကနေ ဖောင်ဖြည့်ခိုင်းတာရှိတယ်။ အချက်အလက်တွေ လုပ်တာပေါ့။ အဲဒီ အချက်အလက်တွေအရ ဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး ပြန်မဲ့သူဦးရေ ၂၀၀၀၀ ကျော် လောက်ရှိတယ်။ တချို့လည်း လေယာဉ်နဲ့ပြန်ဖို့ အဆိုပြုတာရှိတယ်။ လေယာဉ်နဲ့ ပြန်မဲ့သူတွေကို သက်ဆိုင်ရာ အလုပ်သမားသံအရာရှိရုံးကနေ ထောက်ခံချက်ပေးမယ်ဆိုရင် သံအမတ်ကြီး



မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်

ကနေ ချိတ်ဆက်ဆောင်ရွက်ပေးမယ်လို့ ညွှန်ကြားထားတာရှိပါတယ်။ နယ်စပ်ကနေ ပြန်မယ်ဆိုရင်တော့ ခွင့်ပြုထားတဲ့ နယ်စပ်ဝင်ပေါက်တွေကနေ ပြန်လို့ရအောင် စီစဉ်ဆောင်ရွက်ပေးထားတယ်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အချင်းချင်းလည်း ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

**မေး။ ။ လက်ရှိမှာပြန်လည်ဝင်ရောက်ဖို့ အခက်အခဲလေးတွေရှိတယ်လို့ သိရပါတယ်။ အခြေအနေကိုလည်း သိချင်ပါတယ်။**

**ဖြေ။** ။ ပြီးခဲ့တဲ့ ၄/၅ ရက်လောက်က ထိုင်းနိုင်ငံမှာ အရေးပေါ်ကြေညာချက် ထပ်ပြီး ရက်တိုးသွားတယ်။ ၃၁-၅-၂၀၂၀ အထိ ရက်တိုးလိုက်တယ်။ အဲဒီမှာ အဓိက အချက်လေးချက်ပါတယ်။ လေးချက်ထဲမှာမှ မြန်မာရွှေ့ပြောင်းလုပ်သားတွေ ခရီးသွားလာတာနဲ့ ပတ်သက်ပြီးတော့ ကန့်သတ်ချက်နှစ်ခုရှိပါတယ်။ တစ်ချက်က ထိုင်းနိုင်ငံအတွင်းမှာ ခရိုင်တစ်ခုနဲ့တစ်ခု ဖြတ်သန်းသွားလာခွင့် မပြုထားဘူး။ ခရီးသွားမယ်ဆိုရင် ခရိုင်လေးခုလောက် ဖြတ်လာရတာ။ ဖြတ်သန်းသွားလာခွင့်က ခွင့်ပြုချက်မရှိဘူး ဖြစ်နေတယ်။ ခရိုင်အသီးသီးမှာ ည ၁၀ နာရီနဲ့ နံနက် ၄ နာရီကြား ညမထွက်ရအမိန့် ထုတ်ထားတာရှိတယ်။ ဒါက ကန့်သတ်ချက်ဖြစ်နေတယ်။ ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့လည်း ထိုင်းနိုင်ငံက ထုတ်ပြန်တဲ့ အမိန့်ညွှန်ကြားချက်တွေကို လိုက်နာဖို့တာဝန်ရှိတယ်။ ခရီးသွားလာခွင့်ရရှိအောင် ဆောင်ရွက်ဆဲကာလအတွင်းမှာ မိမိတို့ရောက်ရှိတဲ့နေရာမှာ စိတ်ရှည်သည်းခံစွာနဲ့ ထိုင်းနိုင်ငံက ထုတ်ပြန်ထားတဲ့ ကျန်းမာရေးဆိုင်ရာ အချက်တွေကို လိုက်နာဖို့ တိုက်တွန်းထားတာရှိပါတယ်။ ခရီးသွားလာခွင့်ရအောင် စောင့်ရဦးမှာ ဖြစ်ပါတယ်။ မြန်မာရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်လာနိုင်ဖို့ ခရီးသွားလာခွင့် မရရှိသေးတာကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဆက်ပြီး ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး ဒေသမှာရှိတဲ့ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို သိချင်ပါတယ်။**

**ဖြေ။** ။ ခရိုင်အဆင့် ဌာနဆိုင်ရာတွေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေပါတယ်။ တပ်မတော်ဘက်ကလည်း ကူညီဆောင်ရွက်ပေးနေပါတယ်။ တပ်မတော် (ကြည်း၊ ရေ၊ လေ)က စောင်၊ခြင်ထောင်၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ အခင်း (အိပ်ရာလိပ်)အစုံ ၁၀၀၀ ပထမအသုတ်ကတည်းက လှူဒါန်းပေးထားပါတယ်။ ညလုံခြုံရေးလှည့်ကင်းမှာလည်း ပူးပေါင်းဆောင်ရွက်ပေးပါတယ်။ အဖွဲ့အစည်းပိုင်းကဆိုရင် UN Agencies တွေလည်း ပါဝင်ပါတယ်။ IOM နဲ့ WFP တို့ကတော့ Focal အနေနဲ့ ပါဝင်ဆောင်ရွက်ပေးပါတယ်။ IOM ကတော့ အဝတ်လျှော်စက်၊ အိပ်ရာလိပ်၊ တစ်ကိုယ်ရေသုံးပစ္စည်း ၊ သန့်စင်ခန်း စတာတွေ စီစဉ်ပေးပါတယ်။ WFP ကတော့ BCF Zone မှာ နေ့လယ်စာနဲ့ Quarantine Centre တွေမှာ နံနက်စောစောနံနက်စာ၊ ညနေစာတွေကို Food Box တွေနဲ့ ဖြန့်ဝေပေးပါတယ်။ NGO အဖွဲ့အစည်းတွေပါမယ်။ NGOs တွေနဲ့ ဒေသခံဆရာဝန်တွေ၊ လုပ်ငန်းရှင်တွေနဲ့ ဒေသခံတွေအားလုံးကလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအထဲက KNU နဲ့ DKBA တို့ကလည်း Quarantine Centre တွေမှာ လုံခြုံရေးနဲ့ အုပ်ချုပ်မှု၊ ထောက်ပံ့မှုဆိုင်ရာကိစ္စတွေမှာ အပြင်စည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါတယ်။

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး စတင်ဆောင်ရွက်ကတည်းက အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြပါတယ်။ နိုင်ငံတော်ကလည်း ပါဝင်ဖို့ ဖိတ်ခေါ်ထားပါတယ်။ အဓိက အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒီမှာလည်း ဆောင်ရွက်နိုင်အောင်က တစ်ပိုင်း၊ ဧရိယာအသီးသီးမှာလည်း ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး လုပ်နေတဲ့ လုပ်ငန်းစဉ်တွေအားလုံးက သိရှိနားလည်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပြီး ဝိုင်းထိန်းရမယ့် အခြေအနေဖြစ်တော့ ကျွန်တော်တို့ဆီမှာတော့ အားလုံးပါဝင် ဆောင်ရွက်ကြတယ်။ နယ်ခြားစောင့်တပ်ဖွဲ့ BGF ကတော့ ကဏ္ဍတိုင်းမှာ အကြားအလပ်မရှိရအောင် နေ့နေ့ညည လူအား၊ ပစ္စည်းအားနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-တေဇာ**

## ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ် စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ထောက်ပံ့ခဲ့

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မြို့မနှစ်ခြင်း IDP စခန်းနှင့် လော်ဝေါ်နှစ်ခြင်း IDP စခန်းများသို့ သွားရောက်၍ လက်ဆေးစင်သုံးခု၊ Infrared Thermometer နှစ်ခုနှင့် ဗီနိုင်းနှစ်ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ထို့အတူ ဧပြီ ၃၀ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မူရင်းနှစ်ခြင်း IDP စခန်း၊ လော်ဝေါ်အေဂျီ IDP စခန်းနှင့် လီဆူနှစ်ခြင်း IDP စခန်းများသို့ သွားရောက်၍ လက်ဆေးစင်သုံးခု၊ Infrared Thermometer သုံးခု၊ ဗီနိုင်းနှစ်ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ အေးလင်းမြတ်ရှင် IDPစခန်းနှင့် မြတ်ပန်းဝတ်မှုံ IDP စခန်းများသို့ သွားရောက်၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်တို့ရှိ ကာလိုင်(၁) IDPစခန်း၊ ကာလိုင်(၂) IDP စခန်း၊ ရပ်ကွက်(၃) IDP စခန်း၊ ဂျော်(၁) IDP စခန်း၊ဂျော်(၂) IDP စခန်းနှင့် စိန့်သောမတ် IDP စခန်းများသို့ သွားရောက်၍ လက်ဆေးစင်ခြောက်ခု၊ Infrared Thermometer ခြောက်ခုတို့ကို ထောက်ပံ့ခဲ့သည်။

### အသိပေးလုပ်ငန်းများဆောင်ရွက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကြိုတင် သတိပြုရမည့် မုန်တိုင်းဖြစ်ပေါ်နိုင်မှု အခြေအနေ

**— — — ကျော်လွင်ဦး(မိုး/ဇလ) — — —**

နိဒါန်း

**၂၀၂၀ ပြည့်နှစ်ရဲ့ နွေကာလအလွန် မိုးကြိုကာလတွေမှာ အနောက်ဘက်က သမပိုင်း မိုးလေဝသအခြေအနေများ စိုးမိုးနေမှုနဲ့အတူ မိုးလေဝသအခြေအနေ အပြောင်းအလဲများ ဖြစ်ပေါ်စေတတ်တဲ့ ဘင်္ဂလားပင်လယ်အော်ရဲ့ မုန်တိုင်းဆင်မယ့် အရိပ်အယောင်ပြပုံရိပ်များကို ဧပြီလ ဒုတိယ ဆယ်ရက်ပတ်အကုန်မှာ နေ့စဉ် တွေ့ရှိလာခဲ့ပါတယ်။ ဒီကာလမှာ ဖြစ်တတ်တဲ့ လေထုသဘာဝဘေးဖြစ်စဉ်တွေထဲမှ ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများရဲ့ ယေဘုယျစရိုက်လက္ခဏာများနဲ့ မုန်တိုင်းဖြစ်ပေါ်နိုင်မှုဆိုင်ရာ တွေ့ရှိချက် အခြေအနေများကို ဆွေးနွေးတင်ပြလိုက်ပါတယ်။**

## ဘင်္ဂလားပင်လယ်အော် မုန်တိုင်းများရဲ့ ယေဘုယျ စရိုက်လက္ခဏာများ

ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများက ဧပြီလ၊ မေလနဲ့ အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ အဖြစ်များကြပါတယ်။ အထူးသဖြင့် ရာသီအစ ဧပြီလ၊ မေလ မုန်တိုင်းများဖြစ်ခဲ့ရင် စွမ်းအင်အလွန်များလို့ အင်အားပြင်းထန်တတ်ပါတယ်။ ဒါပေမယ့် မုန်တိုင်းများရဲ့ စရိုက်၊ လက္ခဏာတွေက တစ်ခုနဲ့တစ်ခု မတူတာတွေ အများကြီးရှိသလို တူတာတွေလည်း များပါတယ်။ ဆိုင်ကလုန်း၊ တိုင်ဖွန်း၊ ဟာရီကိန်းလို့ အမည်နာမတွေ မတူပေမယ့် အဖျက်စွမ်းအားပေးတာကတော့ အတူတူ ဖြစ်ပါတယ်။ မုန်တိုင်းတွေ စတင်ဖြစ်ပေါ်တဲ့ နေရာကတော့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့တောင်ပိုင်းမှာ အဖြစ်များပါတယ်။ စတင် ဖြစ်ပေါ်ဖို့ကတော့ ပူနွေးတဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်၊ လေထုအောက်ပိုင်း လေဝဲဖြစ်ပေါ်မှု၊ မုန်တိုင်းစတင်ဖြစ်မယ့် နေရာအနီး လေထုအထက်၊ အောက်လေအလျဉ် ရွဲ့စောင်းမှု အနည်းအများ၊ လေထုအလယ်ပိုင်း ရေငွေ့အလုံအလောက်ရှိနေမှု၊ လေထုမတည်ငြိမ်မှု အခြေအနေများက အဓိကအချက်များ ဖြစ်ပါတယ်။ သတင်းနည်းပညာခေတ်ရဲ့ တိုးတက်လာမှုနဲ့အတူ မုန်တိုင်း စဖြစ်လာနိုင်မယ့် လေဖိအားနည်းရပ်ဝန်းတစ်ခုကို မိုဘိုင်းဖုန်းတွေမှာ တောင် ၅ ရက်မှ ၁၀ ရက်လောက် ကြိုတင်ပြီး ရနေတဲ့ အခြေအနေဖြစ်ပါတယ်။

မုန်တိုင်းတစ်လုံးစီတိုင်းမှာ စရိုက်သဘာဝ တစ်မျိုးစီ ရှိတတ်ကြလို့ မုန်တိုင်းခန့်မှန်းသူတွေအနေနဲ့ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်မှုကို သင်္ချာပုံစံတွက်ချက်မှုတွေနဲ့အတူ လေထု၊ ရေထုအခြေအနေများ ဘက်စုံစောင့်ကြည့်သုံးသပ်ခြင်း၊ မုန်တိုင်းငယ်ဖြစ်လာပြီဆိုရင် အင်အားအဆင့်ကို ဂြိုဟ်တုတိမ်ပုံနဲ့ အခြေခံသတ်မှတ်ထားတဲ့ Dvorak Technique နဲ့အတူ တိမ်စုဖွဲ့မှု ပုံစံအလိုက် မုန်တိုင်းငယ် T-Number (၁ ဒသမ ၅) မှ မုန်တိုင်းကြီး T-Number (၈ ဒသမ ၀) အထိ အဆင့်ဆင့် အကဲဖြတ်လျက် မုန်တိုင်းအင်အားကို သတ်မှတ်ကြပါတယ်။ တိုင်းထွာချက် နည်းပါးတဲ့ ပင်လယ်ပြင်မှာ မုန်တိုင်းအဆင့် အင်အားကို T-Number နဲ့ ဆုံးဖြတ်တာ အလွန်အသုံးဝင်ပြီး မုန်တိုင်း အဆောက်အဦ ကမ်းခြေနား ရောက်ရှိလာပါက မုန်တိုင်းရေဒါများ၊ မိုးလေဝသစခန်းမှ တိုင်းထွာတဲ့လေထုဖိအားနဲ့ မြေပြင်တိုက်လေလာတဲ့ အရပ်၊ လေတိုက်နှုန်းတို့ဟာ အလွန်ပဲ အရေးပါတဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။ မုန်တိုင်းတွေရဲ့ အင်အားကောင်းမှု အခြေအနေများကတော့ အလွန်ရှုပ်ထွေးတဲ့ လေထုရူပဗေဒဆိုင်ရာ ဖြစ်စဉ်တွေ ပါဝင်နေပြီး အဓိကအနေနဲ့ ရေခိုးရေငွေ့ ရရှိမှုနဲ့ လေထုအထက်၊ အောက်လေအလျဉ် ပြောင်းလဲမှု အနည်း၊ အများတို့က အရေးပါကြောင်း တွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ မုန်တိုင်းတွေက ဘယ်လိုနေရာတွေကို ဝင်ရောက်သလဲဆိုပါက လေစုဆုံမှုများတဲ့ ဒေသတွေ၊ လေထုမတည်ငြိမ်မှုများတဲ့ ဒေသတွေ၊ လေထုဖိအားကျဆင်းတဲ့ ဒေသတွေကို ဝင်ရောက်ပါတယ်။ ကမ်းရိုးတန်း မိုးလေဝသစခန်းတွေရဲ့ နာရီအလိုက် လေထုဖိအား ပြောင်းလဲနှုန်းကို ကြည့်ရင် သိသာစွာ တွေ့ရပါတယ်။ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းတွေဝင်ခါနီးမှာ ရုတ်တရက် အင်အားကောင်းလာခြင်း ရှိ မရှိကို မုန်တိုင်းခန့်မှန်းသူတွေ စောင့်ကြည့်ရမယ့် အရေးကြီးတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။ ကမ်းခြေဝင်ခါနီးမှ ရုတ်တရက် အင်အားကောင်းလာတာကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ဂီရိမုန်တိုင်းကြီးမှာ ကြုံတွေ့ခဲ့ရပြီး Cyclone Rapid intensification (RI) ဖြစ်စဉ်ကို သုတေသီတို့ အလေးထားလာကြတာ တွေ့ရပါတယ်။ မုန်တိုင်းတွေဟာ ကုန်းတွင်းဝင်ရောက်ပြီးနောက် (၂၄)နာရီအတွင်း အားပျော့သွားတတ်ပေမယ့် ကမ်းခြေဝင်ရောက်ချိန် အင်အားကြီးမားပါက ကုန်းတွင်းမုန်တိုင်းအဖြစ် နှစ်ရက်မှ သုံးရက်ခန့်ရှိနေပြီးမှ အားပျော့သွားလေ့ရှိပါတယ်။

## မုန်တိုင်းများကြောင့် ဒေသအလိုက် ယေဘုယျ ဘေးကျရောက်နိုင်မှု

ပထဝီဝင်အနေအထားကြောင့် ယပ်တောင်ပုံစံ ရှိနေတဲ့ ဘင်္ဂလားပင်လယ်အော်မှာဖြစ်တဲ့ မုန်တိုင်းတွေဟာ သက်တမ်းကြာရှည်ခွင့် မရပါဘူး။ မြောက်ဘက်ရောက်လေ ရေပြင်ဧရိယာ ကျဉ်းသွားပြီး ရေငွေ့စွမ်းအင် အလုံအလောက်မရတော့လို့ ကမ်းခြေကို ဝင်ရောက်တဲ့အခါ အဓိကအားဖြင့် မိုးသည်းထန်ခြင်း (Torrential Rain)၊ ပြင်းထန်တဲ့ လေပြင်းများ(Violent Wind) တိုက်ခတ်ခြင်းနဲ့ ကမ်းရိုးတန်း ဒေသတွေမှာ မုန်တိုင်းဒီရေ (Storm Surge) တက်ရောက်ပါတယ်။ အားကောင်းတဲ့ မုန်တိုင်းကြီး ကမ်းခြေနားမှာ ရောက်လာရင် အလွန်အားကောင်းတဲ့ မိုးတိမ်တောင်ကြီးများ လျင်မြန်စွာ ရွေ့လျားတာကြောင့် မိုးသက်လေပြင်းများ မကြာခဏ ကျရောက်တာ၊ ပင်လယ်ပြင်မှာ လှိုင်းအလွန်ကြီးတာ၊ လေဆင်နှာမောင်း တိုက်ခတ်တာ၊ စိုက်ဆင်းလေပြင်း တိုက်ခတ်တာမျိုးတွေ ဖြစ်ပါတယ်။ မုန်တိုင်းဒီရေဝင်ရောက်မှုကတော့ မုန်တိုင်း ဖြတ်ကျော်တဲ့ ဒေသအတွင်းမှာကြုံတွေ့ရပြီး ပင်လယ်ဒီရေကြွရက်များနဲ့ တိုက်ဆိုင်ပါက မုန်တိုင်းဒီရေအမြင့် ပိုလေ့ရှိပါတယ်။ ၂၄ နာရီအတွင်း မိုးရေချိန် ၁၀ လက်မနဲ့ အထက် မိုးကြီးသည်းထန်နိုင်တာ၊ တစ်နာရီ မိုင် ၁၀၀ ခန့် ပြင်းထန်တဲ့ လေပြင်းကျရောက်မှုတွေကိုလည်း ဒေသအလိုက် ကြုံတွေ့ရနိုင်ပြီး ရုတ်တရက် ရေကြီးခြင်း၊ မြေပြိုခြင်းဘေးများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှာ ကြုံတွေ့ရလေ့ရှိပါတယ်။


**“မြန်မာ့မိုးလေဝသအခြေအနေက ဘင်္ဂလားပင်လယ်အော်မှာ တစ်ခုခု ထူးခြားမှုရှိတာနဲ့ ပြောင်းလဲသွားတတ်လို့ နေ့စဉ် မိုးလေဝသခန့်မှန်းချက်တွေမှာ ဘင်္ဂလားပင်လယ်အော် အခြေအနေကို ပထမဆုံးကြေညာပေးနေရတာ ဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်လာခဲ့ရင် အဝါရောင် မုန်တိုင်းသတင်း၊ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဦးတည်လာရင်တော့ လိမ္မော်ရောင်မုန်တိုင်း သတိပေးချက်အဆင့်နဲ့ ထုတ်ပြန်ပေးပါတယ်”**

## ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်နေ့ မိုးလေဝသ အခြေအနေများနဲ့ မုန်တိုင်းဖြစ်နိုင်ခြေ


ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကိုယ်စား၊ ဘင်္ဂလားပင်လယ်အော် နိုင်ငံများအတွက် မုန်တိုင်းဆိုင်ရာ ခန့်မှန်းချက်၊ သတင်း၊ အကြံပြုချက်များ ပေးပို့ထုတ်ပြန်ပေးနေတဲ့ အိန္ဒိယနိုင်ငံ မိုးလေဝသဌာနရဲ့ ဧပြီလ ၂၉ ရက်နေ့ နေ့လယ် ၁၂ နာရီခွဲအချိန် ထုတ်ပြန်တဲ့ ဒေသဆိုင်ရာ မိုးလေဝသ ခန့်မှန်းချက်မှာတော့ ဧပြီလ ၃၀ ရက်နေ့လောက်မှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပြီး နောက်နှစ်ရက်လောက်မှာ မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်ကြောင်း၊ နောက် ၂၄ နာရီအတွင်း အားကောင်းတဲ့မုန်တိုင်းငယ်ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထုတ်ပြန်ထားပါတယ်။

## မုန်တိုင်း သတင်း၊ သတိပေးချက်များ

မြန်မာ့မိုးလေဝသအခြေအနေက ဘင်္ဂလားပင်လယ်အော်မှာ တစ်ခုခု ထူးခြားမှုရှိတာနဲ့ ပြောင်းလဲသွားတတ်လို့ နေ့စဉ် မိုးလေဝသခန့်မှန်းချက်တွေမှာ ဘင်္ဂလားပင်လယ်အော်အခြေအနေကို ပထမဆုံး ကြေညာပေးနေရတာ ဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်လာခဲ့ရင် အဝါရောင် မုန်တိုင်းသတင်း၊ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဦးတည်လာရင်တော့ လိမ္မော်ရောင်မုန်တိုင်း သတိပေးချက်အဆင့်နဲ့ ထုတ်ပြန်ပေးပါတယ်။ မုန်တိုင်းကမ်းခြေကို မဖြတ်ကျော်မီ ၁၂ နာရီမှာ အနီရောင် သတိပေးချက်နဲ့ မုန်တိုင်းကမ်းဖြတ်နေချိန်မှာ အညိုရောင် သတိပေးချက်များ ထုတ်ပြန်ပေးပါတယ်။ မုန်တိုင်းအန္တရာယ် ကင်းရှင်းသွားချိန်မှာတော့ အစိမ်းရောင်အဆင့်နဲ့ သတင်းများ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ဂီရိမုန်တိုင်းမှာတော့ အဝါ၊ လိမ္မော်၊ အနီ၊ အညို၊ အစိမ်းရောင် သတိပေးချက်များနဲ့ မုန်တိုင်း ကြိုတင်သတိပေးစနစ် အောင်မြင်ခဲ့တာ တွေ့ရပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ၂၀၂၀ မေလဆန်းမှာ မုန်တိုင်းဖြစ်ပေါ်ခဲ့ပါက မြန်မာ့ကမ်းရိုးတန်းဆီကို ဦးတည်ခဲ့ရင်လည်း ယခင်အတွေ့အကြုံကောင်းများကို ပေါင်းစပ်၍ ဒေသတွင်း မိုးလေဝသဗဟိုဌာနများရဲ့ သတင်းအချက်အလက်များ၊ ခန့်မှန်းချက်များ၊ မြေပြင်မိုးလေဝသ တိုင်းထွာချက်များ၊ သတင်းအချက်အလက်များနဲ့အတူ မုန်တိုင်းသတင်း၊ သတိပေးချက်များ ဆက်တိုက်ထုတ်ပြန်ပေးသွားဦးမှာ ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြလိုက်ပါတယ်။ ။




– European Center for Medium Range Weather Forecast (ECMWF) Model ၏ ခန့်မှန်းချက်တွင် (၆-၅-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန်ညနေ(၀၆: ၃၀) နာရီအချိန်၌ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသကို မုန်တိုင်းငယ် အဆင့်ဖြင့် ဖြတ်ကျော် နိုင်ကြောင်း တွေ့ရပါသည်။




– NAVGEM (Navy Global Environ-mental Model)၏ ခန့်မှန်းချက်တွင် (၇-၅-၂၀၂၀) ရက်နေ့၌ ဆိုင်ကလုန်းမုန်တိုင်း အဆင့်ဖြင့် ရခိုင် ကမ်းရိုးတန်း မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ် ကမ်းခြေ ကြားသို့ ဝင်ရောက်နိုင်ကြောင်း တွေ့ရပါသည်။

*စာမျက်နှာ ၄ မှ*
အလှူရှင်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပေါ်တွင် မှီခို၍ ဆောင်ရွက်ရပါကြောင်း၊ ရေရှည်တွင် အစဉ်မပြတ် ပံ့ပိုးပေးနိုင်ခြင်းမရှိပါကြောင်း၊ ထိုသို့ ရေရှည်ပံ့ပိုးနိုင်ခြင်းမရှိသည့်အတွက် အခက်အခဲများ ဖြစ်ပေါ်လာပါကြောင်း။

အခက်အခဲများ ဖြစ်ပေါ်လာသည့်အခါ၌ အရေးကြီးသည့် လိုအပ်ချက်များကို ဝင်ရောက်ဖြည့်ဆည်းပေးသည့် Volunteer များကို နိုင်ငံတော်အနေဖြင့် မည်သို့ကူညီနိုင်မည်၊ COVID-19 အတွက် ဆေးရုံဆေးခန်းများတွင် သွားရောက်လုပ်ကိုင်ကြသည့် Volunteer များ ပြန်လာသည့်အခါ ရပ်ကွက်က လက်မခံသည့် အခြေအနေများ ရှိပါကြောင်း၊ ၎င်းတို့အနားရနိုင်ရန်အတွက်လည်း မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို အခြေအနေများအပေါ်တွင် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ ထိုကိစ္စအပေါ်တွင် တချို့ဝေဖန်သူများကိုလည်း တစ်ခါတည်း ပြောချင်ပါကြောင်း၊ National Volunteer Corps ဆိုသည်မှာ နိုင်ငံ၏ ထူးခြားသည့် ဝိသေသဖြစ်ပါကြောင်း၊ ကျန်သည့် CSO များနှင့်လည်း မသက်ဆိုင်ပါကြောင်း၊ CSO များသည်သူ့အလုပ်သူလုပ်ကြပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မည်သို့မျှ မပြောလိုပါကြောင်း၊ အခုကမှာ ပြည်သူလူထုအတွက် အရေးကြုံလာသည့်အခါတွင် ပံ့ပိုးကူညီသူများ များစွာရှိပါကြောင်း၊ သူ့နည်းသူ့ဟန်ဖြင့် ပံ့ပိုးကြပါကြောင်း၊ မည်သည့်အဖွဲ့အစည်းကမှ မဟုတ်ဘဲ လူစု၍ ဆောင်ရွက်ရာတွင် တချို့အစုအဖွဲ့များက စနစ်တကျ ဆောင်ရွက်နိုင်ပါကြောင်း၊ တချို့တွင် အတွေ့အကြုံမရှိပါကြောင်း၊ လုပ်ကိုင်ချင်သည့်စိတ်၊ စေတနာနှင့် လုပ်အားရှိပါကြောင်း၊ သို့သော် စနစ်တကျမဖြစ်သည့်အခါတွင် အဆင်မပြေမှုများရှိပါကြောင်း၊ အစိုးရဌာနများနှင့် ဆက်သွယ်သည့်အခါတွင်လည်း မည်သို့လုပ်ဆောင်ရမည်ကို နားမလည်သူများရှိပါကြောင်း၊ နားလည်သည့်အဖွဲ့များက အဆင်ပြေပါကြောင်း၊ ထိုအခါမျိုးတွင် မိမိတို့အနေဖြင့် Capicity မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ စနစ်တကျဖြစ်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် National Volunteer Corps ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း သက်ဆိုင်သည့် ဝန်ကြီးဌာနများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားသည်များ ရှိပါကြောင်း၊ အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း Volunteer များကို အားကိုးရမည်ဖြစ်ပါကြောင်း။

မိမိတို့သိရှိထားသည်မှာ EAOs အပိုင်းအနေဖြင့် ယခင်ရက်ပိုင်းက အစည်းအဝေးပြုလုပ်ပါကြောင်း၊ ယင်းသို့ အစည်းအဝေးဆောင်ရွက်၍ မိမိတို့ အဆိုပြုထားသည့် Option-1 အနေဖြင့် ရန်ကုန်တွင်ရှိသည့် EAO အဖွဲ့ငယ်နှင့် တွေ့ဆုံ၍ တစ်ရက်နားမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ၎င်းတို့အဖွဲ့အချင်းချင်း Video Conferencing စနစ်ဖြင့် ပြန်လည်ဆွေးနွေးပါကြောင်း၊ မိမိတို့အနေဖြင့်လည်း အစိုးရပိုင်း၊ လွှတ်တော်၊ တပ်မတော် ဆွေးနွေးပါကြောင်း၊ နောက်ရက်တွင် အလုပ်အဖွဲ့ငယ် ပြန်ထိုင်ပါကြောင်း၊ ယင်းသို့ ပြန်ထိုင်သည့်အပေါ်တွင်လည်း ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃) ချုပ်ဆိုမည့်အပိုင်း၌ (၃)ပိုင်း ပိုင်းထားပါကြောင်း၊ ကိုဗစ်-၁၉ မတိုင်မီက သဘောတူညီချက်ရရှိထားခြင်းများ ရှိပါကြောင်း၊ တချို့မှာ နှစ်ဖက်ညှိနှိုင်းရမည့်အပိုင်းများရှိပါကြောင်း၊ ယင်းအတွက်လည်း အဆိုပြုချက်များ လုပ်ဆောင်ထားပါကြောင်း။

သို့ဖြစ်၍ လာမည့် မေလဆန်းတွင် Option-1 အနေဖြင့် အလုပ်အဖွဲ့ငယ် တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ၎င်းတို့အဖွဲ့အချင်းချင်း ပြန်လည်ဆွေးနွေးညှိနှိုင်း၍ ရရှိလာမည့် ဘုံသဘောထားရပ်တည်ချက်ကို ရယူပြီး မိမိတို့နှင့် တွေ့ဆုံမည့်အစီအစဉ် ဖြစ်ပါကြောင်း၊ Option-2 အနေဖြင့်လည်း ယခုကဲ့သို့ Online video conferencing စနစ်ဖြင့် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါကြောင်း၊ ယခုကာလတွင် ၎င်းတို့အချင်းချင်း video conferencing စနစ်ဖြင့် ဆွေးနွေးနေပါကြောင်း၊ အစိုးရအပိုင်းတွင်လည်း video




conferencing စနစ်များ ပြုလုပ်နေသည့်အတွက် အတွေ့အကြုံ အားလုံးတွင်ရှိနေပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ကိုဗစ်-၁၉ ဖြစ်နေသော်လည်း မရပ်တန့်စေရန် မူလအချိန်ဇယားအတိုင်း သွားရန်ရှိပါကြောင်း၊ ယခုအချိန်ထိ ၎င်းတို့အနေဖြင့် မည်သည့်နည်းလမ်းသွားမည်ဆိုသည်ကို အဆိုပြုချက် မလာသေးပါကြောင်း။

ချေးငွေဘီလီယံ ၂၀၀ ထုတ်ချေးမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အချို့လုပ်ငန်းများသည် သိန်းထောင်ချီ၍ ချေးငွေတောင်းခံကြပါကြောင်း၊ သို့သော် ချေးငွေရရှိရာတွင် သိန်းရာဂဏန်းမကျော်ကြပါကြောင်း၊ ယင်းကို မယူတော့ဘဲ ပြန်အပ်မည်ဟု တင်ထားကြသည်ကို တွေ့ရပါကြောင်း၊ ယင်းအကြောင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ စုံစမ်းကြည့်ရာတွင် ကိုဗစ်-၁၉ ကြောင့် ထိရောက်မှုရှိသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး သိရှိရသည်မှာ စတင်လျှောက်ထားစဉ်က သက်ဆိုင်ရာ လျှောက်လွှာများ ဖြည့်သွင်းရပါကြောင်း၊ ယင်းတွင် ချေးငွေရယူရာ၌ ပြည့်စုံရမည့် အချက် (၁၀) ချက် ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် အမှန်တကယ်ထိခိုက်မှုရှိသည့် နိုင်ငံသားပိုင်လုပ်ငန်း၊ လက်ရှိလည်ပတ်နေသည့် လုပ်ငန်းသို့မဟုတ် လွန်ခဲ့သည့် သုံးလအတွင်း ယာယီရပ်စဲထားပြီး ချေးငွေရသည်နှင့် ချက်ချင်းစတင်နိုင်သည့်လုပ်ငန်း၊ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ ခွင့်ပြုချက် လိုင်စင်ရရှိထားသည့်လုပ်ငန်း၊ ပြီးခဲ့သည့် နှစ်နှစ်တာအတွင်း နှစ်စဉ်ယင်းလုပ်ငန်းမှ ဝင်ငွေရနေသည့် လုပ်ငန်း၊ ချေးငွေပြန်ဆပ်နိုင်သည့် ခိုင်လုံသည့်လုပ်ငန်း၊ ချေးငွေကို ဝန်ထမ်းနှင့် လုပ်သားများကို လစာပေးရန်နှင့် လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရန်အတွက် အသုံးပြုရန်၊ ကုမ္ပဏီဖြစ်ပါက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားသည့် ကုမ္ပဏီမဖြစ်ခြင်း၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ထားသည့် ကုမ္ပဏီလုပ်ငန်း၊ လူမှုဖူလုံရေး ပုံမှန်ထည့်ဝင်သည့် လုပ်ငန်းနှင့် ကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက လုပ်ငန်းပိုင်ရှင်မှ ပြန်ပေးဆပ်ပါမည်ဆိုသည့် အာမခံချက်ပေးနိုင်ရမည်ဆိုသည့် အချက် (၁၀) ချက်ဖြင့် ကိုက်ညီရန် လိုအပ်ပါကြောင်း။

လျှောက်ထားရာတွင် စိစစ်သည့်အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ ပဏာမစိစစ်ခြင်းနှင့် အသေးစိတ်စိစစ်ခြင်း ဖြစ်ပါကြောင်း၊ ပဏာမစိစစ်ရေးအဖွဲ့တွင် DICA၊ စက်မှုကြီးကြပ်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးစီ၊ UMFCCI မှ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် CEC တစ်ဦး၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် CEC တစ်ဦး၊ စက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် CEC တစ်ဦးပါဝင်သည့် အဖွဲ့ဖြစ်ပါကြောင်း။

ယင်းအဖွဲ့အနေဖြင့် ရန်ကုန်ရှိ UMFCCI ရုံးချုပ်တွင် ချေးငွေလျှောက်လွှာများကို စိစစ်ပါကြောင်း၊ စစ်ဆေးရာတွင် စာရွက်စာတမ်းများ မှန်ကန်စုံလင်မှု ရှိ၊ မရှိ၊ လျှောက်လွှာများတွင် ဖြည့်သွင်းထားသည့် အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိ၊ လျှောက်ထားသူကို ချေးငွေထုတ်ချေးပေးရန် သင့်၊ မသင့် recommend ပေးရပါကြောင်း၊ ယင်းအဖွဲ့အနေဖြင့် recommend ပေးသည်ကို အသေးစိတ်စိစစ်ပြီး နောက်တစ်ဆင့် ဆောင်ရွက်ရပါကြောင်း၊ နောက်တစ်ဆင့်တွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌ၊ UMFCCI ဒုတိယဥက္ကဋ္ဌ (သို့မဟုတ်) CEC တစ်ဦးပါဝင်ပါကြောင်း၊ ယင်းစိစစ်ရေးအဖွဲ့ကို လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ပေးသည့် အသင်းဝင်များက ဝိုင်းကူပေးပါကြောင်း၊ ယင်းအဖွဲ့အနေဖြင့် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်သင်တန်းကျောင်း၌ စိစစ်ပါကြောင်း၊ စိစစ်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ စိစစ်ခြင်း၊ ခွင့်ပြုပေးသင့်သည့် လျှောက်လွှာများကို စိစစ်ရွေးချယ်ရပါကြောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် ချေးငွေမည်မျှ ခွင့်ပြုပေးသင့်သည်ကို စိစစ်ပါကြောင်း၊ ခွင့်ပြုလျာထားသည့် အမည်စာရင်း၊ ချေးငွေပမာဏကို စိစစ်ပြီး လုပ်ငန်းအဖွဲ့(task force)အဖွဲ့ထံသို့ တင်ပြပါကြောင်း၊ လုပ်ငန်းအဖွဲ့မှတစ်ဆင့် လုပ်ငန်းကော်မတီထံသို့ တင်ပြပြီး ယင်းကော်မတီမှ ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ချေးငွေချေးယူသည့် လုပ်ငန်းစဉ်များကိုလည်း သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ချေးငွေစိစစ်ရေးအဖွဲ့များက ချေးငွေမည်မျှပေးသင့်သည်ကို recommend ပေးရပါကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများက လေ့လာသုံးသပ်ပြီး တင်ပြလာသည်ကို ကော်မတီဝင်များ သိရှိပြီးသည်နှင့် နိုင်ငံတော်အနေဖြင့် ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း၊ ချေးငွေအငြင်းပွားမှုများအနေဖြင့် မူလပြည့်စုံရမည့် အချက်(၁၀)ချက်အပေါ်တွင် ညီညွတ်ခြင်း ရှိ၊ မရှိ အပေါ်၌လည်း မူတည်ပါကြောင်း၊ ချေးငွေထုတ်ချေးပေးခြင်းနှင့်စပ်လျဉ်း၍ ပဏာမစိစစ်သည့်အဖွဲ့နှင့် အသေးစိတ်စိစစ်သည့်အဖွဲ့များ၏ တွေ့ရှိချက်အပေါ်တွင် မူတည်သည်ဟု ရှင်းလင်းဖြေကြားပြီး သတင်းမီဒီယာများ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

မျိုးမြင့်၊ ဟန်လင်းနိုင်၊ မျိုးသူဟိန်း

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၂၈၁ | ၁၅၁ |

| ပြန်လည်သက်သာလာသူ | သေဆုံးသူ |
|---|---|
| ၃၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၁၆၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၂၇ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၇ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၅၁ | ၆ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁-၅-၂၀၂၀ ရက် ည (၈း၀၀) နာရီ

## ၁-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၀၀၆၀၈ | ၁၅၆၀၈၉ | ၆၄၀၂၂ |
| ၂။ | စပိန် | ၂၃၉၆၃၉ | ၁၃၇၉၈၄ | ၂၄၈၂၄ |
| ၃။ | အီတလီ | ၂၀၅၄၆၃ | ၇၅၉၄၅ | ၂၇၉၆၇ |
| ၄။ | အင်္ဂလန် | ၁၇၁၂၅၃ | စိစစ်ဆဲ | ၂၆၇၇၁ |
| ၅။ | ပြင်သစ် | ၁၆၇၁၇၈ | ၄၉၄၇၆ | ၂၄၃၇၆ |
| ၆။ | ဂျာမနီ | ၁၆၃၃၃၁ | ၁၂၆၉၀၀ | ၆၆၃၂ |
| ၇။ | တူရကီ | ၁၂၀၂၀၄ | ၄၈၈၈၆ | ၃၁၇၄ |
| ၈။ | ရုရှား | ၁၁၄၄၃၁ | ၁၃၂၂၀ | ၁၁၆၉ |
| ၉။ | အီရန် | ၉၅၆၄၆ | ၇၆၃၁၈ | ၆၀၉၁ |
| ၁၀။ | တရုတ် | ၈၂၈၇၄ | ၇၇၆၄၂ | ၄၆၃၃ |

# မေတ္တာ၊ စာဂ၊ ဝီရိယဖြင့် ပြည်ကျိုးဆောင်အဖွဲ့

**မိမိုးအေး (ဘားအံတက္ကသိုလ်)**

**ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ 'အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့' ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ အဖွဲ့ ဖွဲ့ရတဲ့အကြောင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က 'COVID တိုက်ပွဲကြီးမှာ အရေးပါတဲ့ကဏ္ဍက ပါဝင်နေတဲ့ စေတနာ့ဝန်ထမ်းတွေရဲ့ အင်အားတွေကို နိုင်ငံတော်အတွက် စနစ်တကျသုံးနိုင်အောင် အဖွဲ့ ဖွဲ့ဖို့စီစဉ်နေပြီး ဒီအဖွဲ့အတွက် ဆောင်ပုဒ်ကိုလည်း 'မေတ္တာ၊ စာဂ၊ ဝီရိယ' လို့ သုံးစွဲပါမယ်လို့' ပြောကြားခဲ့ပါတယ်။**

ရိုးရှင်းပြီး လှပတဲ့ ဆောင်ပုဒ်လေးပါပဲရှင်။ ဗုဒ္ဓဘာသာအများစုနေထိုင်တဲ့ ကျွန်မတို့နိုင်ငံမှာ ဒီဝေါဟာရတွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ပါတယ်။ စာပေတွေထဲမှာ ဖွင့်ဆိုတဲ့ အဓိပ္ပာယ်အကျယ်ကို မသိရင်တောင်မှ ယေဘုယျအဓိပ္ပာယ်ကိုတော့ အများစုက သိကြပါတယ်။ ပြီးတော့ 'မေတ္တာ၊ စာဂ၊ ဝီရိယ' ဆိုတာ ကျွန်မတို့ရဲ့ ယုံကြည်ကိုးကွယ်ရာဖြစ်တဲ့ မြတ်ဗုဒ္ဓက ဘဝပေါင်းများစွာ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေလည်း ဖြစ်ပါတယ်။

'ပါရမီ' ဆိုတဲ့ ပါဠိဝေါဟာရဲ့ အဓိပ္ပာယ်ကို ကျမ်းဂန်တွေမှာ 'အထွတ်အမြတ်၊ မြတ်သောသူ၏ အဖြစ်' လို့ ဖွင့်ဆိုပါတယ်။ မြင့်မြတ်တဲ့သူတွေရဲ့ အလုပ်၊ မြင့်မြတ်သူတွေ ကျင့်တဲ့ကျင့်စဉ်ဖြစ်တယ်လို့ ဆိုလိုပါတယ်။ တစ်နည်းပြောရရင်တော့ လောကကို ကိုယ့်အတွက် အသုံးမချဘဲ လောကအတွက် ကိုယ့်ကိုယ်ကိုယ် အသုံးချတာပဲ ဖြစ်ပါတယ်။ အခုဒီအဖွဲ့မှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ့်သူတွေကလည်း လောကအတွက် ကိုယ့်ကိုယ်ကိုယ် အသုံးချမယ့်သူတွေပဲ ဖြစ်ပါတယ်။

ဗုဒ္ဓက ဘဝပေါင်းများစွာမှာ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီ (၁၀) ပါး ရှိပါတယ်။ အဲဒါတွေကတော့

(၁) ဒါနပါရမီ = လှူဒါန်းပေးကမ်းစွန့်ကြဲမှုကို ဖြည့်ကျင့်ခြင်း။
(၂) သီလပါရမီ = သီလ စောင့်ထိန်းမှုကို ဖြည့်ကျင့်ခြင်း။
(၃) နေက္ခမ္မပါရမီ = ကာမဂုဏ်မှ ထွက်မြောက်မှုကို ဖြည့်ကျင့်ခြင်း။
(၄) ပညာပါရမီ = ဉာဏ်ပညာ တိုးပွားရင့်ကျက်မှုကို ဖြည့်ကျင့်ခြင်း။
(၅) ဝီရိယပါရမီ = မတွန့်မဆုတ် အားထုတ်သော ဖွဲလုံ့လဖြင့် ကြိုးစားမှုကို ဖြည့်ကျင့်ခြင်း။
(၆) ခန္တီပါရမီ = အသက်မရှိသော သစ်တုံးကဲ့သို့ သည်းခံခွင့်လွှတ်မှုကို ဖြည့်ကျင့်ခြင်း။
(၇) သစ္စာပါရမီ = အမှန်အတိုင်း ပြောဆို၍ ပြောသည့်အတိုင်း လိုက်နာကျင့်သုံးမှုကို ဖြည့်ကျင့်ခြင်း။
(၈) အဓိဋ္ဌာန်ပါရမီ = စိတ်ဆုံးဖြတ်ထားသည့်အတိုင်း ခိုင်မြဲစွာလိုက်နာကျင့်သုံးမှုကို ဖြည့်ကျင့်ခြင်း။
(၉) မေတ္တာပါရမီ = သူတစ်ပါး အကျိုးစီးပွားအတွက် အစဉ်မေတ္တာရှေ့ထား ဆောင်ရွက်မှုကို ဖြည့်ကျင့်ခြင်း။
(၁၀) ဥပေက္ခာပါရမီ = ချစ်ခြင်း မုန်းခြင်းမရှိ ကောင်းဆိုး နှစ်တန်ကို ခံနိုင်ရည်ရှိအောင် ဖြည့်ကျင့်ခြင်း။

ဒီနေရာမှာတော့ 'မေတ္တာ၊ စာဂ၊ ဝီရိယ' တို့အကြောင်းကိုပဲ ကျွန်မသိသလောက် မျှဝေပေးချင်ပါတယ်။

မေတ္တာကို 'ချစ်ခြင်း၊ မြတ်နိုးခြင်း' လို့ ကျွန်မတို့ ရိုးရိုးရှင်းရှင်း သိထားကြပါတယ်။ စာပေတွေထဲမှာတော့ မေတ္တာနဲ့ပတ်သက်ပြီး ဖွင့်ဆိုထားတာ အများကြီး ရှိပါတယ်။ ကျွန်မ နားလည်သလို ပြောရရင် တခြားတစ်ယောက်ရဲ့ အကျိုးစီးပွားကို ဘာမျှော်လင့်ချက်မှမပါဘဲ လုပ်ကိုင်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ မေတ္တာစစ်ရဲ့ သဘောဟာ ကြည်လင်အေးမြတယ်။ ငြိမ်းချမ်းတယ်။ တဏှာပေမ မပါဝင်ဘူး။ ဒေါသရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ နူးညံ့သိမ်မွေ့တဲ့သဘောကို ဆောင်တယ်။

မြတ်ဗုဒ္ဓဟာ မေတ္တာပါရမီကို အထူးဖြည့်ကျင့်ခဲ့တဲ့ မဟာလူသားပဲဖြစ်ပါတယ်။ သတ္တဝါတွေရဲ့ အကျိုးကို လိုလားတဲ့အလျောက် အသက်ကိုမငဲ့ကွက်ဘဲ မေတ္တာနဲ့ ဆောင်ရွက်ပေးခဲ့တာဟာ ဘဝပေါင်းများစွာကပဲ ဖြစ်ပါတယ်။ ပါဠိစာပေများမှာ မေတ္တာနဲ့ အောင်မြင်ခဲ့တဲ့ သာဓကတွေ အများကြီးရှိပါတယ်။ ကမ္ဘာကျော် စစ်ဘုရင်ကြီး အသောကမင်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ မင်းဘဝကနေ ငြိမ်းချမ်းရေးနဲ့ အကြမ်းမဖက်ဝါဒကို ပြောင်းလဲပြီး မေတ္တာနဲ့ ငြိမ်းချမ်းတဲ့နိုင်ငံကို တည်ထောင်ခဲ့သူဖြစ်ပါတယ်။ ကျွန်မတို့ လူသားအချင်းချင်း ငြိမ်းချမ်းစွာ ပေါင်းသင်းဆက်ဆံနိုင်ဖို့ဆိုရင် မေတ္တာဟာ အရေးကြီးဆုံးဖြစ်ပါတယ်။

စာဂဆိုတာကိုတော့ 'စွန့်ခြင်း၊ စွန့်လွှတ်ခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း' ဆိုပြီး အဘိဓာန်တွေမှာ ဖွင့်ဆိုထားကြပါတယ်။ သတ္တဝါတွေရဲ့ ကောင်းကျိုးအတွက် ဗုဒ္ဓဟာ စွန့်လွှတ်မှုတွေအများကြီး ပြုနိုင်ခဲ့သူ ဖြစ်ပါတယ်။ စာပေတွေထဲမှာတော့ 'အင်္ဂါကြီးငယ်ကိုစွန့်ခြင်း၊ သားမယားကိုစွန့်ခြင်း၊ မင်းအဖြစ်ကိုစွန့်ခြင်း၊ မိမိကိုယ် (အသက်) ကိုစွန့်ခြင်း၊ မျက်လုံးကိုစွန့်ခြင်း' ဆိုပြီး ဖော်ပြထားပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို အများအတွက် လှူဒါန်းတာတင်မက ကိုယ့်ရဲ့ခန္ဓာကိုယ်၊ အသက်ဒါတွေကို ဘာမျှော်လင့်ချက်မှမပါဘဲ စွန့်လွှတ်တာဟာ စာဂလို့ ကျွန်မနားလည်ထားပါတယ်။

စာဂနဲ့ပတ်သက်ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တာကိုလည်း ကျွန်မ မှတ်သားထားမိတာရှိပါတယ်။ အဲဒါကတော့ 'ဤကမ္ဘာ၌ ပြည်သူတို့၏ လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ကိုစွန့်လှူရခြင်းထက် ပို၍မွန်မြတ်သောအလုပ်နှင့် ကြီးမြတ်သောဂုဏ်သည် မရှိပြီ' လို့ ပြောခဲ့တာပဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဝီရိယပါ။ 'အားထုတ်ခြင်း၊ လုံ့လ၊ ရဲရင့်ခြင်း' လို့ အဘိဓာန်တွေမှာ ဆိုပါတယ်။ ဘယ်အလုပ်ပဲဖြစ်ဖြစ် အားထုတ်မှုမပါရင် မအောင်မြင်နိုင်ဘူးဆိုတာ အလုပ်လုပ်နေကြတဲ့သူတိုင်း သိကြပါတယ်။ ဗုဒ္ဓဖြည့်ကျင့်ခဲ့တဲ့ ပါရမီထဲမှာ ဝီရိယပါရမီလည်း ပါဝင်ပါတယ်။ ကြိုးစားအားထုတ်တဲ့အခါမှာလည်း မတွန့်မဆုတ်ဘဲ ထက်သန်ပြင်းထန်တဲ့ ဝီရိယ(ဒဠှဝီရိယ) ဖြစ်ရပါမယ်။

ကိုယ့်အတွက် ဆောင်ရွက်တာပဲဖြစ်ဖြစ်၊ အများအတွက် ဆောင်ရွက်တာပဲဖြစ်ဖြစ် ဘာကိုပဲလုပ်လုပ် ဝီရိယစိုက်ထုတ်ပြီး လုပ်ကိုင်ဆောင်ရွက်မှ အောင်မြင်ပြီးမြောက်မှာပါ။ ဘယ်အလုပ်ကိုပဲလုပ်လုပ် အခက်အခဲဆိုတာ ကြုံတွေ့ရမှာပါ။ အဲဒီအခါမျိုးမှာ နောက်ဆုတ်ချင်တဲ့စိတ် မဖြစ်ဖို့လိုပါတယ်။ အရှုံးမပေးချင်တဲ့ စိတ်ဓာတ်ရှိဖို့ အရေးကြီးပါတယ်။ ဝီရိယရဲ့ နောက်မှာတော့ အောင်မြင်မှု အသေအချာရှိနေမှာပါ။ ကံဉာဏ်ဝီရိယမှာ ကံနဲ့ဉာဏ်မှာ တူခဲ့ရင်တောင် ဝီရိယရှိတဲ့သူက သာသွားမှာပဲ ဖြစ်ပါတယ်။

'အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့' ရဲ့ ဆောင်ပုဒ်ဟာ ပြီးပြည့်စုံလှပါတယ်။ ဒီအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ကြမယ့် ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းတွေ၊ အရပ်ဘက်၊ အစိုးရဘက်အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီဟာ အဖွဲ့အစည်းခေါင်းစဉ်တွေ ကွဲပြားနေပေမဲ့ သူတို့တွေရဲ့ ရည်ရွယ်ချက်ကတော့ တစ်ခုတည်းပါပဲ။ အဲဒါကတော့ ဒီရောဂါကပ်ဆိုးကြီးကို ထိခိုက်မှုအနည်းဆုံးနဲ့ ကျော်ဖြတ်သွားနိုင်ဖို့ ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ပေးဖို့ပါပဲ။ ရည်ရွယ်ချက်တူပြီး ဦးတည်ချက်လည်း တူညီကြပါတယ်။

> **"သူတို့ ဆောင်ရွက်လုပ်ကိုင်တဲ့အခါမှာ အခက်အခဲတွေ အများကြီး ရှိနိုင်ပြီး အများကြီးလည်း ရင်ဆိုင်ကြရမှာပါ။ စိတ်ပျက်စရာတွေ၊ စိတ်ဓာတ်ကျစရာတွေ၊ လိုအပ်ချက်တွေ၊ အားနည်းချက်တွေ ဒါတွေကို သူတို့ မဖြစ်မနေ တွေ့ကြုံရင်ဆိုင်ရမှာပါ။ အဲဒီအခါမျိုးမှာ တစ်ယောက်နဲ့တစ်ယောက်၊ အဖွဲ့အစည်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြစ်တင်တာ၊ ဝေဖန်တာမျိုးတွေ မလုပ်ကြဘဲ အဖွဲ့ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ 'မေတ္တာ၊ စာဂ၊ ဝီရိယ' နဲ့ ဆောင်ရွက်ကြရင်ဖြင့် ဒီကပ်ဆိုးကြီးကို ကျွန်မတို့ အတူကျော်ဖြတ်နိုင်မှာပါ"**

သူတို့ဆောင်ရွက်လုပ်ကိုင်တဲ့အခါမှာ အခက်အခဲတွေ အများကြီးရှိနိုင်ပြီး အများကြီးလည်း ရင်ဆိုင်ကြရမှာပါ။ စိတ်ပျက်စရာတွေ၊ စိတ်ဓာတ်ကျစရာတွေ၊ လိုအပ်ချက်တွေ၊ အားနည်းချက်တွေ ဒါတွေကို သူတို့ မဖြစ်မနေ တွေ့ကြုံရင်ဆိုင်ရမှာပါ။ အဲဒီအခါမျိုးမှာ တစ်ယောက်နဲ့တစ်ယောက်၊ အဖွဲ့အစည်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြစ်တင်တာ၊ ဝေဖန်တာမျိုးတွေ မလုပ်ကြဘဲ အဖွဲ့ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ 'မေတ္တာ၊ စာဂ၊ ဝီရိယ' နဲ့ ဆောင်ရွက်ကြရင်ဖြင့် ဒီကပ်ဆိုးကြီးကို ကျွန်မတို့ အတူကျော်ဖြတ်နိုင်မှာပါ။ ဒီလိုဆောင်ရွက်တာဟာ ဗုဒ္ဓရဲ့ ကျင့်စဉ်ကို လက်တွေ့အသုံးချပြီး လုပ်ကိုင်ဆောင်ရွက်ရာလည်း ရောက်စေပါတယ်။

ကျွန်မတို့ ပြည်သူတွေဘက်ကလည်း တာဝန်သိသိနဲ့ ပူးပေါင်းပါဝင်ဖို့ကလည်း အရေးကြီးတဲ့ အချက်ပါပဲ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေ၊ ဒေသန္တရရဲ့ ညွှန်ကြားချက်တွေကို လိုက်နာရပါမယ်။ နောက်တစ်ခုကတော့ အရေးကြီးတယ်လို့ ကျွန်မယူဆတဲ့အချက်ပါ။ ဒီရောဂါဖြစ်နေတာဟာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံတည်း မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတာပါ။ ဒီနေရာမှာ ရောဂါနဲ့ပတ်သက်ပြီး သတင်းတင်တဲ့သူရော၊ ဒီသတင်းကို ပြန်ပြီးမျှဝေတဲ့သူရော သတင်းမှန်၊ မမှန် သတိထားဖို့ အရေးကြီးတယ်ဆိုတာပါပဲ။

ကောလာဟလသတင်းဟာ ပျက်စီးတတ်တယ်ဆိုတာကို ဒုဒ္ဒုဘဇာတ်မှာ တွေ့ရပါတယ်။ ကျွန်မတို့လည်း သိထားတဲ့ အကြောင်းပါပဲ။ ဥသျှစ်သီးကြွေကျတာကို ကမ္ဘာမြေကြီးပြိုပြီအထင်နဲ့ 'မြေပြိုတယ်' လို့ ယုန်ကလေးက ပြောတာကိုကြားပြီး တောတစ်ခုလုံးက တိရစ္ဆာန်တွေ ပြေးလိုက်ကြတာ တောကြီးတစ်ခုလုံး ပျက်စီးခဲ့ရပါတယ်။ သတင်းတစ်ခုရဲ့ ရင်းမြစ်မှန်၊ မမှန်ကို သိအောင်လုပ်ဖို့ လိုပါမယ်။ မမှန်ကန်တဲ့ သတင်း၊ ကောလာဟလသတင်းတွေကြောင့် မလိုလားအပ်တဲ့ အခြေအနေတွေ ဖြစ်သွားနိုင်ပါတယ်။

ကျွန်မတို့အားလုံး ဦးတည်ရာတစ်ခုတည်းကို သွားနေကြတာဖြစ်တဲ့အတွက် အောင်မြင်မှာ သေချာပါတယ်။ ဦးတည်ရာလည်းတူပြီး မေတ္တာထားကြမယ်။ စွန့်လွှတ်အနစ်နာခံကြမယ်။ ဝီရိယထားပြီး ကြိုးစားဆောင်ရွက်ကြရင်ဖြင့် အောင်မြင်မှုဟာ ကျွန်မတို့နဲ့ မဝေးပါဘူး။ ဗုဒ္ဓက 'သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ' ဆိုတာကို လောကုတ္တရာအတွက်ချည်းပဲ မဟုတ်ဘဲ လောကီအတွက်ပါ လမ်းညွှန်ပေးခဲ့ပါတယ်။ ခု ဆောင်ပုဒ်မှာပါတဲ့ အချက်တွေအပြင် ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်ကိုဖြစ်မယ်ဆိုတဲ့ ယုံကြည်မှု 'သဒ္ဓါ'၊ ဘယ်လိုအခြေအနေမျိုးကို ရောက်ရောက် မဖောက်ပြန်တဲ့ ကိုယ်ကျင့်တရား 'သီလ'၊ လိုအပ်လာရင် ကိုယ့်အတွက်ဆိုတာကို ထည့်မတွက်ဘဲ စွန့်လွှတ်နိုင်တဲ့ 'စာဂ'၊ ဘယ်လိုကိစ္စကိုပဲဖြစ်ဖြစ် အမှားအမှန် ပိုင်းခြားဝေဖန်နိုင်တဲ့ 'ပညာ' တွေကိုပါ ထည့်ပြီးဆောင်ရွက်လိုက်ရင် အတိုင်းထက်အလွန်ပါပဲ။

'အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့' မှာ ပါဝင်ပြီး မြင့်မြတ်တဲ့အလုပ်တွေကို ဆောင်ရွက်ကြမယ့်သူအားလုံး၊ အထူးသဖြင့် ဒီဖြစ်စဉ်မှာ ရှေ့တန်းက ပါဝင်ဆောင်ရွက်ပေးနေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ကျေးဇူးတရားတွေကို အစဉ်အောက်မေ့သတိရပြီး အလေးအနက် ဂုဏ်ယူ၊ ဂုဏ်ပြုလိုက်ရပါတယ်ရှင်။ ။

---

**✻ *ကျောဖုံးမှ***

ပြန်ဝင်လာသူများအနက် ပဲခူးတိုင်းဒေသကြီးမှ ၃၀ နှင့် မွန်ပြည်နယ်မှ ကိုးဦးတို့ကို ယနေ့တွင် ၎င်းတို့ဒေသသို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသများ၌ ကန့်သတ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံကြိုဆိုရေးတွင် ကျန်းမာရေးစစ်ဆေးမှုအပါအဝင် အခြားလိုအပ်သည်များအား ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

**❑ *ကျောဖုံးမှ***

အများပြည်သူထံ အရောက်ပို့ပေးခြင်းဖြစ်ကြောင်း၊ ရောဂါကာကွယ်ရေးသည် လူစုလူဝေးရှောင်ကြဉ်ခြင်းမှာ အဓိကဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် လူစုလူဝေးရှောင်ကြဉ်နိုင်ရေးအတွက် ဈေးရောင်းကားများ ထွက်ပေးခြင်းဖြစ်ကြောင်း တောင်ကြီးမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးအေးကိုက ပြောသည်။

အဆိုပါ ဈေးရောင်းကားများတွင် ဟင်းသီးဟင်းရွက်ကား နှစ်စီး၊ ဝက်သား တစ်စီး၊ အမဲသားကား တစ်စီး၊ ဗာလချောင်ကြော်နှင့် ငါးခြောက်၊ ပုစွန်ခြောက် တစ်စီး၊ သစ်သီးမျိုးစုံ တစ်စီး၊ ပေါင်မုန့်နှင့် မုန့်မျိုးစုံ တစ်စီးနှင့် ကြက်သားဆိုင်ကယ် တစ်စီး စုစုပေါင်းကားခုနစ်စီးနှင့် ဆိုင်ကယ်တစ်စီးဖြင့် မြို့အတွင်းရှိ ရပ်ကွက်များအား သုံးရက်တစ်ကြိမ် လှည့်လည်ရောင်းချပေးရန် တောင်ကြီးမြို့ စည်ပင်သာယာရေးကော်မတီ အစီအစဉ်ဖြင့် ဧပြီ ၂၉ ရက်မှ စတင်လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**စိုးညွန့်ရွှေ (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူး

**နေပြည်တော် မေ ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ရရှိစေရေးဆိုသည့် မူဝါဒများနှင့်အညီ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်အား တည်ငြိမ်ပြည့်ဝသော ဓာတ်အားစနစ်ဖြစ်ပေါ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိ ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့်သို့လည်းကောင်း လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာမှ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဆောင်ရွက်မှုများနှင့်အတူ ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း စသည့်အခန်းကဏ္ဍများကိုလည်း ဟန်ချက်ညီညီ တိုးတက်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။

### ဓာတ်အားများ တိုးချဲ့ထုတ်လုပ်နိုင်မည်

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအပိုင်းတွင်လည်း တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ရန်အတွက် ယခုနှစ်တွင် ၁၁၆၆ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင်လည်း ဓာတ်အားထုတ်လုပ်ရေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားများကို တိုးချဲ့ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ဓာတ်အားဖြန့်ဖြူးရေးအပိုင်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ၆၆ ကေဗွီ ကလေးဝ–မော်လိုက် ဓာတ်အားလိုင်း ၃၃ ဒသမ ၄ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မော်လိုက်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ချင်းတွင်းဒေသရှိ မော်လိုက်မြို့ပေါ်တွင် အိမ်ထောင်စုပေါင်း ၁၆၆၈ စုရှိသည့်အနက် ၈၃၆ စုကိုသာ တစ်နေ့လျှင် ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လေးနာရီခန့်သာ ဓာတ်အားပေးခဲ့ရာမှ ယခုအခါတွင် မြို့ပေါ်အိမ်ထောင်စုပေါင်း ၁၆၆၈ စုနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် တွန်းပင်ကျေးရွာ၊ သရက်ပင်လယ်ချောင်ကျေးရွာ၊ မှော်ကူးကျေးရွာ စသည့် ကျေးရွာသုံးရွာကိုလည်း ယခု ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း၌ လျှပ်စစ်ဓာတ်အားရရှိသွားမည်ဖြစ်ပြီး ကျန်ရှိသည့်ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

### မြို့ပေါင်း ၃၆ မြို့နှင့် ၂၆၀၉ ရွာ ဓာတ်အားဖြန့်ဖြူး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် မြို့ပေါင်း ၅၀၊ ကျေးရွာပေါင်း ၅၉၈၂ ရွာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် မြို့ပေါင်း ၃၂ မြို့၊ ကျေးရွာပေါင်း ၁၃၄၇ ရွာတို့ကိုသာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ယခုအခါ မြို့ပေါင်း ၃၆ မြို့၊ ကျေးရွာပေါင်း ၂၆၀၉ ရွာတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သဖြင့် မြို့ လေးမြို့နှင့် ကျေးရွာပေါင်း ၁၂၆၂ ရွာတို့ကို တိုးချဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ ကလေးဝ–မော်လိုက် ဓာတ်အားလိုင်းနှင့် မော်လိုက်ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ပေ ၁၂၀၀ ခန့်မြင့်မားသော တောင်ပေါ်ဒေသရှိ မာကျောသော ကျောက်စိုင်ကျောက်သားများကို ခက်ခဲစွာ တူးဖော်ရသည့်အပြင် တောင်ကမ်းပါးအစွန်းတွင် ကျရောက်နေသော တိုင်များအတွက် မြေဖြတ်ရခြင်း၊ ပစ္စည်းများ သယ်ပို့ရန် ချဉ်းကပ်လမ်းများ အချိန်ယူဖောက်လုပ်ရခြင်း စသည့်အခက်အခဲများကို ကျော်လွှားပြီး သတ်မှတ်စီမံကိန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မော်လိုက်ဒေသရှိ ပြည်သူလူထုအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးများ တိုးတက်ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မော်လိုက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများအတွက် လျှပ်စစ်မီးပေးသည့် ဓာတ်အားခွဲရုံ။



လျှပ်စစ်မီးလင်းနိုင်ရေး တာဝန်ရှိသူများ စစ်ဆေးကြည့်ရှုစဉ်။

# လေဖိအားနည်းရပ်ဝန်းနှင့် ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁–၅–၂၀၂၀) နေ့ (၁၃:၀၀) နာရီအချိန် ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကြောင်း၊ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် (၉၆) နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိပြီး မြောက်–အနောက်မြောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျားနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခုဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းလမ်းကြောင်းခန့်မှန်းချက်သည် မိုးလေဝသဖြစ်စဉ် သဘောသဘာဝများကြောင့် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နိုင်သည်ဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် ဂရုပြုနားထောင်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံဘက်သို့ မုန်တိုင်းဝင်ရောက်ပါကလည်း ကမ်းရိုးတန်းဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့သည် မုန်တိုင်းဒဏ်ကို ခံစားရနိုင်သည့် ဒေသများဖြစ်ပြီး မုန်တိုင်းဖြစ်ပေါ်ပါက မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ခြင်း၊ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြို/တောင်ပြိုခြင်း၊ တောင်ကျချောင်းများတွင် ရုတ်တရက် အရှိန်အဟုန်ဖြင့် ရေစီးခြင်း/ရေကျော်ခြင်းများ ဖြစ်ပွားနိုင်သဖြင့် ကုန်းတွင်းပိုင်းဒေသများသည်လည်း မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း အခြားသက်ရောက်မှုများ ရှိနိုင်ကြောင်း သတိပြု ကြိုတင်ပြင်ဆင်ကြရပါမည်။

သို့ဖြစ်ရာ ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသများသည်လည်း မုန်တိုင်းနှင့် ပတ်သက်၍ အထူးသတိပြုရန်လိုအပ်ပြီး အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည် –

(၁) မုန်တိုင်းဖြစ်ပေါ်လာပါက လုံခြုံမှုရှိစေရေး ဘေးလွတ်ကင်းရာနေရာတွင် ခိုလှုံနေထိုင်ရန် လိုအပ်ပါသည်။ သို့ရာတွင် ယခုကာလသည် COVID–19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ပြင်ဆင်ထားပါ။

(၂) လိုအပ်လာပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန် စီစဉ်ထားပြီး အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။ COVID–19 ကူးစက်ရောဂါ ကာကွယ်နိုင်ရန်အတွက် ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်း ယူဆောင်သွားပါ။

(၃) လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရန်သင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(၄) မိသားစုဝင်များ ကွဲကွာသွားခဲ့ပါက ပြန်လည်ဆုံတွေ့နိုင်မည့် ဆုံရပ်သတ်မှတ်ထားပါ။ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်/ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။

(၅) ကမ်းခြေများအနီး နေထိုင်သူများ၊ အလုပ်လုပ်ကိုင်နေသူများ၊ ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများ မုန်တိုင်းသတင်းကို စဉ်ဆက်မပြတ် နားထောင်၊ လေ့လာ၍ အထူးသတိပြုနေထိုင်ပါ။ မုန်တိုင်းဒီရေတက်ရောက်နိုင်သည်ကိုလည်း သတိပြုပါ။

(၆) ကုန်းတွင်းပိုင်းဒေသများအနေဖြင့် မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ ၊မိုးကြိုးပစ်ခြင်းများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် အထူးသတိပြုနေထိုင်ပါ။

(၇) တောင်ကျချောင်းများတွင် ရုတ်တရက်ရေကြီးမှုများ ဖြစ်လာနိုင်သဖြင့် တောင်ကျချောင်းများအနီး နေထိုင်သူများ အထူးသတိထားနေထိုင်ပါ။ လိုအပ်ပါက လုံခြုံသည့်နေရာသို့ ကြိုတင်ရွှေ့ပြောင်းပါ။

(၈) မြစ်၊ ချောင်းများအနီးနှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်သည့်နေရာများမှ ခေတ္တရှောင်ရှား နေထိုင်ပါ။

(၉) မိမိတို့ရပ်ရွာအတွင်း မုန်တိုင်းဒဏ်ခံနိုင်သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အဦးများသို့ ရွှေ့ပြောင်းနေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာနေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

– ပြည်သူများအနေဖြင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့် ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာကာ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီဖွင့်လှစ်ထားရှိသော Hot–line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇တို့သို့ အချိန်မရွေးဆက်သွယ် သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း ပြည်သူသို့ အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မော်လိုက်က ပြည်သူတွေ ပျော်လိုက်ကြ ကြည်ဖြူစေ

— မောင်လွမ်းနီ(ရေစကြို) —

**ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလတွင် နိုင်ငံအဝန်း မြို့ရွာအသီးသီး၌ ပြည်သူအပေါင်း ဘေးကင်းစေရေးအတွက် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ အဆက်မပြတ်ထုတ်ပြန်လျက်ရှိ၏။ အသွားအလာကန့်သတ်ခြင်း၊ အနေအထိုင် ဂရုပြုစေခြင်း၊ ကူးလူးဆက်ဆံမှု ဆင်ခြင်စေခြင်း အစရှိသည်တို့ကြောင့် မြို့ရွာဒေသအသီးသီးတွင် တိတ်ဆိတ်ငြိမ်သက်လျက်သာရှိကြ၏။ ကပ်ရောဂါကြောင့် စိုးရိမ်ပူပန်နေကြသော ပြည်သူလူထုကြီးကား ရောဂါဆိုးကြီးကို သတိကြီးစွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရုံမှအပ မည်သည့်အရာကိုမျှ တောင့်တကြလိမ့်မည်ဟု မထင်ပေ။**



တောတောင်များအကြား သွယ်တန်းထားသော ဓာတ်အားလိုင်းများကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့ကလေးသည်လည်း ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင် အများနည်းတူ တိတ်ဆိတ်ငြိမ်သက် နေပေသည်။ ချင်းတွင်းမြစ်နှင့် နှစ်မိုင်ခန့်စီ ကွာဝေးသည့် တောင်တန်းကလေး၏အကြားတွင် တည်ရှိသော၊ သစ်တောဖုံးလွှမ်းမှုများပြီး မြေပြန့်လွင်ပြင် နည်းပါးသော၊ တော၊ တောင်၊ ချောင်း၊ မြောင်း၊ ချိုင့်ဝှမ်းများ ထူထပ်သော မော်လိုက်မြို့ကလေးတွင် ရိုးသားလှသည့် တိုင်းရင်းသားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသည်။

**မော်လိုက်မြို့ လူမှုစီးပွားတိုးတက်လာ**

စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသော်လည်း ယခင်က လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲခဲ့၏။ ချင်းတွင်းမြစ်ကြောင်းအတိုင်း ရေလမ်းကိုသာ အဓိကထားခဲ့ရသည်။ ယခုကဲ့သို့ အချိန်မရွေး သွားလာနိုင်သော ကလေး-ကလေးဝ-မော်လိုက်ကားလမ်းမကြီး ပေါ်ပေါက်လာသည့်အခါ မော်လိုက်မြို့ကလေး၏ လူမှုစီးပွားဘဝများမှာလည်း တစ်စထက်တစ်စ တိုးတက်လာသည်မှာ အထင်အရှားပင်ဖြစ်၏။ နိုင်ငံတော်အကြီးအကဲများ လမ်းညွှန်ခဲ့သည့်အတိုင်း ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍများဖြစ်ကြောင်း မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ပေ။

မော်လိုက်မြို့တွင် ယခုအချိန်အထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးပေ။ ဤသည်ပင် မော်လိုက်မြို့သူ မြို့သားများ၏ အလွန်ပြင်းပြသော ချင်ခြင်းတစ်ခုဖြစ်မည်မှာ မလွဲပေ။ ခရိုင်မြို့ဖြစ်သော်လည်း ဒီဇယ်အင်ဂျင်သုံးဓာတ်အားပေးစက်ဖြင့်သာ ဓာတ်အားပေးထားရသည်။ မော်လိုက်မြို့ပေါ်တွင် အိမ်ထောင်စုပေါင်း ၁၆၆၈ စုရှိသည့် အနက် ၈၃၆ စုကိုသာ ၈၀၀ ကေဗွီအေ မီးစက်ဖြင့် တစ်နေ့လျှင် လေးနာရီခန့်သာ ဓာတ်အားပေးနိုင်သည်ဟု သိရသည်။ မီးစက်ဖြင့်ပေးရသည့်အတွက် ပြည်သူလူထု လိုသလောက် မပေးနိုင်၊ အကန့်အသတ်များစွာရှိသည်။ မော်လိုက်သားတို့လည်း နားလည်သည်းခံခဲ့သည်မှာ ကြာပေပြီ။

နိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၆ ခုနှစ်မတိုင်မီ ကာလများအထိ လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ ၃၄ ရာခိုင်နှုန်းခန့်သာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ၅၀.၀၉ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် ကြိုးပမ်းနိုင်ခဲ့သည်။

**❑ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် မြို့ပေါင်း ၅၀၊ ကျေးရွာပေါင်း ၅၉၉၂ ရွာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် မြို့ပေါင်း ၃၂ မြို့၊ ကျေးရွာပေါင်း ၁၃၄၇ ရွာတို့ကိုသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ယခုအခါ မြို့ပေါင်း ၃၆ မြို့၊ ကျေးရွာပေါင်း ၂၆၀၉ ရွာတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်သဖြင့် မြို့လေးမြို့နှင့် ကျေးရွာပေါင်း ၁၂၆၂ ရွာတို့ကို တိုးချဲ့ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်**

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မမိုတ်မသုန် ဦးတည်မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် မြို့ပေါင်း ၅၀၊ ကျေးရွာပေါင်း ၅၉၉၂ ရွာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် မြို့ပေါင်း ၃၂ မြို့၊ ကျေးရွာပေါင်း ၁၃၄၇ ရွာတို့ကိုသာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ယခုအခါ မြို့ပေါင်း ၃၆ မြို့၊ ကျေးရွာပေါင်း ၂၆၀၉ ရွာတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်သဖြင့် မြို့လေးမြို့နှင့် ကျေးရွာပေါင်း ၁၂၆၂ ရွာတို့ကို တိုးချဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မော်လိုက်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားချိတ်ဆက် ပို့လွှတ်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ကြိုးပမ်းခဲ့ကြသည်။ မူလက ကလေးမြို့အနီး ရာဇဂြိုဟ်ရေအားလျှပ်စစ်စက်ရုံနှင့် ချိတ်ဆက်၍ ကလေးဝမြို့သို့ ဓာတ်အားပေးရန် ၆၆ ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝ ဓာတ်အားလိုင်းဖြင့် လည်းကောင်း၊ မော်လိုက်မြို့သို့ ဓာတ်အားပေးရန် ၆၆ ကေဗွီ ရာဇဂြိုဟ်-မော်လိုက်ဓာတ်အားလိုင်းဖြင့် လည်းကောင်း အသီးသီးတည်ဆောက်ရန် တစ်ပြိုင်တည်း စီမံဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

**နည်းလမ်းကြံဆ ကြိုးပမ်းအောင်မြင်**

မြေပြင်အနေအထားအရ ရာဇဂြိုဟ်-ကလေးအပိုင်းသည် မြေပြန့်လွင်ပြင်ဖြစ်ခြင်း၊ ကလေး-ကလေးဝအပိုင်းတွင် မြေပြန့်နည်းပါးပြီး တောင်တန်းများ ထူထပ်သော်လည်း မဖြစ်မနေ နည်းလမ်းကြံဆ၍ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့၏။ ကလေးဝမြို့သို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဓာတ်အားရောက်ရှိခဲ့၏။ မော်လိုက်မြို့အတွက်ကား နှောင့်နှေးခဲ့ရ၏။ နှောင့်နှေးခဲ့ရသည့် အကြောင်းလည်းရှိ၏။

မူလလျာထားသော ရာဇဂြိုဟ်-မော်လိုက် ဓာတ်အားလိုင်းအူကြောင်းသည် မော်လိုက်မှ ကလေး-တမူးကားလမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်ထားသော “ပြောင်ဘုတ်” ကားလမ်းကို မလွဲမသွေ အမှီပြုရမည်ဖြစ်သည်။ ပြောင်ဘုတ်ကားလမ်းသည်ပင် ပေ ၃၀၀၀ ကျော် မြင့်မားသော “မှန်တောင်တန်း” ကြီးအား ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်၏။ ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်ပြီး မိုးရာသီကာလများတွင် သွားလာရန် အလွန်ခက်ခဲ၏။ ဓာတ်အားလိုင်းအူကြောင်းမှာ တောထူထပ်လှသောအပိုင်းများကို မဖြစ်မနေဖြတ်သန်းရန် လိုသည်။ တာဝါတိုင်များ၊ ဓာတ်ကြိုးများ၊ ယာဉ်ယန္တရားများ တက်ရောက်ပို့ဆောင်ရန်ပင် အလွန်ခက်ခဲမည်ဖြစ်ကြောင်း တွေ့ရသည်။

**ကလေးဝ-မော်လိုက် လိုင်းအူကြောင်းအသစ်ရှာ**

ဌာနမှ အတွေ့အကြုံရှိသော ကျွမ်းကျင်သူများပင် ခက်ခက်ခဲခဲ ဆောင်ရွက်ရမည်ဖြစ်ရာ လုပ်ငန်းအပ်နှံထားသော ပြင်ပကုမ္ပဏီအနေဖြင့်မူ ဆိုဖွယ်မရှိပေ။ မဖြစ်မနေ နည်းလမ်းရှာကြံ၍ ခက်ခက်ခဲခဲ တည်ဆောက်နိုင်သည့်တိုင် မကြာခဏ လိုင်းအပြစ် ဖြစ်ပွားနိုင်သည်။ လိုင်းထိန်းသိမ်းရေးဆောင်ရွက်ရာတွင် လည်းကောင်း၊ အပြစ်ဖြစ်၍ သွားရောက်ပြုပြင်ရန် လည်းကောင်း အလွန်ခက်ခဲမည်။ လိုင်းအပြစ်တစ်ကြိမ်ဖြစ်လျှင် ရက်ပေါင်းများစွာ ဓာတ်အားပြတ်တောက်နိုင်သည်။ သွားလာဆောင်ရွက်ရသော ဝန်ထမ်းများအတွက်လည်း အလွန်အန္တရာယ်များလှသည်။ ဤအချက်များကြောင့် မူလသတ်မှတ်ထားသည့် ရာဇဂြိုဟ်-မော်လိုက် လိုင်းအူကြောင်းကို ပယ်ဖျက်ပြီး ကလေးဝ-မော်လိုက် လိုင်းအူကြောင်းအသစ်ကို ရှာဖွေဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရရှိရေး အချိန်ယူဆောင်ရွက်ခဲ့ကြသည်။

ကလေးဝ-မော်လိုက် လိုင်းအူကြောင်းအသစ်သည် ၃၃ ဒသမ ၄ မိုင်ရှိ၏။ ဓာတ်အားလိုင်းဒီဇိုင်းအရ မြေပြန့်ဒေသများတွင် ကွန်ကရစ်တိုင်များအသုံးပြု၍ ၁၆ ဒသမ ၇ မိုင် တည်ဆောက်ရန်ဖြစ်ပြီး တောင်ပေါ်ဒေသများတွင် Lattice Tower များ အသုံးပြု၍ ၁၆ ဒသမ ၇ မိုင် တည်ဆောက်ရန် ဖြစ်သည်။ ကွန်ကရစ်တိုင်ပေါင်း ၂၈၂ တိုင် ပါဝင်ပြီး Lattice Tower ၉၇ တိုင် ပါဝင်သည်။ မော်လိုက်မြို့တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ပြီး မော်လိုက်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပေးရန် ဖြစ်သည်။

ကုမ္ပဏီ၏ဆောင်ရွက်ချက်များကို ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) ကွပ်ကဲမှုအောက်ရှိ စီမံကိန်းမန်နေဂျာ(မြို့ပြ)နှင့် စီမံကိန်းမန်နေဂျာ(၃) မန္တလေးတို့က အနီးကပ်ကြီးကြပ်ခဲ့သည်။ အခက်အခဲရှိသည်များကို နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ဒေသခံပြည်သူများအပါအဝင် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း အစရှိသည်တို့ကို ပေါင်းစပ်ဆောင်ရွက်ပေးရ၏။

မော်လိုက်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၁၉ ခုနှစ် အောက်တိုဘာလကတည်းက ပြီးစီးခဲ့ပြီ ဖြစ်သည်။ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းကိုမူ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှသာ စတင်နိုင်ခဲ့သည်။ တာဝါတိုင်များမှာကား ကလေးဝ-မော်လိုက်ကားလမ်းမှ ပေ ၁၂၀၀ ခန့်မြင့်သော တောင်ပေါ်ဒေသဖြစ်ခြင်း၊ မာကျောသော ကျောက်စိုင်ကျောက်သားများကို လွန်သွားများဖြင့် ခက်ခက်ခဲခဲတူးဖောက်ရခြင်း၊ အချို့နေရာများတွင် မိုင်းခွဲ၍ တူးဖော်ရခြင်း၊ တောင်ကမ်းပါးအစွန်းတွင် ကျရောက်သည့် တိုင်များအတွက် မြေဖြတ်ရခြင်း၊ ပစ္စည်းများသယ်ပို့ရန် ချဉ်းကပ်လမ်းများ အချိန်ယူဖောက်လုပ်ရခြင်း၊ လိုအပ်သည့်နေရာများတွင် မြေကာနံရံများ တည်ဆောက်ရခြင်း အစရှိသည့် အခက်အခဲများစွာကို ဖြေရှင်းဆောင်ရွက်ခဲ့ရ၏။ သို့တိုင် မလျှော့သော ဇွဲ၊ လုံ့လနှင့် ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် သတ်မှတ်ချိန်မတိုင်မီ ၂၀၂၀ ပြည့်နှစ် မတ်လတွင်ပင် ဓာတ်အားလိုင်းတည်ဆောက်ခြင်း အားလုံးပြီးမြောက်ခဲ့ပေပြီ။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဝမ်းနည်းဖွယ်ကောင်းသည်ကား စီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီးချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အကန့်အသတ်များစွာရှိသည့် ကာလဖြစ်နေခြင်းပင်။ မူလက မတ်လအတွင်း ဓာတ်အားပို့လွှတ်ရန် စီစဉ်ထားသော်လည်း အသွားအလာကန့်သတ်မှုများကြောင့် ဓာတ်အားမလွှတ်ဖြစ်ခဲ့။ မော်လိုက်နေ ပြည်သူများအနေဖြင့် လာခြင်းကောင်းသော နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားများကို အာသာငံ့လင့် ချင်ခြင်းဖြစ်နေသည့်တိုင် ယခုကာလအတွင်း မျှော်လင့်ကြတော့မည် မဟုတ်၊ မျှော်လင့်သည့်တိုင်လည်း ယခုကာလအတွင်းတွင် ရရှိမည်ဟု ယုံကြည်ကြမည် မဟုတ်။

### အကျိုးကျေးဇူးများမည်ကို လိုလား

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် စိတ်စေတနာကောင်းများဖြင့် ကြိုးပမ်းခဲ့၏။ ကိုဗစ်-၁၉ ကို သတိကြီးစွာထားရမည်ဟု ခံယူလျက်ကပင် မော်လိုက်မြို့သို့ တတ်နိုင်သမျှ စော၍ ဓာတ်အားပေးရန် နည်းလမ်းရှာရသည်။ ပြည်သူလူထု တစ်ရက်စော၍ ဓာတ်အားရလျှင် တစ်ရက်စော၍ အကျိုးကျေးဇူးများမည်ကို လိုလား၏။ မြင့်မားသောစိတ်ဓာတ်၊ ထက်သန်သောလုံ့လ၊ မပေါ့ဆသော သတိတရား၊ ပြည့်စုံသော စီမံခန့်ခွဲမှု၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုတို့ဖြင့် စွန့်စားကြတော့သည်။

မည်မျှခက်ခဲသည်ဖြစ်စေ၊ မည်မျှကြမ်းတမ်းသည်ဖြစ်စေ ပြည်သူလူထု လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိုလျှင် အသက်ပင်စွန့်ဝံ့သည့် လျှပ်စစ်ဝန်ထမ်းများကို အသိအမှတ်ပြုနိုင်ကောင်းသည်ဟု ထင်ပါသည်။

အခက်အခဲအမျိုးမျိုးကြားမှ စည်းလုံးညီညွတ်စွာ စုဖွဲ့ထားသည့် စီမံကိန်းမန်နေဂျာ ဦးဆောင်သောအဖွဲ့သည် ကိုဗစ်-၁၉ ကန့်သတ်ကာလတွင်ပင်လျှင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ကို ရယူ၍ မော်လိုက်မြို့သို့ ဓာတ်အားပေးနိုင်ရန် ရောက်ရှိခဲ့ပေပြီ။ ၆၆ ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်းကို



မျက်မြင်စစ်ဆေးခြင်း၊ Megger Test ပြုလုပ်ခြင်းတို့ ဆောင်ရွက်ပြီးနောက် (၂၈.၄.၂၀၂၀) ရက်နေ့ နံနက်ပိုင်းတွင် ကလေးဝခွဲရုံမှ မော်လိုက်ခွဲရုံအထိ ၆၆ ကေဗွီ ဓာတ်အားကို အောင်မြင်စွာ ပို့လွှတ်နိုင်ခဲ့ပေပြီ။

### မော်လိုက်မြို့၏ သမိုင်းသစ်

အစီအစဉ်အတိုင်း (၂၉.၄.၂၀၂၀) ရက်နေ့တွင် မော်လိုက်ခွဲရုံရှိ ၆၆/၁၁ကေဗွီ ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာကြီးကို ဓာတ်အားထည့်မည် ဖြစ်သည်။ (၁.၅.၂၀၂၀) မင်္ဂလာရှိသော အလုပ်သမားနေ့တွင်ကား မော်လိုက်မြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို စတင်ပို့လွှတ်နိုင်ပေတော့မည်။ မော်လိုက်မြို့၏ သမိုင်းသစ် ဖြစ်ပါစေသတည်း။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် အစိုးရသစ်လက်ထက်တွင် မင်းကင်းမြို့အား ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် လည်းကောင်း၊ ကလေးဝမြို့အား ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း အသီးသီးဓာတ်အားပေးနိုင်ခဲ့ပြီးဖြစ်ရာ မော်လိုက်မြို့သည် တတိယမြောက် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိမည့်မြို့ ဖြစ်ပေသည်။ ထူးခြားသည်ကား ကိုဗစ်-၁၉ ကန့်သတ်ကာလများအတွင်းတွင်ပင် မီးလင်းခဲ့သည့် အာဂမြို့တစ်မြို့အဖြစ် မှတ်တမ်းတင်နိုင်တော့မည်ဖြစ်၏။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းထားသည့်အတိုင်း ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့် မီးလင်းရေးခရီးရှည်ကြီးကို မလျှော့သောစိတ်ဓာတ်တို့ဖြင့် ဆက်လက် ချီတက်ရပေဦးမည်။ စာရေးသူသည် စီမံကိန်းတာဝန်များဖြင့် မော်လိုက်မြို့သို့ မကြာခဏရောက်ရှိခဲ့ဖူး၏။ စာရေးသူကိုယ်တိုင်လည်း ချင်းတွင်းမြစ်ကမ်းဘေးမှ မွေးဖွားကြီးပြင်းခဲ့သူပီပီ ချင်းတွင်းကို ချစ်၏။ ချင်းတွင်းနှင့် ဆက်စပ်သမျှကိုလည်း ချစ်၏။ ချင်းတွင်းဘေးရှိ ဆိတ်ငြိမ်အေးချမ်းသော မော်လိုက်မြို့လေးကိုလည်း ချစ်၏။ မော်လိုက်မြို့ကဲ့သို့ပင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ မရရှိသေးသော မြို့နယ်၊ ကျေးရွာဒေသများအားလုံးသို့လည်း ထပ်တူရစေချင်၏။ တစ်နိုင်ငံလုံးရှိ တောင်ပေါ်မြေပြန့် သွေးချင်းတို့အားလုံးလည်း အမြန်ဆုံးဓာတ်အား ရရှိစေလိုသည်မှာ မှန်ကန်သောသစ္စာဟု ဆိုဝံ့ပေသည်။

### ရည်မှန်းချက်သို့ ရောက်ရှိ

အခက်အခဲပေါင်းများစွာ ရင်ဆိုင်ကျော်လွှား ဖြတ်သန်းခဲ့ရမှုများမှာ နောက်ဆုံးတော့ ရည်မှန်းချက်သို့ ရောက်ရှိပါပြီ။ ဌာနအပေါ် စိတ်ရှည်လက်ရှည်ထား၍ စောင့်ဆိုင်းပေးခဲ့ကြသော မော်လိုက်သားတို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိရပါသည်။

"မော်လိုက်က ပြည်သူတွေ၊ ပျော်လိုက်ကြကြည်ဖြူစေ"ဟု မေတ္တာပို့သပါသည်။ ကာလကြာရှည် ခက်ခဲစွာ ကြိုးပမ်းတည်ဆောက်ခဲ့ရသည့် ၆၆ ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်းနှင့် မော်လိုက် ဓာတ်အားခွဲရုံကြီးကို ဌာနနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပြီး အစွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ထောမနာ တေးထပ်ကလေးဖြင့် ဂုဏ်ပြုအပ်ပါသတည်း။

- ❖ **မြစ်သလ္လာ ကမ်းအနောက်က**<br>**လွမ်းလောက်ကဲ့ မြို့တည်ရာ**<br>**မော်လိုက်လို့ အမည်သာတယ်**<br>**စည်သာယာ တစ်ခေတ်ဆန်း။**
- ❖ **ရှေးကာလ ချောင်ကျခဲ့သလေ**<br>**အမှောင်ညရှည် ဖြတ်သန်း။**<br>**ချင်ခြင်းတပ် ရတက်ဖြစ်ပိုတယ်**<br>**လျှပ်စစ်ကို မျှော်တမ်း။**
- ❖ **စန်းလင်္ဂါသာ အချိန်ရောက်ပြီမို့**<br>**ခြောက်ဆယ့်ခြောက် လိုင်းမဟာ။**<br>**လျှပ်စစ်တွေ လောက်ငှဖို့**<br>**ဆောက်ခဲ့ကြ ခွဲရုံအပါ။**
- ❖ **အနောက်ဘက် မြစ်သလ္လာမှာ**<br>**ခေတ်ဆန်စွာ ဖွံ့ဖြိုးကြစေကွဲ့**<br>**ထိုးရတဲ့ ကမ္ဗည်းမဟာ**<br>**ဟီးခြိမ့်ခြိမ့်သာ။**
- ❖ **ထူးခြားတဲ့ ထိုသနစ်ပါ**<br>**COVID အခါ မှတ်တမ်းတင်ခဲ့လေး။**

**(ပါဝင်ဆောင်ရွက်သူများ၊ လမ်းညွှန်အကြံပြုသူများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါသည်)**

# တရုတ်ဝင်မည့် ပို့ကုန်ယာဉ်အစီးရေ ၆၀၀ ထက်မနည်း အချိန်ကြာမြင့်စွာရပ်စောင့်နေရ

မူဆယ် မေ ၁

**မူဆယ်နယ်စပ်တွင် တရုတ်နိုင်ငံထဲသို့ဝင်မည့် မြန်မာဘက်မှ ပို့ကုန်ယာဉ်အစီးရေ ၆၀၀ ထက် မနည်း အချိန်ကြာမြင့်စွာ တန်းစီရပ်စောင့်နေရသည်။ မြန်မာနိုင်ငံ မူဆယ်ခရိုင် မူဆယ်မြို့နယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးမှုများပြုလုပ်၍ ဂျူတီဆောင်ခွင့်ပေးပြီး တစ်ဖက် တရုတ်နိုင်ငံဘက်သို့ ဆက်လက်ထွက်ခွာခွင့်ပေးခဲ့သည်။**

ယင်းနောက် ကုန်သွယ်ရေးဇုန်အတွင်းမှထွက်ခွာလာသည့် ပို့ကုန်ယာဉ်များသည် တရုတ်-မြန်မာနယ်စပ် မန်ဝိန်းဂိတ် အဝင်အထွက်တွင် တရုတ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများအရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ၊ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ လက်ရှိအခြေအနေအရ တရုတ်နိုင်ငံဘက်မှ မြန်မာဘက်သို့ ကုန်တင်ယာဉ်တစ်စီးထွက်မှသာ မြန်မာဘက်ခြမ်းမှ ကုန်တင်ယာဉ်တစ်စီးကို ယာဉ်မောင်းမပါ သူ့ဘက်ကယာဉ်မောင်းဖြင့် တရုတ်ပြည်ထဲသို့ဝင်ခွင့်ပြုခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် မူဆယ်နယ်စပ် မူဆယ်မြို့တွင်းလမ်းအပါအဝင် မြို့ပတ်လမ်းတစ်လျှောက် ကားလေးကွင်း အိုရီယမ်တယ် ဟိုက်ဝေးတိုးဂိတ်အနီး နမ့်ခွမ်ကျေးရွာ အောက်တုန်ခန်နှင့် အထက်တုန်ခန် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် မူဆယ်မောင်းတံအနီးနှင့် ပြည်ထောင်စုလမ်းမကြီးများတွင် တရုတ်ထဲဝင်မည့် မြန်မာဘက်မှ ပို့ကုန်ယာဉ်အစီးရေ ၆၀၀ ထက်မနည်း အချိန်ကြာမြင့်စွာ တန်းစီရပ်စောင့်နေရသည်။

ကုန်တင်ကားများရပ်စောင့်နေရခြင်းနှင့်ပတ်သက်ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက "လက်ရှိအနေအထားအရ ပို့ကုန်/သွင်းကုန် ပျမ်းမျှ အစီးရေ ၆၀၀ လောက် ဝင်ရောက်ပါတယ်။ အသီးကားတွေက ကျင်စန်းကျော့လမ်းကနေ တရုတ်နိုင်ငံထဲကို ဝင်ရောက်နေတာဖြစ်ပြီး ကုန်စုံကားအများစုကတော့ မန်ဝိန်းဂိတ်ဘက်ကနေ တရုတ်ပြည်ထဲကို ဝင်ရောက်နေတာ ဖြစ်ပါတယ်။ ကျင်စန်းကျော့ဂိတ်အနေနဲ့ ကုန်တင်ကားပျှမ်းမျှ အစီးရေ ၂၅၀ လောက် အဝင်အထွက် လုပ်နိုင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ဧပြီ ၅ ရက်နေ့နောက်ပိုင်းမှာ ယာဉ်မောင်းချိန်းပြီးဝင်ရတာ ဖြစ်တဲ့အတွက် ကုန်တင်ကား ဝင်ရောက်မှုက တစ်ဝက်နီးပါး လျော့နည်းသွားခဲ့ပါတယ်။ ထို့အတူမန်ဝိန်းဂိတ်မှာလည်း တစ်ရက်ကိုအဝင် အထွက်ကုန်တင်ကားအစီးရေ ၃၀၀ လောက်ရှိပါတယ်၊ အခုရက်ပိုင်းတော့ မန်ဝိန်းဂိတ်ကို ဝင်ဖို့အတွက် ကုန်တင်ကားအစီးရေ ၄၀၀ လောက် ရပ်စောင့်နေရပါတယ်။ မန်ဝိန်းပေါက်အပါအဝင် ကျန်တဲ့နေရာတွေမှာ ပိတ်နေတဲ့ကားတွေထဲမှာ ကုန်ပစ္စည်းမဲ့ ခါလီကားတွေလည်း တစ်ဝက်လောက်ပါတယ်။ ခါလီကားတွေက ကျင်စန်းကျော့ကို ပစ္စည်းသွားပို့ပြီး ပြန်ထွက်လာတဲ့ကုန်တင်ကားတွေက သွင်းကုန်ပစ္စည်းတွေကို တင်သွင်းဖို့ ကျယ်ဂေါင်ထဲကို ဝင်ဖို့ဖြစ်တယ်။ လက်ရှိ မန်ဝိန်းဂိတ်ဝင်ဖို့ ကားတွေကျပ်နေတဲ့အတွက် ဒါတွေအားလုံးအဆင်ပြေဖို့ အုပ်ချုပ်ရေးအပိုင်းတွေ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း စသည်ဖြင့် တာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ ကုန်ပစ္စည်း၊ စစ်ဆေးရေးကွင်းထဲကို ဝင်ရောက်လာတဲ့ ကုန်တင်ကားတွေ၊ ယာဉ်ပေါ်ပါကုန်ပစ္စည်းတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ဖွင့်ဖောက်စစ်ဆေးမှုတွေပြုလုပ်ပြီး တစ်ဖက်နိုင်ငံကို အမြန်ဆုံးဝင်ရောက်နိုင်ဖို့အတွက် အတတ်နိုင်ဆုံးလုပ်ပေးနေတာဖြစ်တယ်"ဟု ပြောသည်။ မူဆယ်-မန္တလေး ကုန်တင်ယာဉ်ပြေးဆွဲနေသူ ကားဆရာ ကိုတရုတ်ကြီးက "တရုတ်နိုင်ငံက မူဝါဒအမျိုးမျိုးအပြောင်းအလဲတွေကြောင့် အခုဆိုရင် ကိုယ့်ကားကို သူတို့ကားဆရာတွေ လက်ထဲကိုလွှဲပြောင်းပြီး မောင်းနေရတယ်ဆိုတော့ အခက်အခဲရှိတာပေါ့။ ဖြစ်လာရင် ဘယ်သူမှ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာမရှိဘူး။ တရုတ်-မြန်မာနယ်စပ်ဂိတ်တွေမှာ ကုန်တင်ကားဆရာတွေ၊ ခရီးသွားလာသူတွေအနေနဲ့ အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရတယ်။ တချို့ အသီးကားတွေ၊ ပင်လယ်စာတွေဆိုရင် စွန့်ပစ်ရတဲ့အထိ ဖြစ်ကုန်တယ်။ ကုန်သည်၊ ပွဲစားတွေ၊ တောင်သူတွေ၊ ဝယ်ယူရောင်းချသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ အများကြီးဆုံးရှုံးမှုတွေရှိနေသလို ကျွန်တော်တို့ ကားဆရာတွေလည်း အလွန်ကိုအခက်အခဲဖြစ်ကြတယ်။ ဒါကြောင့် အဓိက ပြောချင်တာက ဒီနယ်စပ်မှာ ဖြစ်နေတဲ့ပြဿနာတွေကို သက်ဆိုင်ရာ နှစ်နိုင်ငံဘက်မှ တာဝန်ရှိသူတွေအနေနဲ့ ဖြစ်စဉ်တွေကို အသေးစိတ်တိုင်ပင်ညှိနှိုင်းပြီး အဆင်ပြေဆုံးဖြစ်အောင် အမြန်ဆုံးဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ပြောသည်။



ယာဉ်ကြောရှင်းလင်းပေးသည့် မူဆယ်ခရိုင် မူဆယ်မြို့ အမှတ်(၁၂၃) ယာဉ်ထိန်း တပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်စိန်က "မူဆယ်မြို့နယ်(၁၀၅)မိုင်ကြား ယာဉ်ကြောကျပ်တည်းမှုက ဒီရက်ပိုင်း ပိုပြီးများလာပါတယ်။ တက်လာတဲ့ ကုန်တင်ကားတွေကလည်း မူဆယ်အထွက်ပေါက်ကိုပဲ ဦးစားပေးပြီး ထွက်လာရတာ ဖြစ်ပါတယ်။ ယာဉ်ကြောပြဿနာက တရုတ်နိုင်ငံရဲ့ နယ်စပ်ဝင်ပေါက်ထွက်ပေါက်တွေက အဓိကဖြစ်ပါတယ်။ ကုန်တင်ယာဉ်တွေအဓိက ဝင်ဖို့အတွက်က မန်ဝိန်းဂိတ် တစ်ပေါက်ပဲရှိပါတယ်။

"ကုန်တင်ယာဉ်ကြီးတွေ လမ်းကြောရှင်းလင်းစွာ သွားလာနိုင်စေဖို့အတွက် အပိုင်းသုံးပိုင်းအဖွဲ့ခွဲပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကြားထဲမှာ အချိန်ရရင် ရသလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကိုလည်း အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး တတ်နိုင်သလောက် ဝိုင်းဝန်းကူညီဆောင်ရွက်နေပါတယ်"ဟု ပြောသည်။ **သန့်ဇင်(မူဆယ်)**

# အိုင်းရစ်လေကြောင်းလိုင်း Ryanair က အလုပ်နေရာ ၃၀၀၀ ထိလျှော့ချမည်

ဒဗ္ဗလင် မေ ၁

ကိုဗစ် -၁၉ ကြောင့် လေကြောင်းလိုင်းများရပ်နားထားရစဉ် အိုင်းရစ်တန်ဖိုးနည်း လေကြောင်းလိုင်းဖြစ်သည့် Ryanair သည် လေယာဉ်မှူးနှင့် လေယာဉ်အမှုထမ်း ၃၀၀၀ ကို အလုပ်မှလျှော့ချရန် စီစဉ်ထားသည်ဟု မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

ဝန်ထမ်းအင်အား ၁၅ ရာခိုင်နှုန်းလျှော့ချရန် စီစဉ်နေသည်ဟုပြောကြားခဲ့သည်။ ဒဗ္ဗလင်အခြေစိုက် Ryanair လေကြောင်းလိုင်းသည် ဇူလိုင်လမတိုင်မီအထိ လေကြောင်းလိုင်းမှ လေယာဉ်အချို့ကို ရပ်နားထားမည်ဟု ကြေညာခဲ့သည်။ ၂၀၂၂ ခုနှစ်နွေရာသီရောက်မှ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်မည်ဟုလည်း ခန့်မှန်းထားသည်။ မေနှင့်ဇွန်လတို့တွင် လေယာဉ်ခရီးစဉ်များ၏ တစ်ရာခိုင်နှုန်းကျော်သာ ပြေးဆွဲနိုင်မည်ဟု ခန့်မှန်းထားသည်။

လေကြောင်းလိုင်းသည် ဌာနအတွင်းပြန်လည်ဖွဲ့စည်းရေးနှင့် အလုပ်နေရာလျှော့ချရေးတို့အတွက် ကုန်သွယ်ရေးသမဂ္ဂသို့ အကြောင်းကြားမည်ဖြစ်ပြီး လာမည့်ဇူလိုင်လမှစတင်ကာ လုပ်ဆောင်သွားမည်ဟု သိရသည်။ ယင်းအစီအစဉ်နှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်သွားဦးမည်ဖြစ်သော်လည်း Ryanair လေကြောင်းလိုင်းမှ လေယာဉ်မှူးများ၊ လေယာဉ်အမှုထမ်းများ အလုပ်နေရာဆုံးရှုံးမည်ဖြစ်ပြီး လစာမဲ့ခွင့်များ၊ ၂၀ရာခိုင်နှုန်းအထိလစာလျှော့ချမှုများနှင့်လည်း ကြုံတွေ့ရဖွယ်ရှိသည်။ ကိုဗစ် -၁၉ ကပ်ရောဂါကို နှိမ်နင်းမပြီးသေးပါက ဥရောပတစ်လွှား လေကြောင်းလိုင်းများ ပိတ်သိမ်းခြင်းနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

**အေအက်ဖ်ပီ**



Ryanair လေကြောင်းလိုင်းမှ လေယာဉ်များကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ရောဂါအတွက် Remdesivir ဆေးကို အရေးပေါ်ဆေးအဖြစ်အသုံးပြုနိုင်ရေး လုပ်ဆောင်နေ

ဝါရှင်တန် မေ ၁

ကိုဗစ် -၁၉ လူနာများကို ကုသရာတွင် ဗိုင်းရပ်စ်နှိမ်နင်းရေး ဆေးအဖြစ် Remdesivir ဆေးကို အသုံးပြုနိုင်ရေးခွင့်ပြုပေးရန် အလျင်အမြန်ဆုံးဖြတ်ချက်ချသွားမည်ဟု အမေရိကန်ဆေးဝါးအဖွဲ့အစည်း အကြီးအကဲကပြောသည်။

ယင်းသို့ ပြောဆိုမှုကြောင့် အမေရိကန် ဆေးဝါးနှင့် အစားအသောက်ကွပ်ကဲရေးဦးစီးဌာန FDA က မကြာမီအချိန်အတွင်း Remdesivir ဆေးကို ကိုဗစ်-၁၉ ကုသရာတွင် အရေးပေါ်အသုံးပြုရမည့် ဆေးဝါးဟု မကြာမီ သတ်မှတ်တော့မည်ဖြစ်ကြောင်း ထင်ကြေးပေးခန့်မှန်းမှုများ များလာသည်။ Remdesivir ဆေးကို မူလက အီဘိုလာဗိုင်းရပ်စ်အတွက် ကုသရာတွင်အသုံးပြုရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆေးဝါးကို ကနဦး လူသားများတွင် စမ်းသပ်ချက်အရ လူနာများ လျင်မြန်စွာပြန်လည်ကျန်းမာလာသည်ကို တွေ့ရကြောင်း အမျိုးသားကျန်းမာရေးအင်စတီကျုက ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန် FDA အကြီးအကဲ စတက်ဖန်ဟန်က Remdesivir ဆေးကုသရေးနှင့်ပတ်သက်ပြီး အချက်အလက်များကို အလျင်အမြန်သုံးသပ်နေသည်ဟု ဧပြီ ၃၀ ရက်က ပြောသည်။

Remdesivirဆေးကို လူနာများအားပေးရာ၌ မှန်မှန်ကန်ကန်ရွေးချယ်ပေးနိုင်ရေး အချက်အလက်များကို လေ့လာနေသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးအင်စတီကျူမှ သမားတော် အန်သိုနီဖျူစီကလည်း Remdesivirဆေးကို အရေးပေါ်ဆေးဝါးအဖြစ် အသုံးပြုနိုင်ရန် မျှော်လင့်ထားသည်ဟု ရုပ်သံအင်တာဗျူးတွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန် FDA အဆောက်အအုံကို တွေ့ရစဉ်။

## နိုင်ငံတော်အရေးပေါ်အခြေအနေ နောက်ထပ်တစ်လ တိုးမြှင့်မည့်အစီအစဉ် ဂျပန်ဝန်ကြီးချုပ် အာဘေး ကြေညာသွားမည်

တိုကျို မေ ၁

ဂျပန်ဝန်ကြီးချုပ် အာဘေးက အစိုးရအနေဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေ နောက်ထပ်တစ်လ ထပ်မံတိုးမြှင့်မည့်အစီအစဉ်ကို ကြေညာသွားရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ရန် ယခုလိုလုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ ပထမတစ်ကြိမ်ပြဋ္ဌာန်းခဲ့သော နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာသက်တမ်းသည် မေ ၆ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

မေ ၆ ရက်မှစကာ နောက်ထပ်တစ်လ ထပ်မံသက်တမ်းတိုးရန် အာဘေးအစိုးရက ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ထို့အပြင် ဂျပန်စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး နီရှီမူရာ ယာဆူတိုရှိက ကျွမ်းကျင်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားမှုကို ကာကွယ်ရန် လူမှုရေးဆိုင်ရာ တားမြစ်ကန့်သတ်မှုများကို ဆက်လက်ထားရှိစေချင်ကြောင်း ပြောကြားလိုက်သည်။

တစ်လထပ်မံပြီး နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာမည့်ကိစ္စကို လာမည့်တနင်္လာနေ့တွင် တရားဝင်ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရေနံထုတ်လုပ်သူနိုင်ငံများက ရေနံထုတ်လုပ်မှု စတင်လျှော့ချမည်

ရီယာ့ဒ် မေ ၁

အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားအစရှိသည့် ရေနံထုတ်လုပ်သူ နိုင်ငံများသည် မေ ၁ ရက်မှစတင်ကာ ကမ္ဘာ့ရေနံတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို ထုတ်လုပ်မှု စတင်လျှော့ချမည်ဟု သိရသည်။ သို့သော် ဈေးကွက်အတွင်း ရေနံအဆမတန်ပိုလျှံနေမှုကို ဖြေလျှော့ရန် အချိန်လိုအပ်ဦးမည်ဟု ဈေးကွက်လေ့လာသုံးသပ်သူများက ပြောသည်။

အိုပက်အဖွဲ့နှင့် အိုပက်အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများသည် တစ်နေ့လျှင် ရေနံစည် ၉ ဒသမ ၇ သန်း လျှော့ချထုတ်လုပ်ရန် လွန်ခဲ့သည့်လကတည်းက သဘောတူခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ရေနံဈေးမှာ အတက်ဘက်သို့ ပြန်ပြောင်းမလာခဲ့ပေ။ ဧပြီလအတွင်းမှ စတင်ကာ နယူးယောက်ရေနံဈေးကွက်တွင် အနုတ်ဘက်ပြခဲ့သည်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့်လည်း ရေနံဈေးကွက်ကို ပိုမိုဆိုးရွားစေခဲ့သည်။ ရေနံထုတ်လုပ်သူများသည် ရေနံဈေးကျဆင်းမှုကြောင့် ဘဏ္ဍာရေးနှင့်စီးပွားရေးအရ ဆိုးကျိုးများခံစားလာရပြီး ဈေးကွက်မတည်ငြိမ်မှုအပေါ် စိုးရိမ်နေကြရသည်။ ဧပြီ ၃၀ ရက်တွင် ရေနံကုမ္ပဏီကြီးဖြစ်သည့် ရွှိုင်ရယ်ဒတ်ရှ်ရဲ သည် အစုအမြတ်ရရှိမှုကို ဖြတ်တောက်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်မှစတင်ကာ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် အစုအမြတ်ကိုဖြတ်တောက်ခြင်းဖြစ်သည်ဟု အနောက်တိုင်းမီဒီယာများတွင် ဖော်ပြကြသည်။ ဇန်နဝါရီမှမတ်လအတွင်း ကုမ္ပဏီအကျိုးအမြတ် ၄၆ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ကုမ္ပဏီကသတင်းထုတ်ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**


ရေနံထုတ်လုပ်သည့် စက်ရုံတစ်ရုံကို တွေ့ရစဉ်။

## တိုကျိုတွင် မေ ၁ ရက်က ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူပေါင်း ၁၀၀ ကျော်ရှိလာ

တိုကျို မေ ၁

တိုကျိုတွင် မေ ၁ ရက်က ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူပေါင်း ၁၆၅ ဦးရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

သုံးရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၀၀ ကျော်အထိ တိုးလာခြင်းဖြစ်ကြောင်းလည်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက်သည် ၅၀ ထက် နည်းခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။

ယခုအခါတွင် ဂျပန်နိုင်ငံမြို့တော် တိုကျိုတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ အတည်ပြုလူနာအရေအတွက်သည် စုစုပေါင်း ၄၃၁၇ အထိ ရောက်ရှိလာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့သောနိုင်ငံများရှိ ကျောင်းများပြန်ဖွင့်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်တို့ လမ်းညွှန်ချက်များထုတ်ပြန်

**ဂျီနီဗာ မေ ၁**

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်တို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့သော နိုင်ငံများရှိ ကျောင်းများကို အန္တရာယ်ကင်းစွာဖြင့်ပြန်လည်ဖွင့်လှစ်နိုင်ရန် လမ်းညွှန်ချက်များထုတ်ပြန်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁ ရက်က ထုတ်ပြန်ဖော်ပြလိုက်သည်။

ယူနက်စကိုက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် နိုင်ငံပေါင်း ၁၈၆ နိုင်ငံရှိ ကျောင်းများပိတ်ထားရကြောင်းနှင့် ထိုသို့ ကျောင်းများပိတ်ထားမှုကြောင့် ကျောင်းသား ကျောင်းသူပေါင်း ၁ ဒသမ ၃ ဘီလီယံ ထိခိုက်ခဲ့ကြောင်း ပြောကြားလိုက်သည်။

ယူနီဆက်ဖ်၊ ယူနက်စကို၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့က ဘယ်အချိန်၊ ဘယ်နိုင်ငံရှိ ဘယ်လိုကျောင်းတွေ ပြန်ဖွင့်ရမလဲဆိုသည့် လမ်းညွှန်ချက်တစ်ခုကို ဧပြီ ၃၀ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းညွှန်ချက်တွင် ခပ်ခွာခွာနေထိုင်ရမည့် အချက်ကို အကောင်အထည်ဖော်နိုင်မည့် ကျောင်း၏ စွမ်းဆောင်နိုင်ရည်ရှိမှု၊ သန့်ရှင်းကောင်းမွန်မှု စသည့် အကဲဖြတ်ရမည့် အချက် ၁၃ ချက် ပါဝင်သည်။

ထို့အပြင် အဆိုပါလမ်းညွှန်ချက်တွင် ကျောင်းမဖွင့်ခင်၊ ကျောင်းဖွင့်နေစဉ်နှင့် ကျောင်းဖွင့်ပြီးနောက် ဘယ်လိုလုပ်ဆောင်ရမည်ဆိုသည့် ကဏ္ဍသုံးခုပါဝင်သည်။ ထို့အပြင် ဘဏ္ဍာငွေထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်ကြောင်း သိရသည်။

ယူနီဆက်ဖ်အမှုဆောင်ညွှန်ကြားရေးမှူး ဟန်ရီတာဖိုးက ဘေးအန္တရာယ်ကင်းစွာဖြင့် ကျောင်းများပြန်ဖွင့်ရေး ဦးစားပေးအနေဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ပညာရေးတွင် ဆိုးကျိုးများဖြစ်လာနိုင်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**




# ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဒေဝါလီခံလိုက်ရသည့် ကုမ္ပဏီအရေအတွက် ၁၀၀ ထက်ကျော်လွန်

**တိုကျို မေ ၁**

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဒေဝါလီခံလိုက်ရသည့် ကုမ္ပဏီအရေအတွက်သည် ၁၀၀ ထက် ကျော်လွန်လာပြီဖြစ်ကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က မေ ၁ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

သုတေသနအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်ကိုကုဒေတာဘဏ်က ဧပြီလတွင် ဂျပန်နိုင်ငံ၌ ဒေဝါလီခံလိုက်ရသည့် ကုမ္ပဏီအရေအတွက်သည် ၈၃ ခု ရှိကြောင်း ပြောကြားလိုက်သည်။

ဖေဖော်ဝါရီလကတည်းက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ဒေဝါလီခံလိုက်ရသည့် ဘဏ်အရေအတွက်သည် ယခုအခါတွင် ၁၁၄ ခုရှိလာပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုလို ဒေဝါလီခံလိုက်ရသည့် ကုမ္ပဏီအရေအတွက် မြင့်တက်လာခြင်းက အစိုးရ၏ အရေးပေါ်အခြေအနေကြေညာချက် အစိတ်အပိုင်းတစ်ခုအနေဖြင့် မိမိအိမ်၌သာ နေထိုင်ရန် ကန့်သတ်ချက်များ၏ ကြောက်မက်ဖွယ် အကျိုးဆက်ကို ပြသလိုက်ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု အကျိုးဆက်သည် များစွာသော စက်မှုလုပ်ငန်းအမျိုးမျိုးတို့ကို သက်ရောက်စေသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆိုးရွားစွာထိခိုက်သော စီးပွားရေးလုပ်ငန်းများတွင် ဟိုတယ်များ၊ ဘားများ၊ စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ စသည်တို့ ပါဝင်ကြောင်း သိရသည်။

ဒေဝါလီခံမည့် ကုမ္ပဏီအရေအတွက် ပိုမိုတိုးတက်လာနိုင်ခြေရှိရာ ငွေကြေးအကျပ်အတည်း ကျရောက်နေသည့် ကုမ္ပဏီများကို ငွေကြေးထောက်ပံ့မှုများ လုပ်ဆောင်ပေးရန် အရေးပေါ် လိုအပ်နေပြီဖြစ်ကြောင်း အဆိုပါ သုတေသနအဖွဲ့က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံ တိုကျိုမြို့မြင်ကွင်းတစ်နေရာကိုတွေ့ရစဉ်။

# အမေရိကန် အဓိကလေကြောင်းလိုင်းသုံးခုတွင် ခရီးသည်များ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်

**ဝါရှင်တန် မေ ၁**

အမေရိကန်လေကြောင်းလိုင်း သုံးလိုင်းက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ၎င်းတို့၏ခရီးသည်များ လေကြောင်းစီးနင်း လိုက်ပါရာတွင် နှာခေါင်းစည်းတပ်ဆင်ရတော့မည်ဟု အသီးသီး ကြေညာခဲ့ကြသည်။

ဒယ်တာလေကြောင်းလိုင်း၊ အမေရိကန်လေကြောင်းလိုင်းနှင့် ဖရန့်တီးယားလေကြောင်းလိုင်းတို့သည် အသစ်ထုတ်ပြန်လိုက်သည့် စည်းမျဉ်းကို ကြေညာခဲ့ကြသည်။

မေ ၄ ရက်မှစတင်ကာ ဒယ်တာလေကြောင်းလိုင်းမှ ခရီးသည်များ နှာခေါင်းစည်းတပ်ဆင်ရမည်ဖြစ်သည်။ အမေရိကန်လေကြောင်းလိုင်းနှင့် ဖရန့်တီးယားလေကြောင်းလိုင်းတို့ကမူ မေ ၈ ရက်နှင့် ၁၁ ရက်ဟု အသီးသီး သတ်မှတ်ခဲ့ကြသည်။

နှာခေါင်းစည်းတပ်ဆင်ရန် စည်းကမ်းအသစ်ထပ်ထုတ်ရခြင်းမှာ ခရီးသည်များနှင့် လေယာဉ်အဖွဲ့သားများအားလုံး၏ ကျန်းမာရေးအတွက်ဖြစ်သည်ဟု အမေရိကန်လေကြောင်းလိုင်းမှ ကြေညာချက်ထုတ်ပြန်သည်။

အချို့သောလေကြောင်းလိုင်းများတွင် ထိုင်ခုံများခြားကာ ခရီးသည်အချင်းချင်း ခပ်ခွာခွာစီးနင်းလိုက်ပါရန် စီစဉ်ခဲ့ကြသည်။ လေကြောင်းလိုင်းသမဂ္ဂများကလည်း ခရီးသည်များအားလုံး နှာခေါင်းစည်းတပ်ဆင်ပေးကြရန် ဗဟိုလေကြောင်းကွပ်ကဲရေးအဖွဲ့အစည်းထံ တောင်းဆိုခဲ့ကြသည်။

လေကြောင်းလိုင်းများအနေဖြင့် ခရီးသည်များ၊ လေယာဉ်အမှုထမ်းများအားလုံး နှာခေါင်းစည်းများတပ်ဆင်ကြရန် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လာသည့်အတွက် ဝမ်းသာမိကြောင်း လေယာဉ်အမှုထမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆာရာနီဆန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲကို ချက်ချင်းနုတ်ထွက်ပေးရန် လူပေါင်းတစ်သန်းကျော် စုပေါင်းလက်မှတ်ရေးထိုးတောင်းဆို

**ဂျီနီဗာ မေ ၁**

ကိုဗစ်-၁၉ ဖြစ်ပွားမှုကို ကိုင်တွယ်ပုံနှင့် ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲကို ချက်ချင်း နုတ်ထွက်ပေးရန် လူပေါင်းတစ်သန်းကျော် စုပေါင်းလက်မှတ်ရေးထိုးတောင်းဆိုခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁ ရက်က ဖော်ပြလိုက်သည်။

အမေရိကန်အခြေစိုက် ချိန်းဒ့်ါအော ဝက်ဘ်ဆိုက်အွန်လိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ညွှန်ကြားရေးမှူးချုပ် တက်ရို့စ်အက်ဒ်ဟာနွန်ကို ရာထူးမှဆင်းပေးရေး တောင်းဆိုခဲ့ကြသည်။ အဆိုပါစာတွင် လူပေါင်း ၁ ဒသမ ၀၂ သန်းတို့သည် ဇန်နဝါရီနှောင်းပိုင်းမှ ဧပြီလအကုန်အထိ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာက ကိုဗစ်-၁၉ ဖြစ်ပွားသည့်အကြောင်းပြချက် အစိတ်အပိုင်းတစ်ခုအနေဖြင့် တက်ရို့စ်သည် ကိုဗစ်-၁၉ ကို လျှော့တွက်မိခဲ့ကြောင်းနှင့် ၎င်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ရာထူးနှင့် သင့်လျော်ခြင်းမရှိကြောင်း ဖော်ပြလိုက်သည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နိုင်ငံရေးအရ ကြားနေရမည်ဖြစ်ကြောင်း၊ သို့သော်လည်း တက်ရို့စ်သည် တရုတ်နိုင်ငံက ပေးပို့သည့် သေဆုံး၊ ကူးစက်ခံရသည့် အရေအတွက်ကို စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ယုံကြည်သည်ဟုလည်း အဆိုပါစာတွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ထောက်ပံ့နေသော ရန်ပုံငွေများကိုလည်း ဖြတ်တောက်လိုက်ကြောင်း သိရသည်။

အဆိုပါစာကို ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ကြောင်း အဆိုပါစာစီစဉ်သူက ပြောကြားလိုက်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခဲ့ကြောင်း တက်ရို့စ်က ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရို့စ်အက်ဒ်ဟာနွန်

# ပြည်ပရောက် အင်ဒိုနီးရှားပြည်သူတွေရဲ့ နေရပ်ပြန်ခရီးစဉ်

*ကလျာမိုးမြင့်*

**မလေးရှားနိုင်ငံမှာ ကပ်ရောဂါကျရောက်မှုကြောင့် အဝင်အထွက်ကန့်သတ်ပိတ်ဆို့ထားမှုအတွင်း ပိတ်မိနေကြတဲ့ အင်ဒိုနီးရှားရွှေ့ပြောင်းသွားလာသူတွေကို နေရပ်ပြန်ပို့တဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်နေပါပြီ။ အင်ဒိုနီးရှား ပြည်သူ့အကြံပေးညီလာခံဥက္ကဋ္ဌ ဘမ်ဘန်ဆိုဆာယိုက အစိုးရအနေနဲ့ ကပ်ရောဂါဖြစ်ပွားမှုကာလအတွင်းမှာ အင်ဒိုနီးရှား ရွှေ့ပြောင်းလုပ်သားတွေ နေရပ်ဆီပြန်နိုင်ရေး အကူအညီပေးဖို့ တိုက်တွန်းခဲ့ပါတယ်။**

## အလုပ်လက်မဲ့ဖြစ်ကြရ

ထောင်သောင်းချီတဲ့ မလေးရှားနိုင်ငံက ရွှေ့ပြောင်းလုပ်သားတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ချိန်မှာ အင်ဒိုနီးရှားမှာရှိတဲ့ ၎င်းတို့ရဲ့နေရပ်တွေဆီ မဖြစ်ဖြစ်တဲ့နည်းနဲ့ပြန်ဖို့ ဆုံးဖြတ်လိုက်ကြတဲ့နောက် တရားမဝင်တဲ့ လမ်းကြောင်းတွေကနေ လှေတစ်စင်းနဲ့လိုက်ပါခဲ့ကြတဲ့ အခြေအနေတွေဖြစ်ခဲ့ရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ အရှေ့တောင်အာရှနိုင်ငံတွေဆီရောက်ရှိလာတဲ့အခါ နိုင်ငံကို အဝင်အထွက်ပိတ်ဆို့ကန့်သတ်မှုတွေနဲ့အတူ စီးပွားရေးလုပ်ငန်းတွေကိုပါ ရပ်ဆိုင်းထားရတဲ့အတွက် ဒီနိုင်ငံတွေမှာ လာရောက်လုပ်ကိုင်နေကြတဲ့ အနယ်နယ်အရပ်ရပ်က ရွှေ့ပြောင်းလုပ်သားတွေ အလုပ်လက်မဲ့ဖြစ်ကုန်ကြရပါတယ်။

## သံရုံးတွေကနေ အကူအညီပေး

ဒီတော့ အိမ်ပြန်ဖို့စိုင်းပြင်းနေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေ အနေနဲ့လိုအပ်တဲ့အကူအညီတွေ မြန်မြန်ဆန်ဆန်ရရှိပြီး နေရပ်ကို ချောချောမောမော ပြန်ရောက်စေဖို့အတွက် အစိုးရသံရုံးတွေကနေတစ်ဆင့် အကူအညီပေးသင့်တယ်လို့ ဘမ်ဘန်က တိုက်တွန်းခဲ့ပါတယ်။ အင်ဒိုနီးရှားရွှေ့ပြောင်းသွားလာသူတွေကို အကာအကွယ်ပေးရေး ပြဋ္ဌာန်းထားတဲ့ ၂၀၁၇ ဥပဒေအရ အစိုးရဟာ ရွှေ့ပြောင်းလုပ်သားတွေဆီ ငွေကြေး၊ အစားအသောက်နဲ့ ကျန်းမာရေးအထောက်အပံ့ပစ္စည်းတွေကိုပေးပို့ဖို့ ၎င်းတို့ကို လက်ခံထားတဲ့ နိုင်ငံတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။

## မလေးရှားက ပြန်လာကြသူများ

ဒ့ါအပြင် အစိုးရအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ၊ အထူးသဖြင့် ဝင်ငွေမရရှိတော့တဲ့ အလုပ်လက်မဲ့ဖြစ်သွားသူတွေကို စီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီက အစိုးရအနေနဲ့ ပြည်ပကိုရောက်ရှိနေကြတဲ့ အင်ဒိုနီးရှားနိုင်ငံသားတွေ၊ အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ပို့ပေးတဲ့ လုပ်ငန်းစဉ်တွေ ဆက်လက်လုပ်ဆောင်ပေးနေတယ်လို့ ပြောကြားခဲ့ပါတယ်။




Explorer Dream အပျော်စီးသင်္ဘောပေါ်မှ အင်ဒိုနီးရှားနိုင်ငံသားများ အင်ဒိုနီးရှားနိုင်ငံ တန်ဂျွန်းပရီရော့ ဆိပ်ကမ်းသို့ ပြန်ရောက်လာသည်ကို တွေ့ရစဉ်။

မလေးရှားနိုင်ငံမှာရောက်ရှိနေတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ တခြားနိုင်ငံတွေဆီရောက်နေကြတဲ့ အင်ဒိုနီးရှားပြည်သူတွေထက် နေရပ်ပြန်ရောက်ရှိတဲ့ အရေအတွက် ပိုများတယ်လို့ သိရပါတယ်။

ဧပြီ ၂၉ ရက်က မလေးရှားနိုင်ငံရောက် အင်ဒိုနီးရှား ရွှေ့ပြောင်းလုပ်သားအရေအတွက် စုစုပေါင်း ၆၈၁၂၉ ဦးကို နေရပ်ပြန်ပို့ခဲ့ပါတယ်။ အဲဒီထဲက ၆၉ ရာခိုင်နှုန်းကို ရေယာဉ်တွေ၊ ၁၈ ရာခိုင်နှုန်းကို ဘတ်စ်ကားတွေ၊ ၁၃ရာခိုင်နှုန်းကို လေယာဉ်နဲ့ အသီးသီးပြန်လည်ပို့ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

## ကျန်းမာရေးအစီအမံတွေလိုက်နာဖို့လို

မလေးရှားနိုင်ငံကနေ မိခင်နိုင်ငံတွေဆီ ပြန်ရောက်သွားကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ တင်းကျပ်စွာချမှတ်ထားတဲ့ ကျန်းမာရေးအစီအမံတွေကိုတော့ လိုက်နာဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ အစီအမံတွေကို လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ယဉ်ကျေးမှုဝန်ကြီး မူဟာဂျာအီဖန်ဒီနဲ့အတူ ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့တယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်နိုက ဂျကာတာမှာ ဧပြီ ၂၉ ရက်က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ကမ္ဘာ့နိုင်ငံအများအပြားမှာရှိတဲ့ အပျော်စီးသင်္ဘောတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ အင်ဒိုနီးရှားနိုင်ငံသား သင်္ဘောအမှုထမ်းပေါင်း ၁၁၅၀၅ ဦး ဟာဆိုရင်လည်း အခုဆိုရင် ဘေးကင်းစွာနဲ့ အင်ဒိုနီးရှားနိုင်ငံကို ပြန်ရောက်နေကြပြီဖြစ်တယ်လို့ မစ္စတာမူဟာဂျာအီဖန်ဒီက ပြောပါတယ်။ ၎င်းတို့ထဲက ၃၅၉ ဦးဟာ Explorer Dream အပျော်စီးသင်္ဘောမှာ လုပ်ကိုင်နေကြတဲ့ သင်္ဘောသားတွေဖြစ်ပြီး ဧပြီ ၂၉ ရက်မှာ ဂျကာတာမြို့ တန်ဂျွန်းပရီရော့ ဆိပ်ကမ်းကို ရောက်ရှိခဲ့ပါတယ်။ နောက်ထပ် ၃၇၅ ဦးကတော့ Carnival Splendor အပျော်စီးသင်္ဘောကဖြစ်ပြီး နောက်တစ်ရက်မှာ အဲဒီဆိပ်ကမ်းကိုပဲ ထပ်မံရောက်ရှိခဲ့ပါတယ်။

## ပြန်ရောက်လာမယ့်ပြည်သူတွေကို စောင့်မျှော်နေ

အင်ဒိုနီးရှားနိုင်ငံကို ပြန်ရောက်လာတဲ့ ပြည်သူတွေကို တစ်ပတ်ကြာ ကန့်သတ်စောင့်ကြည့်မှုထားရှိဖို့အတွက် မြို့တွင်းရှိ ဟိုတယ်တွေဆီ ခေါ်ဆောင်မသွားခင် ဗိုင်းရပ်စ်ရှိမရှိ စမ်းသပ်စစ်ဆေးမှုတွေ မြန်မြန်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ကျန်တဲ့နိုင်ငံတွေ အများအပြားမှာရှိကြတဲ့ အပျော်စီးသင်္ဘော ၁၈ စင်းပေါ်က အင်ဒိုနီးရှားနိုင်ငံသား ၂၃၃၉ ဦး ပြန်ရောက်လာဖို့ စောင့်မျှော်နေတယ်လို့ သိရပါတယ်။

> **"မြို့တော်ဂျကာတာမှာ နောက်ထပ်ရောဂါကူးစက်ခံရသူ ၈၂ ဦး စစ်ဆေးတွေ့ရှိရတဲ့အတွက် မြို့တွင်းကူးစက်မှု ၄၁၇၅ ဦး ဖြစ်လာပါတယ်။ အရှေ့ဂျာဗားမှာ ရောဂါထပ်မံကူးစက်ခံရသူ ၈၆ ဦး၊ စူလာဝေစီတောင်ပိုင်းမှာ ၂၆ ဦး၊ ကာလီမန်တန်အလယ်ပိုင်းမှာ ၁၆ ဦးနဲ့ အရှေ့ကာလီမန်တန်မှာ ၁၅ ဦး ရောဂါကူးစက်ခံထားရတယ်လို့ ထပ်မံတွေ့ရှိခဲ့ရပါတယ်။ ဗိုင်းရပ်စ်ဟာ တစ်နိုင်ငံလုံးရှိ ပြည်နယ်ပေါင်း ၃၄ ခုအထိ ပျံ့နှံ့ရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်"**

အင်ဒိုနီးရှားနိုင်ငံအတွင်း ဧပြီ ၃၀ ရက်မှာ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ နောက်ထပ် ၃၄၇ ဦးထပ်မံတွေ့ရှိရပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက် ၁၀၁၁၈ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။ ရောဂါဖြစ်ပွားမှုကြောင့် နောက်ထပ် ရှစ်ဦးသေဆုံးခဲ့ရပြီး စုစုပေါင်းသေဆုံးသူ ၇၉၂ ဦး ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာန ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေး အထွေထွေညွှန်ကြားရေးမှူး အက်ကမက်ယူရီရန်တိုက ဧပြီ ၃၀ ရက် သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ ရောဂါကူးစက်ခံခဲ့ရပြီးနောက် ကျန်းမာရေးအခြေအနေပြန်ကောင်းလာလို့ ဆေးရုံက ဆင်းခွင့်ရသွားတဲ့သူ အရေအတွက်ကတော့ ၁၅၂၂ ဦး ဖြစ်ပါတယ်။

## ပြည်နယ်ပေါင်း ၃၄ ခုအထိ ပျံ့နှံ့

မြို့တော်ဂျကာတာမှာ နောက်ထပ် ရောဂါကူးစက်ခံရသူ ၈၂ ဦး စစ်ဆေးတွေ့ရှိရတဲ့အတွက် မြို့တွင်းကူးစက်မှု ၄၁၇၅ ဦး ဖြစ်လာပါတယ်။ အရှေ့ဂျာဗားမှာ ရောဂါထပ်မံကူးစက်ခံရသူ ၈၆ ဦး၊ စူလာဝေစီတောင်ပိုင်းမှာ ၂၆ ဦး၊ ကာလီမန်တန်အလယ်ပိုင်းမှာ ၁၆ ဦးနဲ့ အရှေ့ကာလီမန်တန်မှာ ၁၅ ဦး ရောဂါကူးစက်ခံထားရတယ်လို့ ထပ်မံတွေ့ရှိခဲ့ရပါတယ်။ ဗိုင်းရပ်စ်ဟာ တစ်နိုင်ငံလုံးရှိ ပြည်နယ်ပေါင်း ၃၄ ခုအထိ ပျံ့နှံ့ရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။

လတ်တလောမှာတော့ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ၎င်းရဲ့ရွှေ့ပြောင်းလုပ်သားတွေ ပြန်ရောက်လာတဲ့ အခြေအနေကို စီမံထိန်းသိမ်းဖို့ အဓိကနယ်စပ်နေရာတွေမှာ ကျန်းမာရေးအစီအမံတွေကို အရှိန်မြှင့်လုပ်ဆောင်နေပါတယ်။ အစိုးရက အင်ဒိုနီးရှားရွှေ့ပြောင်းလုပ်သားတွေ အလုံးအရင်းပြန်ဝင်လာမှုနဲ့ပတ်သက်ပြီး ဧပြီ ၂၉ ရက်မှာ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကာ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာနိုင်တဲ့ ဖြစ်နိုင်ဖွယ်အခြေအနေတွေအပေါ် ဘယ်လိုစီမံခန့်ခွဲမယ်ဆိုတာနဲ့ ပတ်သက်တဲ့ မူဝါဒတွေ ချမှတ်ခဲ့ပါတယ်။

## နွေးထွေးတဲ့အိမ်ပြန်ခရီး

လေကြောင်းကနေ ပြန်ရောက်လာကြမယ့် ပြည်သူတွေအတွက် မြို့တော်ဂျကာတာ၊ ဘာလီ၊ မာကာဆာနဲ့ မီဒန်တို့ဟာ အဓိကဝင်ပေါက်တွေဖြစ်ပြီး ရေကြောင်းနဲ့ ပြန်ဝင်လာကြမယ့် ပြည်သူတွေအတွက် ဘာတန်၊ တန်ဂျွန်း ပရီရော့၊ ဘီနိုအာ၊ ဒူမိုင်နဲ့ တန်ဂျွန်းဘာလိုင် ကာရီမန်တို့ကို အဓိကဝင်ပေါက်တွေအဖြစ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။ အနယ်နယ်အရပ်ရပ်ကနေပြန်လာမယ့် ပြည်သူတွေကို အင်ဒိုနီးရှားနိုင်ငံက ကြိုဆိုလက်ခံဖို့ အရန်သင့်ပြင်ဆင်ထားမှုဟာ နေရပ်ပြန်ပြည်သူတွေအတွက် နွေးထွေးတဲ့အိမ်ပြန်ခရီးတစ်ခု ဖြစ်လာစေလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ။

ကိုးကား- ဂျကာတာပို့စ်

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဥဇဘက်ကစ္စတန်တွင် ဆည်ကျိုးပေါက်ပြီးနောက် ဒေသခံထောင်ပေါင်းများစွာကိုကယ်တင်ခဲ့

**တက်ရှ်ခန် မေ ၁**

ဆိုက်ဒါရီးယားဒေသရှိ ဆာဒိုဘာဆည်ကျိုးပေါက်ပြီးနောက် ဒေသခံ ၁၁၅၀၀ကျော်ကို ကယ်ဆယ်ခဲ့ရကြောင်း ဥဇဘက်ကစ္စတန် အရေးပေါ်ဌာနက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။ နံနက်စောပိုင်းတွင် ဆည်ကျိုးပေါက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံများနေထိုင်ရာနေရာ၊ လယ်ကွင်းများကို ရေများဖုံးလွှမ်းသွားကြောင်း၊ ဆည်အနီးအနားတစ်ဝိုက်နေထိုင်ကြသည့် ကျေးရွာများကို နေရာရွှေ့ပြောင်းရန် သတိပေးထားကြောင်း အရေးပေါ် ကယ်ဆယ်ရေးဌာနက ပြောသည်။ ယခုအချိန်ထိ လူမည်မျှ သေဆုံးပျက်စီးရသည်ကို မသိရသေးပေ။ ရေကြီးမှုနောက်ပိုင်း ရွှေ့ပြောင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန် အရေးပေါ်ဝန်ဆောင်မှုဌာနနှင့် သက်ဆိုင်ရာအေဂျင်စီများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဘရာဇီးနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၇၂၁၈ ဦးအထိရှိ

**ရီယိုဒီဂျနေယိုး မေ ၁**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဘရာဇီးနိုင်ငံတွင် ကိုဗစ် -၁၉ လူနာသစ် ၇၂၁၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

မကြာသေးမီရက်များအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရမှု သိသိသာသာ မြင့်တက်လာခဲ့ခြင်းပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူတရားဝင်စာရင်းဇယားများအရ ဧပြီ ၂၉ ရက်တွင် လူနာပေါင်း ၇၈၁၆၂ ဦးရှိခဲ့ရာမှ ဧပြီ ၃၀ တွင် ၈၅၃၈၀ အထိမြင့်တက်လာခဲ့သည်။ သေဆုံးနှုန်းမှာလည်း ၅၄၉၉ ဦးမှ ၅၉၀၁ အထိ မြင့်တက်သွားခဲ့ကာ သေဆုံးမှုနှုန်း ၆ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ကူးစက်ခံရသူများမှာ ဆောပိုလိုမြို့တွင် ၂၈၆၉၈ ဦး၊ ရီယိုဒီဂျနေယိုးမြို့တွင် ၉၄၅၃ ဦး၊ ဆီရာပြည်နယ်တွင် ၇၆၀၆ ဦး၊ ပါနမ်ဘူကိုပြည်နယ်တွင် ၆၈၇၆ဦး၊ အမေဇွန်နက်စ်ပြည်နယ်တွင် ၅၂၅၄ ဦး၊ မယ်ရာဟိုပြည်နယ်တွင် ၃၁၉၀၊ ဘာဟီရာပြည်နယ်တွင် ၂၈၅၁ ဦး၊ ပါရာပြည်နယ်တွင် ၂၈၇၆ ဦး၊ အက်စ်ပီရီတို ဆန်တိုပြည်နယ်တွင်၂၄၆၅ဦး၊ ဆန်တာကာတာရီနာပြည်နယ်တွင် ၂၀၈၅ ဦး၊ မီနက်စ်ဂီရာအစ်ပြည်နယ်တွင် ၁၈၂၇ ဦး၊ ရီယိုဂရန်ဒီ ဒိုဆော်ပြည်နယ်တွင် ၁၄၆၆ ဦး၊ ပါရာနာပြည်နယ်တွင် ၁၄၀၇ ဦးနှင့် ဘရာဇီးအလယ်ပိုင်း ကုန်းမြင့်ဒေသတွင် ၁၃၅၆ ဦးတို့ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်ကလည်း လူနာသစ်နှင့် သေဆုံးသူများ စံချိန်တင်မြင့်တက်ခဲ့ပြီး ကိုဗစ် -၁၉ ကပ်ရောဂါစတင် ဖြစ်ပွားချိန်မှစတင်ကာ အမြင့်ဆုံး အနေအထားဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၃၀-၄-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၉) ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိရကြောင်း (၃၀-၄-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ သတင်းတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် (၃၀-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၀၈) ခု တွင် COVID-19 ရောဂါပိုးစစ်ဆေးတွေ့ရှိသူ အသစ် (၁) ဦး ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၁) ဦး ရှိပြီဖြစ်ပါသည်။

၄။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးအား သက်ဆိုင်ရာဆေးရုံသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည် ဖြစ်ပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၇) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား -၁

(၃၀-၄-၂၀၂၀ ရက်နေ့) ဓာတ်ခွဲစစ်ဆေးခဲ့မှုများတွင် COVID-19 လူနာတွေ့ရှိရမှု
(၁-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID -19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 151 | ၂၈ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာ၊ အထူးကုဆေးရုံ၊ရန်ကုန် | တွေ့ရှိ | စောင့်ကြည့်လူနာ |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ)(DMR+ NHL) | (၂၃၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

## ရေတာရှည်မြို့နယ်တွင် စောင့်ကြည့်သူ ၅၀၇ ဦး ပြန်လည်စေလွှတ်ပေးခဲ့

ရေတာရှည် မေ ၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ပြည်ပနိုင်ငံများနှင့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြန်လည်ဝင်ရောက်လာသူများအား မတ် ၂၆ ရက်မှစတင်၍ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များရှိ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးစခန်းများတွင် ထားရှိသူ ၇၃၄ ဦးရှိခဲ့ပြီး ဧပြီ ၃၀ ရက်အထိ စောင့်ကြည့်ကာလပြီးသွား၍ ပြန်လည်စေလွှတ်သူပေါင်း ၅၀၇ ဦး ရှိကာ ၂၂၇ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

လက်ရှိ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ဆက်လက်စောင့်ကြည့်သွားရန်ရှိနေရာ မကြာမီရက်ပိုင်းအတွင်း စောင့်ကြည့်သူ အရေအတွက် ပြန်လည်များပြားနိုင်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ စစ်ဆေးပြီးစီးခဲ့သော အသွားအလာကန့်သတ်ခံရသူနှင့် စောင့်ကြည့်လူနာ (၁၅၅) ဦး၏ ဓာတ်ခွဲနမူနာများနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော အသွားအလာကန့်သတ်ခံရသူနှင့် စောင့်ကြည့်လူနာ (၄၁) ဦး၏ ဓာတ်ခွဲနမူနာများ၊ စုစုပေါင်း (၁၉၆) ခုတွင် -

- COVID-19 ရောဂါပိုး မတွေ့ရှိပါ။ (ဓာတ်ခွဲအတည်ပြု လူနာသစ် မရှိပါ။)

၂။ (၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၁) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁-၅-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ အနက် ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၃)ဦး (Case -14, 18, 90) ထပ်မံတွေ့ရှိရသဖြင့် ယနေ့အထိ ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၁) ဦးရှိပြီးဖြစ်ပါသည်။

၄။ (၁-၅-၂၀၂၀) ရက်နေ့တွင် ရောဂါပိုးကင်းစင်လာသူ (၁၀) ဦး (Case-2, 8, 32, 33, 38, 41, 47, 50, 54, 58) တို့အား ဆေးရုံမှဆင်းခွင့်ပြုခဲ့၍ ယနေ့အထိ ဆေးရုံမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း (၂၇) ဦးရှိပြီဖြစ်ပြီး ၎င်းတို့အား သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦးရှိပါသည်။

၆။ ကျန်ရှိ ဓာတ်ခွဲအတည်ပြုလူနာ (၁၁၈) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦးရှိပါသည်။

၇။ (၃၀-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၅)ဦး ရှိပါသည်။

၈။ ယနေ့ညအတွက် ဓာတ်ခွဲအဖြေများ ထပ်မံထုတ်ပြန်ရန် မရှိတော့ပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၅) ခု |
| (၁-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



## တရုတ်နိုင်ငံမှ နေရပ်ပြန် ၁၆၀ အား သီပေါအထွက်ဂိတ်၌ ကျန်းမာရေးစစ်ဆေးပြီး ကျောက်မဲအဝင်ဂိတ်သို့ ပို့ဆောင်ပေး

သီပေါ မေ ၁

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် သီပေါမြို့အဝင်/အထွက်ဂိတ်များ၌ ကိုဗစ်-၁၉ စစ်ဆေးရေး အဖွဲ့ဝင်များ နေ့စဉ်နံနက်မှ ညအထိ အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူပြီး စောင့်ကြပ်စစ်ဆေးလျက်ရှိသည်။

နေရပ်ပြန်သူများ စတင်ဝင်ရောက်လျက်ရှိရာ လမ်းခရီး၌ ယိုစိမ့်ထွက်မှုမရှိစေရန် ယနေ့နံနက် ၇ နာရီမှစတင်၍ သီပေါမြို့နယ် စင့်အင်ကျေးရွာ မန္တလေးနှင့် လားရှိုးဆက်သွယ်ပေးသော ပြည်ထောင်စု လမ်းမကြီး စင့်အင်ချောင်းကူးတံတား၌ တရုတ်နိုင်ငံမှ နေရပ်ပြန်မော်တော်ယာဉ် ၃၀ နှင့် ဆိုင်ကယ် ၂၉ စီးတို့မှ အမျိုးသား၊ အမျိုးသမီး ၁၆၀ တို့အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထွေးနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နွေးထွေးစွာ သွားရောက်ကြိုဆိုကြပြီး မြို့အထွက်ဂိတ်၌ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ကာ ကျောက်မဲမြို့ အဝင်ဂိတ်အထိ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

စိုင်း (သီပေါ)

# သတိပြုသင့်သော ကိုဗစ်နှင့်တုပ်ကွေး

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

အခုအခါ ကိုဗစ်-၁၉ အဖျားရောဂါကို တစ်ကမ္ဘာလုံးက ကပ်ရောဂါအဖြစ် ကာကွယ်တိုက်ဖျက်နေရချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားတတ်ချိန်နဲ့လည်း ဆုံနေနိုင်တာမို့ သတိပြုရမယ့်အချိန်အခါလည်း ဖြစ်ပါတယ်။ ရာသီတုပ်ကွေးရောဂါဟာ တစ်နှစ်ပတ်လုံးဖြစ်နေတတ်ပေမယ့် အပူပိုင်းဒေသများမှာ မိုးရာသီဆို အဖြစ်များလာတတ်ပါတယ်။ အအေးပိုင်းဒေသတွေမှာ ဆောင်းရာသီ -ဒီဇင်ဘာကနေ ဖေဖော်ဝါရီလအတွင်းအဖြစ်များပြီး ပူနွေးလာရင် ကျသွားတတ်ပါတယ်။ Humidity စွတ်စိုထိုင်းမှိုင်းတဲ့ မိုးရာသီကိုလည်း တုပ်ကွေးဗိုင်းရပ်စ်တို့က နှစ်သက်ကြပါတယ်။

၂၀၁၉-၂၀၂၀ မှာ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုတို့ရဲ့ မိုးရာသီဝင်ရောက်တော့မှာမို့ မိုးရာသီနဲ့အတူ ရာသီတုပ်ကွေးရောဂါကလည်း အတူ ကပ်လိုက်ပါနေလေ့ရှိပါတယ်။ ထူးခြားတာက ကိုဗစ် ပိုးကလည်း အရင်နေရာယူပြီး ဖြစ်နေတာကြောင့်အဖျားရောဂါနှစ်ခုဆုံနေနိုင်ပါတယ်။ သူတို့နှစ်ခုဆုံပြီး ဖြစ်ကြရင် အဖျားအနာပိုများပြားမှာဖြစ်တဲ့အပြင် နောက်ဆက်တွဲပြဿနာများစွာလည်း ဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒါကြောင့် အရင်နေရာယူပြီးဖြစ်တဲ့ ကိုဗစ်-၁၉ ကို အမြန်ဆုံး ဖြတ်တောက်နှိမ်နင်းကြဖို့နဲ့ တုပ်ကွေးရောဂါကိုလည်း တားဆီးကာကွယ်ကြဖို့ ဆောင်ရွက်ကြဖွယ်များစွာရှိနေပါတယ်။ နှစ်ခုလုံးက ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ အဖျားရောဂါတွေဖြစ်တာမို့ သူတို့ရဲ့ဆင်တူတဲ့အချက်တွေ၊ မတူကွဲပြားတာတွေကို သိရှိကြပြီးလိုအပ်သည်များသတိရှိရှိ ဆောင်ရွက်နိုင်ကြဖို့ လိုအပ်ပါတယ်။

**တုပ်ကွေးဗိုင်းရပ်စ် (Influenza Virus.)**

Influenza virus များဟာ Orthomyxoviraedae အုပ်စုဝင် ဗိုင်းရပ်စ်ပိုးများဖြစ်ကြပါတယ်။ သူတို့မှာ အဓိကပါဝင်တဲ့ ပရိုတင်းဓာတ်များအပေါ်မူတည်ပြီး Type A,B,C ဆိုပြီး ခွဲခြားထားပါတယ်။ လူတွေမှာအဖြစ်များတာက Type A,B တို့ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ပိုးတို့ဟာ သူတို့ကိုဖုံးအုပ်ထားတဲ့အခွံပရိုတင်းဓာတ်HA(Haemagglutinin)နဲ့ NA( Neuraminidase)တို့အပေါ်မူတည်ပြီးခွဲခြားထားသလို ဒီဓာတ်တွေဟာလည်း ဇီဝပြောင်းလဲမှုများ High mutation and frequent genetic reassortment ဖြစ်လွယ်ကြပါတယ်။ လူနဲ့ငှက်တွေ ကုန်းနေရေနေသတ္တဝါ အချို့တို့မှာ16HA,9NA အမျိုးကွဲများရှိနေတတ်ပြီး ဗီဇပုံသဏ္ဌာန်က ပြောင်းလဲနေလေ့ရှိပါတယ်။ ဒါကြောင့် တုပ်ကွေးကာကွယ်ဆေးထုတ်ဖော်ရာမှာ တစ်သမတ်တည်းမဟုတ်ဘဲ နှစ်စဉ်လိုလိုပြောင်းလဲ ထုတ်ဖော်ပေးနေရပါတယ်။


တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး လွန်ခဲ့သော နှစ်အနည်းငယ်က Seasonal Influenza A(H1N1)pdm 09 ဆိုပြီး အဖျားရောဂါဖြစ်ပွားခဲ့ပါတယ်။ သူသည် ရာသီတုပ်ကွေးအဖျားရောဂါနဲ့ ဆက်စပ်နေပါတယ်။ H1N1pdm09 ဆိုတာက ၂၀၀၉ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ တုပ်ကွေးရောဂါတစ်မျိုးဖြစ်ပြီး အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားနှင့် မက္ကဆီကိုနိုင်ငံတို့မှာ ထိုနှစ်ဧပြီလကဖြစ်ပွားခဲ့ကာ ကမ္ဘာ့ပတ်တုပ်ကွေး Pandemic Influenza အဖြစ်သတ်မှတ်ခဲ့ပါတယ်။ Swine Flu Virus,Avian Flu Virus,Human Flu Virus စတဲ့ဝက်တုပ်ကွေး၊ ကြက်ငှက်တုပ်ကွေး၊ လူတုပ်ကွေးဗိုင်းရပ်စ်တို့မှ ဗီဇများပေါင်းပြီးဖြစ်လာတဲ့ ဗိုင်းရပ်စ်ပိုးအသစ် pdm 2009 ဖြစ်ကြောင်းသိရပါတယ်။ ၂၀၀၉ခုနှစ် ဇွန်လအထိလူပေါင်း ၉၄၅၁၂ ဦးဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၄၂၉ဦး၊ နိုင်ငံပေါင်း ၁၃၅ နိုင်ငံမှာဖြစ်ပွားခဲ့ပါတယ်။ လူအချင်းချင်းမှာကူးစက်ခဲ့ပါတယ်။ သို့သော် နောက်ပိုင်းမှာ ကူးစက်ပျံ့နှံ့မှုမတွေ့ရတဲ့အတွက် ၂၀၁၀ ပြည့်နှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကပ်ရောဂါအဖြစ်မသတ်မှတ်တော့ဘဲ ရာသီတုပ်ကွေး Seasonal Influenza အဖြစ်သာ သတ်မှတ်ခဲ့ကြောင်း သိရပါတယ်။ (Journal of Preventive Medicine and Hygiene JPMH)-2016၊

ဒါသည်လည်း တုပ်ကွေးရောဂါနဲ့ပတ်သက်တဲ့ သတိပြုဖွယ်တစ်ခုဖြစ်ပါတယ်။


ကိုဗစ်-၁၉ အဖျားနဲ့ တုပ်ကွေးအဖျားတို့ အတူတူရာသီတစ်ခုတည်းမှာ ထပ်ဖြစ်နေရင် သိထားသင့်သည်များကို ဖော်ပြလိုပါတယ်။

**၁။ ရောဂါလက္ခဏာများ**

အမေရိကန်နိုင်ငံ National Syndrome Surveillance မှ ရောဂါလက္ခဏာစု လေ့လာရေးအဖွဲ့က အရေးပေါ်ဌာန ၅၃ ခုမှာ လေ့လာခဲ့ပါတယ်။ အဲဒီမှာ ကိုဗစ်-၁၉ နဲ့ ရာသီတုပ်ကွေးလက္ခဏာတို့ ဆင်တူတဲ့အချက်တွေရှိနေကြောင်း တွေ့ရှိရပါတယ်။ ကိုယ်ပူအဖျားတက်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ နှာစေးခြင်း၊ ကိုက်ခဲခြင်း၊ အသက်ရှူကျပ်ခြင်းဆိုတဲ့လက္ခဏာစု(၅)မျိုး တုပ်ကွေးဆင်တူလက္ခဏာများကို တွေ့ရပါတယ်။ တစ်ဖန် ကိုဗစ်-၁၉ မှာ တုပ်ကွေးဆင်တူလက္ခဏာများအပြင် Severe Acute Respiratory Illness(SARI)ခေါ် အလွန်ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခြင်း၊ ကျပ်ခြင်းနဲ့ အသက်ရှူမရခြင်းအထိ ပြင်းထန်တဲ့ လက္ခဏာဖြစ်ပွားတာကို တွေ့ရပါတယ်။ နယူးယောက်မြို့မှာ စာသင်ကျောင်းများကို ၁၆-၃-၂၀၂၀ ရက်နေ့ကစပြီး ပိတ်လိုက်ပါတယ်။ ကျောင်းတွေမှာ ပိုးစစ်ဆေးတွေ့ရှိသူပေါင်း ၄၉၇၇ ဦးတောင်ရှိခဲ့တယ်လို့ သိရပါတယ်။ ဝါရှင်တန်ပြည်နယ် Nursing homes လူအိုရုံတွေမှာ စဖြစ်ပေမယ့် ဒေသဆိုင်ရာတို့က သေသေချာချာ ပိတ်ဆို့ထားနိုင်လို့ အခြေအနေဆိုးခဲ့ခြင်း မရှိဘူးတဲ့။ နယူးယောက်မှာတော့ အဲဒီလိုလုပ်တာ နောက်ကျခဲ့တာရယ်၊ pockets ခေါ် နေရာကွက်ကျားဖြစ်တာတွေရယ် များလာတာကြောင့် အခုလို ပြန့်ပွားမှု များလာတာလို့ သုံးသပ်ကြပါတယ်။ မတ်လပထမအပတ်မှာကတည်းက နယူးယောက်မှာ ပိုးတွေ့သူ ၁၃ ဦးရှိနေခဲ့ပြီဖြစ်ပါတယ်။ ကူးစက်ခံရသူတို့မှာ အဆိုပါလက္ခဏာများအပြင် မျက်စိနာခြင်း၊ အနံ့မရခြင်း၊ ဗိုက်နာခြင်း၊ အလွန်နွမ်းနယ်ခြင်းတို့ကိုလည်း ခံစားရလေ့ရှိကြောင်း သိရပါတယ်။



ရာသီတုပ်ကွေး ဗိုင်းရပ်စ်ပိုး။



ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး။

> **"မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုတို့ရဲ့ မိုးရာသီဝင်ရောက်တော့မှာမို့ မိုးရာသီနဲ့အတူ ရာသီတုပ်ကွေး ရောဂါကလည်းအတူ ကပ်လိုက်ပါနေလေ့ရှိပါတယ်။ ထူးခြားတာက ကိုဗစ်ပိုးကလည်း အရင်နေရာယူပြီး ဖြစ်နေတာကြောင့် အဖျားရောဂါနှစ်ခုဆုံနေနိုင်ပါတယ်။ သူတို့ နှစ်ခုဆုံပြီးဖြစ်ကြရင် အဖျားအနာပိုများပြားမှာဖြစ်တဲ့အပြင် နောက်ဆက်တွဲ ပြဿနာများစွာလည်း ဆက်လက်ရင်ဆိုင်ရဖွယ်ရှိနေပါတယ်"**

**၂။ ကူးစက်ခြင်း**

အဖျားရောဂါနှစ်ခုလုံးက droplets အမှုန်အမွှားတွေကနေ ကူးစက်တတ်ပါတယ်။ ကူးစက်ခံနေရသူရဲ့ နှာခေါင်း၊ ပါးစပ်တို့ကထွက်တဲ့ အမှုန်တွေကို ရှူမိခြင်း၊ ထိတွေ့ကိုင်တွယ်မိခြင်း၊ နီးကပ်စွာထိတွေ့နေထိုင်မိခဲ့ခြင်း၊(အခန်းအတွင်း ၁၅ မိနစ်ခန့်အတူနေထိုင်မိခဲ့ခြင်း၊ စကားပြောမိခြင်းတို့ပင်လျှင် ကူးစက်နိုင်ကြောင်း) ကိုဗစ်-၁၉ ကိုလေ့လာရင်း တွေ့ရှိရပါတယ်။ CDC ကူးစက်ရောဂါထိန်းသိမ်းရေးအဖွဲ့ကြီးရဲ့ လေ့လာမှုအရ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာနေထိုင်ခြင်းက ကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ကြောင်းလည်း သိရှိရပါတယ်။ ကူးစက်ခံနေရသူ ထိတွေ့ကိုင်တွယ်ထားတဲ့ တယ်လီဖုန်း၊ တံခါးလက်ကိုင် စသည်တို့ကနေလည်း ကူးစက်နိုင်ပါတယ်။ တရုတ်နိုင်ငံ ဝူဟန်မြို့ကလာတဲ့ မိသားစုတစ်ခုနဲ့စားသောက်ဆိုင်အလုံခန်းအတွင်း အနီးကပ်စားပွဲမှာ အတူစားသောက်ခဲ့တဲ့ အခြားမြို့တစ်မြို့က မိသားစုကိုပါ ကူးစက်ခဲ့ကြောင်း သိရပါတယ်။

တရုတ်နိုင်ငံမှာလေ့လာခဲ့ချက်အရ ကိုရိုနာဗိုင်းရပ်စ်များဟာ လူတစ်ဦးကနေ အခြား (၂-၂ ဒသမ ၅)ဦးတို့ထံ ကူးစက်နိုင်ပြီး တုပ်ကွေးပိုးက ၁ ဒသမ ၃ ဦးထံ ကူးစက်စေနိုင်ကြောင်းတွေ့ရပါတယ်။ မကြာမီလေ့လာမှုများအရ ကိုရိုနာဗိုင်းရပ်စ်ပိုးအကူးခံရသူအများစုတို့ဟာ ရောဂါပိုးကူးစက်ခံနေရသော်လည်း Presymptomatic ခေါ်ရောဂါလက္ခဏာမပြသေးသူများထံကနေ ကူးခံကြရခြင်း ဖြစ်ကြောင်း တွေ့ရပါတယ်။ ရောဂါလက္ခဏာများမပြခင် အချိန်ဟာ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်နိုင်စွမ်း ကောင်းနေကြောင်း၊ တရုတ်နိုင်ငံမှာဆိုရင် ဒီလိုနည်းနဲ့ကူးစက်ခံရသူ ၁၃ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါတယ်။ တုပ်ကွေးမှာတော့ ကိုယ်ပူဖျားနာကိုက်ခဲမှုတွေစဖြစ်ပြီး ၃-၄ရက်အကြာမှ တခြားသူဆီ ကူးစက်လေ့ရှိတာ တွေ့ရပါတယ်။

**၃။ ရောဂါပြင်းထန်မှု**

ကိုရိုနာပိုးကြောင့် အလယ်အလတ်ကနေ ပြင်းထန်မှုအထိ ၈၀ ရာခိုင်နှုန်းခန့်ရှိတတ်ပြီး ခံနိုင်ရည်ကောင်းရင် အိမ်မှာတင် ကောင်းသွားလေ့ရှိတတ်ပါတယ်။ တရုတ်နိုင်ငံမှာတော့ ဖြစ်ပွားသူ ၂၀ ရာခိုင်နှုန်းတို့ကို ဆေးရုံတင်ကုသပေးရပါတယ်။ ဒီလိုဖြစ်ခြင်းဟာ တုပ်ကွေးထက် ကိုဗစ်က ၁၀ ဆ ပိုပြင်းထန်ကြောင်း ပြနေတာဖြစ်ပါတယ်။ အမေရိကန် CDC ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနကြီးရဲ့ အဆိုအရ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရသူပေါင်းဟာ ငါးသိန်းခန့်(ဖြစ်ပွားသူပေါင်းရဲ့၁ ဒသမ ၂ ရာခိုင်နှုန်း) သာရှိကြောင်း သိရပါတယ်။ University of Texas,Austin's Dell Medical School က Dr.Parker Hudson ရဲ့အဆိုအရ "အဖျားရောဂါနှစ်ခုလုံးအတွက် အဓိကသတိပြုရမည်မှာ အသက်ကြီးသူများဖြစ်ကြကြောင်း အသက် ၆၀ အထက်လူကြီးအများစုတို့ဟာ ဒီပိုးများရဲ့ဒဏ်ကိုမခံနိုင်ကြကြောင်း"သိရပါတယ်။ အသက်ကြီးသူများသာမက ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ပျက်စီးလွယ်သူများကို အောက်ပါအတိုင်းတွေ့ ရပါတယ် –

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာ နာတာရှည်ရောဂါခံစားနေရသူများ- ဥပမာ ရင်ကျပ်ပန်းနာရောဂါ (Bronchial asthma)၊ Chronic Obstructive Pulmonary Diaease(COPD) ခေါ် နာတာရှည်အသက်ရှူလမ်းကြောင်းပိတ်ဆို့ လေ့ရှိသူများ (လေပြွန်များပျက်စီးခြင်း၊ လေပြွန်များကျဉ်းမြောင်းခြင်းစသည်များ)၊ emphysema အဆုတ်ပွပျက်စီးခြင်း၊ bronchitis ခေါ် လေပြွန်များရောင်ရမ်းခြင်း စသည့်ရောဂါများဖြစ်ပွားနေသူများ။

၂။ နာတာရှည်နှလုံးရောဂါဖြစ်ပွားနေသူများ- ဥပမာ Heart Failure ခေါ်နှလုံးကြွက်သားပျက်စီးနေသူများ၊ နှလုံးခုန် မမှန်သူများ၊ နှလုံးစက်တပ်ထားရသူများ၊ နှလုံးသွေးကြောကျဉ်းသူများ၊ နှလုံးအဆို့ရှင်များဆိုင်ရာ ပြဿနာရှိသူများ စသည်ဖြင့်။

၃။ နာတာရှည်အသည်းရောဂါဝေဒနာရှင်များ-ဥပမာ အသည်းရောင်ရောဂါ၊ အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာ ရောဂါရှင်များ စသည်။

၄။ နာတာရှည်ကျောက်ကပ်ရောဂါရှင်များ-ကျောက်ကပ်ပျက်စီးခြင်း၊ ကျောက်ကပ်ထုတ်ထားရသူများ၊ ကျောက်ကပ် ဆေးနေရသူများ စသည်။

၅။ နာတာရှည် ဦးနှောက်အာရုံကြောဆိုင်ရာရောဂါရှင်များ-ဥပမာ Parkinson's disease ပါကင်ဆင်သွက်ချာပါဒ ရောဂါရှင်များ၊ လေဖြတ်ခံထားရသူများ၊ မွေးရာပါ ဦးနှောက်အာရုံကြောချို့တဲ့နေသူများ စသည်။

၆။ ဆီးချိုရောဂါရှင်များ။(ဆီးချိုရောဂါကြောင့်၊ ခုခံအားစနစ်ကျဆင်းတတ်ပါတယ်)။

၇။ သရက်ရွက်ဆိုင်ရာ-ဥပမာ သရက်ရွက်ထုတ်ခံထားရသူများ၊ sickle disease ခေါ် သွေးရောဂါရှိသူများ။

၈။ ခန္ဓာကိုယ်၏ခုခံအားကျဆင်းနေသူများ-ဥပမာ HIV and AIDS ရောဂါရှင်များ၊ စတီးရွိုက်ဆေး ဥပမာ Prednisolone၊ Dexamethasone စသည့်ဆေးများရေရှည်သုံးစွဲနေရသူများ၊ ခီမိုဆေးခေါ် ကင်ဆာဆေးကုသမှုခံနေရသူများ စသည်။

၉။ အလွန်အမင်းအဝလွန်နေသူများ BMI index 40 နှင့်အထက် (ပုံမှန် BMI 18.5–24.9)။

၁၀။ အသက်၇၀နှင့်အထက်ရှိသူများ။

၁၁။ ကိုယ်ဝန်ဆောင်များ- ကိုယ်ဝန်ဆောင်များ ကူးစက်ခံရရင် အလွန်ပြင်းထန်တဲ့ အခြေအနေရောက်နိုင်ပါတယ်။ SARS,MERS စတဲ့အလားတူ ကိုရိုနာဗိုင်းရပ်စ်ပိုးများ ကူးစက်ခံရစဉ်က ကိုယ်ဝန်ဆောင်များမှာ ပြင်းထန်တဲ့ထိခိုက်ပျက်စီးမှုများကြုံရတာကို တွေ့ခဲ့ရပါတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်များမှာနှလုံးရောဂါအခံရှိသူများ၊ ကိုယ်တွင်းသန္ဓေသားတွင်မွေးရာပါ ချို့ယွင်းချက်ရှာတွေ့ထားသူများရှိနေရင် အထူးသတိပြုသင့်ပါတယ်။

ကိုယ်ဝန်ဆောင်များရဲ့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများက ဗိုင်းရပ်စ်ပိုးများ အသက်ရှူလမ်းကြောင်း ကူးစက်နိုင်မှုကို ဖြစ်လွယ်စေနိုင်တယ်လို့ သိရပါတယ်။

၁၂။ Extremely Vulnerable persons အလွန်အမင်းထိခိုက်လွယ်သူများ- ကိုယ်တွင်းအင်္ဂါအစားထိုးထားရသူများ၊ ကင်ဆာရောဂါဖြစ်ပွားနေသူများနှင့် ဆေးကုသမှုခံယူနေရသူများ

ကင်ဆာရောဂါ-ခီမိုကင်ဆာဆေးဖြင့် ကုသခံနေရသူများ ဓာတ်ရောင်ခြည်ခံယူကုသခံနေရသူများ၊အဆုတ်ကင်ဆာဖြစ်ပွားနေသူများ၊ သွေး သို့မဟုတ် ရိုးတွင်းခြင်ဆီကင်ဆာရောဂါဖြစ်ပွားနေသူများ၊ လူကီးမီးယား ခေါ်သွေးကင်ဆာ၊ မိုင်ရီလိုးမားကင်ဆာစသည်များ၊ Immunotherapyခေါ် ခုခံအားဆေးများဖြင့်ကင်ဆာရောဂါကုသခံနေရသူများ၊ PARP Inhibitors (protein kinase inhibitors) ခေါ် ကင်ဆာဆဲလ်တိုက်ရိုက်ကုသမှုစနစ်ခံယူနေသူ များ၊ ခြောက်လအတွင်းရိုးတွင်းခြင်ဆီ သို့မဟုတ် stem cells ပင်မဆဲလ် အစားထိုးခံယူမှုလုပ်ထားသူများ၊ အလွန်အမင်းရင်ကျပ် ပန်းနာဖြစ်နေတတ်သူများ၊ အဆုတ်အတွင်းပြင်းထန်စွာကျဉ်းမြောင်းနေမှုများ၊ မွေးရာပါ နှလုံး၊ ဦးနှောက်အာရုံကြော ချို့ယွင်းနေသည့်ကလေးငယ်များ စသူတို့ဟာလည်း၊ အလွန်အမင်းထိခိုက်လွယ်သူများ ဖြစ်ကြပါတယ်။

သေဆုံးမှုကိုကြည့်ရင်လည်း တုပ်ကွေးရောဂါက အမေရိကန်နိုင်ငံမှာ လူတစ်ထောင်မှာတစ်ယောက်နှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်း၊ အခု ကိုဗစ်-၁၉ မှာတော့ လူတစ်ထောင် ဆယ်ယောက်နှုန်း ၁၀ ရာခိုင်နှုန်း ဖြစ်နေတာကိုတွေ့နိုင်ကြောင်း၊ ဒါကြောင့် ဘယ်အဖျားရောဂါက ပိုပြင်းထန်တယ်ဆိုတာ သိနိုင်ကြောင်း CDC ဌာနကြီးက ဆိုပါတယ်။

စာမျက်နှာ ၁၇ သို့

# ကော့သောင်းမြို့နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စု ၄၀၀ ကျော်အား စားသောက်ကုန်ငါးမျိုး ထောက်ပံ့လှူဒါန်းပေး

**ကော့သောင်း မေ ၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မြို့ပေါ် (၁၀) ရပ်ကွက်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား သူဌေးကျွန်း အပန်းဖြေဟိုတယ် ပိုင်ရှင် ဦးကျော်လွင် မိသားစုက အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာနှင့် အသင့်စား ခေါက်ဆွဲခြောက်များကို ယနေ့ နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖြန့်ဝေလှူဒါန်းပေးသည်။

ဖြန့်ဝေပေးမှုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ပုံမှန်ဝင်ငွေမရှိသည့် ရပ်ကွက်ပြည်သူများ စားဝတ်နေရေး အဆင်ပြေကြစေရန် ရည်ရွယ်ကာ အခြေခံလူတန်းစား အိမ်ထောင်စုဝင် မိသားစုများသို့ ငွေကျပ် သိန်း ၈၀၀ ခန့် တန်ဖိုးရှိ အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်းပေးခြင်းဖြစ်ကြောင်း Grand Andaman Group of Companies/ Grand Andaman Hotel&Resort အော်ပရေးရှင်းမန်နေဂျာ ဦးသန်းနိုင်ဝင်းက ပြောသည်။

ကော့သောင်းမြို့နယ်အတွင်း မြို့ပေါ် (၁၀) ရပ်ကွက်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၄၀၄၇ စုကို အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ တစ်လီတာ၊ ငါးသေတ္တာ ငါးဘူး၊ ကုလားပဲ တစ်ကီလို၊ ခေါက်ဆွဲခြောက် ငါးထုပ်စီကို ထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာရပ်ကွက်နှင့် အေးရိပ်ငြိမ်ရပ်ကွက်တို့မှ အိမ်ထောင်စုဝင် မိသားစုများကို အလှူရှင် ဦးကျော်လွင် မိသားစုတို့က လက်ရောက်လှူဒါန်းပေးအပ်ခြင်းဖြစ်ပြီး ကျန်ရပ်ကွက်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ပေးအပ်ကာ ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစား ပြည်သူများသို့ စနစ်တကျဖြန့်ဝေလှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့လှူဒါန်းသည့် အခမ်းအနားကို ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင် မိသားစုများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



ကော့သောင်းမြို့၌ အခြေခံလူတန်းစားများအား စားသောက်ကုန်ငါးမျိုး ထောက်ပံ့လှူဒါန်းပေးစဉ်။

*စာမျက်နှာ ၁၆ မှ*

**၄။ ကုသမှု**

အဖျားရောဂါ နှစ်ခုလုံးက ဗိုင်းရပ်စ်ပိုးတွေကြောင့်ဖြစ်ကြပါတယ်။ ပိုးကို သတ်နိုင်တဲ့ဆေးမရှိသေးပါဘူး။ တုပ်ကွေးကို Tamiflu တာမီဖလူးဆေးနဲ့ ကုသနိုင်နေပါတယ်။ ဒီဆေးက ပိုးတွေဆက်မပွားနိုင်အောင် ရပ်တန့်နိုင်တဲ့အပြင် ဖြစ်ပွားမှုကိုလည်း မပြင်းထန်အောင် တားဆီးနိုင်ပါတယ်လို့ Dr.Meghan Freeman, Hospital of Pittsburg အမေရိကန်အထူးကုဆရာဝန်ကြီးကဆိုပါတယ်။ လူရဲ့ခုခံအားကိုမြှင့်တင်ပေးနိုင်တဲ့ဆေးကုသမှုများလည်းရှိနေကြောင်း သိရပါတယ်။ Dr. Faucci, Director of NIAID က "အီဘိုလာကူးစက်ရောဂါမှာသုံးခဲ့တဲ့ Remdesevir, အဆစ်နာရောဂါနဲ့ ငှက်ဖျားရောဂါအတွက်သုံးတဲ့ Chloroquine ကလိုရိုကွင်းဆေးတို့ကို ကိုဗစ်-၁၉ အတွက် ဦးစားပေးဆေးများအဖြစ် စိတ်ဝင်စားကြပါတယ်။ WHO ကလည်း ဆက်လက်လေ့လာလျက်ပါ"လို့ဆိုပါတယ်၊ တိကျတဲ့ဆေးကုသမှုမရှိသေးတာဖြစ်ပါတယ်။ ဒီပိုးဟာ အသစ်ဖြစ်တာမို့ သူ့အကြောင်း သိရှိသင့်တာများစွာ ရှိနေပါသေးတယ်။

**၅။ ကာကွယ်ဆေးများ**

ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးက အနည်းဆုံးအချိန်တစ်နှစ်လောက်ပေးရလိမ့်ဦးမယ်လို့ Dr.Faucci က ဆိုပါတယ်။ ဆေးက လုံခြုံစိတ်ချရမှုရှိ မရှိကို ၃-၄လစောင့်ရပါမယ်။ နောက် ၈ လလောက်က ထိရောက်မှုရှိ မရှိကို စောင့်ကြည့်ရမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အခုအခါ အရှိန်ပြင်းစွာ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အရှိန်မြှင့်စမ်းသပ်မှုများကို မတ်လ ဒုတိယအပတ်မှာကတည်းက စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ တုပ်ကွေးကာကွယ်ဆေးတွေကတော့ ၁၉၃၀ပြည့်နှစ်များထဲကတည်းက အမေရိကန် တပ်ဖွဲ့များမှာသုံးခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သိပ်အသုံးဝင်ခဲ့ကြောင်း သိရပါတယ်။ သို့သော် ကာကွယ်ဆေးကို တစ်နှစ်တစ်ခါပြောင်း ပေးရပါတယ်။ ပိုးရဲ့သဘာဝအနေအထားက ပြောင်းနေတာမို့ပါ။ ကမ္ဘာ့ဒေသ အလိုက်ရှိနိုင်မယ့်ပိုးကို ပညာရှင်များက တွက်ချက်ပြီး ထုတ်ဖော်ရပါတယ်။ ကာကွယ်ဆေးရဲ့ ကာကွယ်နိုင်မှုက ၄၅ ရာခိုင်နှုန်းမျှရှိကြောင်း သိရပါတယ်။ ယခုနှစ်တုပ်ကွေးရာသီမှာ အမေရိကန်နိုင်ငံအတွက် ကာကွယ်ဆေးသန်း ၁၆၀-၁၇၀ ခန့်အဆင်သင့်ဖြစ်နေကြောင်း သိရပါတယ်။

ဒါကြောင့် မိုးရာသီနဲ့အတူ အဖျားအနာများ ထူပြောလာနိုင်ပါတယ်။ ဖျားနာတာကလည်း ဖြစ်နေကျ တုပ်ကွေးနဲ့ ဒုက္ခပေးနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါကြီးတို့ တိုက်ဆိုင်နေချိန်ဖြစ်ပါတယ်။ အများပြည်သူတို့ ပိုသတိထားကြရပါမယ်။ မိမိကစပြီး သတိရှိရှိ အသိရှိရှိနဲ့ ကာကွယ်ကြရပါမယ်။ မိမိကြောင့် မိမိရဲ့မိသားစုနဲ့ ပတ်ဝန်းကျင်ကိုသာမက တစ်နိုင်ငံလုံးအထိပါ ကာကွယ်ပြီးသား ဖြစ်သွားနိုင်ပါတယ်။ သက်ဆိုင်ရာများက ညွှန်ကြားထားချက်များစွာကို တိကျစွာလိုက်နာကြဖို့ အရေးကြီးပါတယ်။ "ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာမြေပေါ်တွင် တုပ်ကွေးရောဂါကဲ့သို့ ဆက်လက်တည်ရှိနေဦးမည်။ ယင်းသည် ဒုတိယလှိုင်းတံပိုးကြီးတစ်ခုအဖြစ် ရောက်ရှိလာလိမ့်ဦးမည်။ တုပ်ကွေးရောဂါနှင့်ပေါင်းပြီး လူသားများကို ဒုက္ခပေးလိမ့်ဦးမည်"စတဲ့ ထင်မြင် တွေးဆမှုများကိုလည်း တွေ့ရပါတယ်။ မည်သို့ဆိုစေ ကျွန်တော်တို့နိုင်ငံသားအားလုံး ညီညွတ်စွာ ဆောင်ရွက်တားဆီးနိုင်ဖို့လိုအပ်ပါတယ်။ ကမ္ဘာကြီးရဲ့ ဖောက်ပြန်လာတဲ့အခြေအနေဆိုးကို ကောင်းစွာတုံ့ပြန်နိုင်ဖို့သာ အဓိကဖြစ်ပါကြောင်း။ ။

# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁**

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး စုစုပေါင်း (၆၀) ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများလှူဒါန်း

**တနင်္သာရီ မေ ၁**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ မြိတ်ခရိုင်တာဝန်ခံ ဒေါ်မြတ်မြတ်အိနှင့် ဦးတင်ထွန်းလင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်သိုက်ထွန်းနှင့် သူနာပြုဆရာမကြီးတို့ တက်ရောက်ကြသည်။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ လှူဒါန်းပေးပို့သော တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံအပြည့် ၁၅ စုံ၊ နှာခေါင်းစည်း အခု ၅၀၀၊ လက်သန့်ဆေးရည်များ၊ အရက်ပြန်၊ သာမိုမီတာ သုံးခုနှင့် ကာဘော်လစ် ဆပ်ပြာတို့အား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်သိုက်ထွန်းနှင့် သူနာပြုဆရာမကြီး ဒေါ်ဥမ္မာမျိုးတို့က လက်ခံရယူကြသည်။

ယင်းနောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်သိုက်ထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ မြိတ်တာဝန်ခံ ဦးတင်ထွန်းလင်းထံ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**




**နန်းသာရီ - ထိန်ဝင်း**




ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူစဉ်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပဲခူး မေ ၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး Jiang Nan International Co.,မှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းခြင်း အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် Jiang Nan International Co.,မှ MD. Mr Tu Guoding က ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများအား လှူဒါန်းပေးရခြင်းဖြစ်ကြောင်း၊ တရုတ်နှင့် မြန်မာသည် ရှေးယခင်ကတည်းက ဆွေမျိုးပေါက်ဖော်များဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှု စသည်တို့ အမြဲပြုနေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအပိုင်းမှာလည်း တရုတ်နိုင်ငံမှ ဆေးပညာရှင်များ လာရောက်၍ ကူညီဆောင်ရွက်ပေးလျက်ရှိသလို ရင်းနှီးမြှုပ်နှံသူများကလည်း ပဲခူးတိုင်းဒေသကြီးအတွက် သီးခြားလာရောက် ထောက်ပံ့ကူညီပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Jiang Nan International Co., ၊ မြန်မာ-ကျဲ့ကျန်းကုန်သည်ကြီးများအသင်း၊ မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်းတို့မှ တာဝန်ရှိသူများက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၉၀၊ နှာခေါင်းစည်း အခု ၅၀၀၀၀၊ အပူချိန်တိုင်းကိရိယာ ၁၀၀ ခုတို့အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ထောက်ပံ့လှူဒါန်းခဲ့ရာတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

Jiang Nan International Co.,၊ မြန်မာ-ကျဲ့ကျန်းကုန်သည်ကြီးများအသင်း၊ မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းတို့က ထောက်ပံ့လှူဒါန်းသည့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ခရိုင်များအလိုက် ခွဲဝေထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ဧပြီ ၁၀ ရက်ကလည်း ပဲခူးဆေးရုံကြီးတွင် အသက်ရှူစက် ဝယ်ယူအသုံးပြုရန်အတွက် ကျပ်သိန်း ၁၀၀ ထောက်ပံ့လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

## ထားဝယ်မြို့နယ်သို့ မြဝတီနယ်စပ်ဂိတ်မှ ဝင်ရောက်လာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထားရှိမည့်နေရာ ကြည့်ရှုစစ်ဆေး

**ထားဝယ် မေ ၁**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်သို့ မြဝတီနယ်စပ်ဂိတ်မှ ဝင်ရောက်လာမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အသွားအလာကန့်သတ်ထားရှိမည့် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းအတွင်းရှိ ခန်းမများအား ယနေ့နံနက် ၉ နာရီက မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးကျော်မင်းက ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းက မြန်မာရွှေ့ပြောင်းအလုပ်သမားများ နေထိုင်မည့် အိပ်ရာနှင့် နေရာထိုင်ခင်း၊ ရေချိုးခန်း၊ အိမ်သာ၊ ရေမီးလုံလောက်စွာထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက လူတစ်ဦးစာအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ခုတင် အပါအဝင် နေရာထိုင်ခင်းများကို လူဦးရေ ၁၀၀ စာ စီစဉ်ဆောင်ရွက်ထားကြောင်း၊ ဝင်ရောက်လာသောရွှေ့ပြောင်းအလုပ်သမားများ၏ ဦးရေအပေါ်မူတည်၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နေရာထိုင်ခင်း လုံလောက်စွာရှိကြောင်း ရှင်းလင်းတင်ပြသည်။

မြဝတီနယ်စပ်ဂိတ်မှမြန်မာရွှေ့ပြောင်း အလုပ်သမားများ ၇၀၀ ကျော်ခန့် ဝင်ရောက်လာမည်ဟု ကနဦး သိရှိထားကြောင်း၊ အလုံးအရင်းဝင်ရောက်လာမည် မဟုတ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရပ်ပြန်အလုပ်သမားများကို စိစစ်လက်ခံကြိုဆိုရေးအဖွဲ့ (ရုံးအဖွဲ့) ကို ထားဝယ်မြို့နယ်မှ ရုံးအဖွဲ့များကို မြဝတီမြို့နယ်တွင် ထားရှိပေးထားကြောင်း၊ နေရပ်ပြန်အလုပ်သမားများကို ကျန်းမာရေးစစ်ဆေးပြီး သက်ဆိုင်ရာမြို့နယ်များသို့ ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**







သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တက်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။


## ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ လူနာတွေ့ရှိရာ လမ်းနှင့် လမ်းမကြီးများကို ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါလူနာတွေ့ရှိသည့် နေရာများ၊ လမ်းများနှင့် လမ်းမကြီးများကို ယနေ့ ပိုးသတ်ဆေးဖျန်းခြင်း စုပေါင်းဆောင်ရွက်ကြသည်။

"ကျွန်တော်တို့က ရောဂါအတည်ပြုလူနာရှိတဲ့ လမ်းတွေရယ်၊ လမ်းမကြီးတွေရယ် အဓိကဖျန်းပေးတာပါ။ ကိုဗစ်-၁၉ ဖြစ်ကတည်းက တချို့နေရာတွေလည်း မြို့နယ်အလိုက် အသေးစားဖျန်းပေးတာလည်း ရှိတယ်။ အခုက ယန္တရားစက်တွေနဲ့ မြို့နယ် ခုနစ်မြို့နယ်၊ နောက်ထပ် သုံးမြို့နယ် အားလုံး ၁၀ မြို့နယ်ကို ဖျန်းပေးပါတယ်။ မီးသတ်ယာဉ်၊ ရေသယ်ယာဉ် ၁၅စီး၊ ပရဟိတအဖွဲ့များမှ ယာဉ်လေးစီးနဲ့ဖျန်းပေးပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်းက ပြောသည်။

ယနေ့ ပိုးသတ်ဆေးဖျန်းရာတွင် ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်းကွပ်ကဲ၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်း အဖွဲ့ဝင်များ၊ မီးသတ်ယာဉ်၊ ရေဘောက်ဆာ၊ ဆေးဖျန်းယာဉ်၊ လူနာတင်ယာဉ်၊ ပရဟိတအဖွဲ့ဝင်များ ၁၁၀ ခန့် ယာဉ် ၁၉ စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ဘားအံမြို့နယ်ရှိ ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်

**ဘားအံ မေ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကျေးရွာများတွင် ဖွင့်လှစ်ထားသော အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အတွက် အသိပညာပေးလုပ်ငန်းများကို ယမန်နေ့က ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အချက်များ၊ ရောဂါဖြစ်ပွားရာ ဒေသများမှ ပြန်လာသူများ၊ အိမ်တွင်နေထိုင်သူများ လိုက်နာရမည့် အချက်များ၊ နှာခေါင်းစည်းများ အသုံးပြုရန်နှိုးဆော်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# မေလမှ ဇွန်လအတွင်း မှတ်ပုံတင်ထားခြင်း မပြုလုပ်ထားသည့် ဆင်းကတ်များကို အပြီးပိတ်သိမ်းမည်ဖြစ်ကြောင်း MPT မှ ထုတ်ပြန်

**ရန်ကုန်  မေ ၁**

မေလနှင့်ဇွန်လအတွင်း အချက်အလက်မှန်ကန်စွာဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း မပြုလုပ်ထားသော ဆင်းကတ်များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ MPTရုံးချုပ်မှ သိရသည်။

"MPTသုံးစွဲသူအားလုံးအနေနဲ့ ပြည့်စုံမှန်ကန်တဲ့ တရားဝင်အမည်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို ဖြည့်စွက်ပြီး ဆင်းကတ်မှတ်ပုံတင်ဖို့ လိုအပ်တာကြောင့် နေရာဒေသမရွေး လွယ်ကူမြန်ဆန်စွာ လုပ်ဆောင်နိုင်ဖို့ သုံးစွဲသူတွေရဲ့အိမ်ကနေလည်း မှတ်ပုံတင်လို့ရတဲ့ ရိုးရှင်းတဲ့ အွန်လိုင်းကနေ တစ်ဆင့် ပြုလုပ်လို့ရတဲ့ ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးထားပါတယ်"ဟု MPT-KSGM JO မှ Mr.Tetsunori Nagashima က ပြောသည်။

ဆင်းကတ်မှတ်ပုံတင်ခြင်းသည် ဥပဒေအရ အမှန်တကယ်လိုအပ်ပြီး ဆင်းကတ်များစွာ ကိုင်ဆောင်ထားသူများကြောင့် မိုဘိုင်းဖုန်းနံပါတ်များ ရှားပါးမှုကို ရှောင်ရှားနိုင်ရန်နှင့် ရာဇဝတ်မှုများ ကျူးလွန်ထားသော မသမာသူများကို တားဆီးခြေရာခံနိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းရှိ ဆက်သွယ်ရေးအော်ပရေတာများ လက်ရှိကျင့်သုံးလုပ်ဆောင်လျက်ရှိသည့် နိုင်ငံအတွက် အရေးကြီးကိစ္စတစ်ရပ်လည်း ဖြစ်သည်။ ဆက်သွယ်ရေးဝန်ဆောင်မှုများ အသုံးပြုရာတွင် မျှော်လင့်မထားသော နှောင့်ယှက်မှုများမှ ရှောင်ရှားနိုင်ရန်အတွက် အသုံးပြုသူတိုင်းသည် ဆင်းကတ်မှတ်ပုံတင်ရာ၌ တိကျသော ကိုယ်ရေးအချက်အလက်များနှင့် မှတ်ပုံတင်ရန်လည်း အရေးကြီးကြောင်း သိရသည်။

MPT ဆင်းကတ် မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Hotline ဖုန်းနံပါတ် 106 သို့ခေါ်ဆို၍လည်းကောင်း၊ MPT ၏ ဝက်ဘ်ဆိုက်ဖြစ်သော www.mpt.com.mm သို့မဟုတ် MPT ၏ တရားဝင် ဖေ့စ်ဘွတ်စာမျက်နှာဖြစ်သော www.facebook.com/ mptofficialpage တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကာ *601# သို့ ဖုန်းခေါ်ဆိုခြင်း (သို့မဟုတ်) MPT4 U အက်ပလီကေးရှင်းမှတစ်ဆင့် (သို့မဟုတ်) MPT ၏ Customer self-care ဝက်ဘ်ဆိုက်ဖြစ်သည့် http://care.mpt.com.mm မှလည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ဆင့် အခမဲ့ စာရင်းသွင်း မှတ်ပုံတင်နိုင်ပြီး ၂၀၂၀ပြည့်နှစ် မေ ၁ ရက်မှစ၍ ဆင်းကတ်နှစ်ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော ဆင်းကတ်များနှင့် အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်းမရှိသည့် ဆင်းကတ်များသည် အထွက်ဖုန်းခေါ်ဆိုခြင်း၊ SMS စာတိုပို့ခြင်းနှင့် အင်တာနက်အစရှိသော MPT ၏ ဝန်ဆောင်မှုများကို အသုံးပြုနိုင်မည်မဟုတ်ဘဲ Call Center 106 သို့ ဖုန်းခေါ်ဆိုခြင်းမှလွဲ၍ One Way Blocked အနေဖြင့် အဝင်ဖုန်းလက်ခံခြင်းကိုသာ ပြုလုပ်နိုင်မည်သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (PTD)၏ ညွှန်ကြားချက်များအရ မိုလ်ဘိုင်းဖုန်းအသုံးပြုသူတို့အနေဖြင့် မိမိတို့ဆင်းကတ်များကို ဝယ်ယူပြီးချိန်မှစ၍ မှတ်ပုံတင်ရန်လိုအပ်ပြီး MPT အနေဖြင့် ပြည့်စုံမှန်ကန်သော အချက်အလက်များဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း မပြီးမြောက်သေးသော သုံးစွဲသူများအား သတ်မှတ်ထားသော နောက်ဆုံးရက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၃၀ ရက်မတိုင်မီ တိကျမှန်ကန်သော ကိုယ်ရေးအချက်အလက်များဖြင့် စာရင်းသွင်းလုပ်ဆောင်ရန် အလေးအနက်ထား တိုက်တွန်းပြီးဖြစ်ကြောင်းနှင့် မေလနှင့် ဇွန်အတွင်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များကို အပြီးပိတ်သိမ်းသွားရန် ထုတ်ပြန်ထားကြောင်း သိရသည်။

**သန်းထိုက်**



# ကျိုက်မရော၌ နှာခေါင်းစည်းများနှင့် ပညာပေးစာစောင်များ အခမဲ့ဖြန့်ဝေ

**ကျိုက်မရော  မေ ၁**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်ရေး အသိပညာပေးခြင်း၊ နှာခေါင်းစည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့မဈေးရှေ့၌ ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ထိုသို့အသိပညာပေးဆောင်ရွက်ရာတွင် အများပြည်သူများ အသိသတိရှိစွာ နေထိုင်သွားလာကြရန်၊ လက်ကို မကြာခဏဆေးကြော သန့်စင်ရန်၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာလျှင် သွားလာကြရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို အသံချဲ့စက်များဖြင့် လိုက်လံအသိပေး နှိုးဆော်ခြင်း၊ နှာခေါင်းစည်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချို့မြတ်မြတ်ထွေး (ကျိုက်မရော)**

# တန့်ယန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးရေးအတွက် ပိုးသတ်ဆေးဖျန်း

**တန့်ယန်း မေ ၁**

ကိုဗစ် - ၁၉ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ်မှ တာဝန်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့နံနက်ပိုင်းက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမိုးဦးနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များသည် ပြည်ပနိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်၍ ပြန်လည်ရောက်ရှိလာသော ဒေသခံပြည်သူများအား ယာယီစောင့်ကြည့်ရန် အသွားအလာကန့်သတ်ထားသည့် စောင့်ကြည့်ရေးခန်းအဖြစ် ဖွင့်လှစ်ထားသော အမှတ်(၂) ရပ်ကွက်ရှိ အ.လ.က ကျောင်းတွင် ကိုဗစ် - ၁၉ ရောဂါပိုး ကာကွယ်တားဆီးနိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းပေးလျက်ရှိကြောင်း သိရသည်။ (ယာပုံ)

**မင်းလွင်ဦး(ပြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၅-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၀/၄၅၅ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၀/၄၇၀ | ကျပ် | ၄၇၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၄၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၅၀ | ကျပ် | ၄၉၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၀ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၄ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၄ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၅၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၁၆ | ၄၀၁၆၀၀၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၄၁၂၆ | ၁၅၅၀၇၀၅၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၇၀၅ | ၅၃၆၉၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၁၇၆၅ | ၃၉၁၁၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄၂ | ၆၆၅၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## တားမြစ်အရွယ်အစားရေသတ္တဝါများ ဖမ်းယူမှုမပြုရေး ပညာပေး၊ ကဏန်းငယ်များအား ပြန်လည်လွှတ်ပေး

**ကော့သောင်း မေ ၁**

ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည့် ရေထွက်ပစ္စည်းများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဖမ်းဆီးခွင့် တားမြစ်ထားသည့်အရွယ်အစားရှိ ပင်လယ်ကဏန်းမည်းများကိုကော့သောင်းစစ်ဆေးရေးစခန်းတွင် စစ်ဆေးတွေ့ရှိရသဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကာ ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ယမန်နေ့က ကော့သောင်းမြို့ ဘဝါးကျွန်းဒီရေတောအတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ဂျင်းခရု၊ ကဏန်း၊ အေးခဲကင်းမွန် စသည့်ရေထွက်ကုန်များကို ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာန၏ ၁၉၉၄ ခုနှစ်ကတည်းက ထုတ်ပြန် ထားသည့် ညွှန်ကြားချက်အရ သတ်မှတ်အရွယ်အစားထက်သေးငယ်သည့် ကဏန်းအရှင်များ ပါရှိလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရောင်းချရန် ဖမ်းဆီးလာသည့် ပိုင်ရှင်အား အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပြီး ကဏန်းများကို ကြီးပြင်းအရွယ် ရောက်လာစေရန် ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသန့်ဇင်က ပြောသည်။

ဖမ်းဆီးရောင်းချခွင့် မပြုသည့် ရေသတ္တဝါအမျိုးအစားနှင့် အရွယ်အစားများကို ငါးလုပ်ငန်းဦးစီးဌာနက နှစ်စဉ်ထုတ်ပြန်ညွှန်ကြားလျက်ရှိရာ တားမြစ်အရွယ်အစား အနေဖြင့် ကဏန်းအရွယ် ကန့်လန့်အလျား ၈ ဒသမ ၁၅ စင်တီမီတာ၊ ဒေါင်လိုက်အလျား ၆ ဒသမ ၁၅ စင်တီမီတာအတွင်း၊ ကျောက်ပုစွန် ၁၅၀ ဂရမ်အောက်၊ ငါးရှဉ့်လုံးပတ် ၃ စင်တီမီတာအောက်၊ ကင်းပုစွန် ၁၂၀ ဂရမ်အောက် ဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ပင်လယ်ရေထွက်ပစ္စည်းများ ရေရှည်စားသုံးနိုင်ရေးနှင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် ပင်လယ်ကမ်းရိုးတန်းဒေသများ ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၏ မြို့နယ်များတွင် ရေသတ္တဝါ အမျိုးအစားအလိုက် မျိုးပွားရာသီ သတ်မှတ်တားမြစ်ခြင်း၊ ငါးမဖမ်းရ ရာသီသတ်မှတ်တားမြစ်ခြင်း၊ ရှပ်ခရု ကောက်ယူခြင်း မပြုရ ရာသီသတ်မှတ် တားမြစ်ခြင်း၊ ကဏန်း ဘေးမဲ့ဇုန်များ၊ ကျောက်ပုစွန်ဘေးမဲ့ဇုန်များ သတ်မှတ်တားမြစ်ခြင်းလုပ်ငန်းများဖြင့် ပင်လယ်သဘာဝ ရေသယံဇာတများကို ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာလေးရွာတွင် ဗက်တီးရီးယားပိုးတစ်မျိုးကြောင့် ကြွက်ဝမ်းပူများ သေဆုံးမှုဖြစ်

**ဒီပဲယင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ထုံးဘို၊ ကုလားကုန်း၊ ကျွန်းကြီးနှင့် ဒါန်းပင်ကျေးရွာတို့တွင် ကြွက်ဝမ်းပူများ သေဆုံးခဲ့ခြင်းသည် ကြွက်မှလူသို့ ကူးစက်မှု မဖြစ်စေနိုင်သော ဗက်တီးရီးယားပိုးကြောင့်ဖြစ်ကြောင်း ဧပြီ ၃၀ ရက်က ထုတ်ပြန်သည့် မန္တလေးမြို့ ဓာတ်ခွဲခန်း၏ အဖြေအရသိရကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာအေးထံက သိရသည်။

“ပိုးသတ်ဆေးကြောင့်လား၊ ရောဂါပိုးကြောင့်လား ဆိုတာ သေချာသိအောင်လို့ ဓာတ်ခွဲခန်းမှာ စစ်ဆေးဖို့ ပေးပို့ခဲ့တာ ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက အဖြေသိရတာဖြစ်တယ်။ ကြွက်သေတွေကို မီးရှို့ခိုင်းတယ်။ မြေမြှုပ်ရင်လည်း တွင်းနက်နက်တူးပြီးတော့ မြှုပ်တယ်။ အဲဒီနေရာတစ်ဝိုက်ကို ထုံးဖြူးခိုင်းတယ်။ နောက်ပြီး ကျေးရွာတွင်းက ပြည်သူတွေ ဖျားနာတာဖြစ်သလား။ ထူးခြားမှုရှိရင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေ သက်ဆိုင်ရာကို အချိန်မီသတင်းပို့ဖို့ကိုလည်း မှာကြားထားခဲ့တယ်။ အခုထိတော့ ထူးခြားတာမရှိသေးဘူး” ဟု မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ယင်းကျေးရွာလေးရွာရှိ လူနေအိမ်များ၌ ဧပြီ ၂၅ ရက်က စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဧပြီ ၂၉ ရက်အထိ အကောင်ရေ ၃၈၁ ကောင် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယင်းကြွက်များ သေဆုံးရခြင်းအကြောင်းရင်းကို ဓာတ်ခွဲခန်းစစ်ဆေးမှုအရ ကြွက်မှလူသို့ ကူးစက်မှုမဖြစ်နိုင်သော ဗက်တီးရီးယားပိုးကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကြွက်ဝမ်းပူများ သေဆုံးမှုဖြစ်ပွားခဲ့သည့် ကျေးရွာလေးရွာသို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ယနေ့တွင် အသိပညာပေးဟောပြောခြင်း **(အောက်ပုံ)** နှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကျိုင်းတုံ မေ ၁** - ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို ပြည်သူများ အသွားအလာများသော မြို့တွင်းလမ်းများတွင် ဧပြီ ၃၀ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ထွန်းထွန်းစံနှင့် တပ်မတော်သားများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးဇင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ မြို့မဈေးရှေ့လမ်းတစ်လျှောက်၊ မြို့လယ်ကျောက်တိုင်မှ ကားကြီးကွင်းလမ်းတစ်လျှောက်၊ နောင်တုံကန်ပတ်လမ်းတစ်လျှောက်နှင့် မဟာမြတ်မုနိဘုရားကြီးအဝိုင်းပတ် နေရာများတွင် မော်တော်ယာဉ်များဖြင့် ပိုးသတ်ဆေး ဖျန်းခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၁**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | - ၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | - ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ် စမုံညိုချောင်းကူးတံတား တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

**ပန်းတောင် မေ ၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တလုပ်ပင် ကျေးရွာအုပ်စု ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးသို့ ဆက်သွယ်ထားသည့် စမုံညိုချောင်းကူးတံတား တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီး ယမန်နေ့မှ စတင်၍ စမ်းသပ်သွားလာခွင့် ပြုထားလျက်ရှိသည်။

အဆိုပါ တံတားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၃၀ ဖြင့် အလျားပေ ၆၀ ယာဉ်သွားလမ်း အကျယ်အနံပေ ၂၀၊ အမြင့် ၂၅ ပေရှိပြီး ဘိုးပိုင်သံကူကွန်ကရစ်ရက်မ ကွန်ကရစ်ကြမ်းခင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီး ချဉ်းကပ်လမ်းဘေးပေါင်များ မြေသားဖို့ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



"ဒီတံတားကြီးက တလုပ်ပင် ကျေးရွာအုပ်စု၊ ဇရပ်လှကျေးရွာအုပ်စု၊ ကိုင်းကြီးကျွန်းကျေးရွာအုပ်စု သုံးအုပ်စုတို့က ကုန်တင်ယာဉ်၊ ခရီးသည်ယာဉ်၊ အခြားယာဉ်တွေနဲ့ ပြည်သူတွေ နေ့စဉ် ဖြတ်သန်းသွားလာနေရတာ ဖြစ်ပါတယ်။ အရင်သစ်သားတံတားကြီးကလည်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားတာ နှစ်တွေကြာတော့တိုင်တွေ၊ အခင်းတွေဆွေးလာတော့ နှစ်စဉ် ပြင်နေရတာ အခုလို ကွန်ကရစ်တံတားကြီး တည်ဆောက်ပေးနိုင်တော့ နိုင်ငံတော်အစိုးရကို ဒေသခံပြည်သူတွေကိုယ်စား အထူးကျေးဇူးတင်ပါတယ်"ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**အောင်မြင့်(ပန်းတောင်း)**

# ထီးလင်းမြို့နယ်၌ လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ အမိုးလန်ပျက်စီး

**ထီးလင်း မေ ၁**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ယမန်နေ့က လေပြင်းများတိုက်ခတ်ခဲ့ရာ ပုဏ္ဏားကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာတို့တွင် လူနေအိမ်အချို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းများတိုက်ခတ်မှုကြောင့် ပုဏ္ဏားကျေးရွာရှိ အဘရမုနိစေတီစိန်ဖူးတော် မြေခပျက်စီးခြင်း၊ ယင်းပုဏ္ဏားကျေးရွာ၌ လူနေအိမ်ခုနှစ်လုံး၊ ထန်းပင်ကုန်းကျေးရွာ၌ လူနေအိမ်နှစ်လုံးတို့ အမိုးလန် ပျက်စီးမှုများဖြစ်ပွားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဘီးရာမှိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**အောင်စည်(ပြန်/ဆက်)**



ယာဉ်စည်းကမ်း၊
လမ်းစည်းကမ်းလိုက်နာခြင်း
လူသားအားလုံးအန္တရာယ်ကင်း။

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။


(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားပါ။

အခြားအသုံးပြုသူတစ်ယောက်၏
ကိုယ်ရေးအချက်အလက်များအား သက်ဆိုင်သူ၏
သဘောတူညီချက်မရှိပဲ တစ်ဆင့် ပြန်လည်
ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်စေလိုပါသည်။



# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု

**မုံရွာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့်(ခ) ဒေါ်ချူးချူးနှင့်အတူ တာဝန်ရှိသူများသည် ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ပေါ်ရှိ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့ပေါ်ရှိ တပ်ဦးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကိုဗစ်ကာလအတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင် ကျောင်းများ၌ ဆွမ်း၊ ကွမ်း၊ ရေချမ်းများပြည့်စုံစေရေးအတွက် ဆန်၊ဆီ၊ ဆား၊ ပဲနှင့်ကြက်သွန်နီ စသည့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ရွှေဘိုတက္ကသိုလ်ကျောင်းရှိ ကံ့ကော်ဆောင်နှင့် သရဖီဆောင်တို့တွင် သွားလာကန့်သတ်စောင့်ကြည့်နေရာ ဖွင့်လှစ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သော နှာခေါင်းစည်းနှင့် လက်ဆေးဆပ်ပြာရည်ဘူးများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကာ ကျန်းမာရေးနှင့်ပတ်သက်၍ ယခုအဆောင်တွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မိမိတို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အထူးဂရုပြု လိုက်နာနေထိုင်သွားကြရန် မှာကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွား နေချိန်အတွင်း ရွှေဘိုမြို့နေ မိဘပြည်သူများအတွက် နေ့စဉ် အခြေခံစားသောက်ကုန်များနှင့် အသားငါးများ ဝယ်ယူရောင်းချနိုင်ရေးအတွက် အဆင်ပြေချောမွေ့စေရေးကို အလေးထား၍ ရွှေဘိုမြို့ ရန်ကြီးအောင် ပြည်သူ့အားကစားကွင်း၌ ဖွင့်လှစ်ထားရှိသော ယာယီပျံကျဈေးနှင့် ရွှေဘိုမြို့မ စည်ပင်သာယာဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအဖြစ် ပြည်သူများ နှာခေါင်းစည်းများ တပ်ဆင်ခြင်းနှင့် သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုပြီး (ဓါတ်ပုံ) လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေဘိုမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ဆွမ်း၊ ကွမ်း၊ ရေချမ်းများပြည့်စုံစေရေးအတွက် အောင်မြေကျောင်းတိုက်၊ မဟာဘုံစံကျောင်းတိုက်၊ သီတဂူကျောင်းတိုက်၊ ရန်အောင် မင်္ဂလာကျောင်းတိုက်၊ ပုခန်းကျောင်းတိုက်နှင့် ပါဠိကာရီတု လွတ်ကျောင်းတိုက်ဆရာတော်တို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီ စသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူ ဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



## အမ်းမြို့နယ်တွင် ဒေသခံပြည်သူတစ်ဦးက အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သည့် ပိုးသတ်ဆေးဖျန်း မော်တော်ယာဉ်တည်ဆောက်ထုတ်လုပ်

**အမ်း မေ ၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလ၌ ဒေသခံတစ်ဦးဖြစ်သည့် ဦးမျိုးနိုင်ထွန်းက အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သည့် ပိုးသတ်ဆေးဖျန်း မော်တော်ယာဉ် (ATHINA GOL- NS) တီထွင်ထားရှိမှုကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ဧပြီ ၃၀ ရက်က သရုပ်ပြ မောင်းနှင်၍ ပိုးသတ်ဆေးဖျန်းခြင်းကို ပြသခဲ့သည်။

အဆိုပါ ယာဉ်သည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သွားလာကန့်သတ်စောင့်ကြည့်နေရာ အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်း၊ စောင့်ကြည့်လူများ၊ ကိုဗစ်-၁၉ ရောဂါခံစားနေရသူများနှင့် ထိတွေ့ရာနေရာ၊ အခြားလိုအပ်သည့်နေရာများကို လူကိုယ်စားယင်းစက်ဖြင့် ပိုးသတ်ဆေးဖျန်းပေးနိုင်ခြင်း၊ လိုအပ်သောပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည့်အပြင် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလပြီးဆုံးပါက စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆက်လက်အသုံးပြု၍ ရနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် လိုအပ်ပါက ယင်းစက်ကို အသုံးပြု၍ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ကာကွယ်ရေး အသွားအလာကန့်သတ်နယ်မြေများတွင် ပိုးသတ်ဆေးဖျန်း

**မလှိုင် မေ ၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ကိုဗစ် - ၁၉ ကာကွယ်ရေးအဖြစ် အသွားအလာကန့်သတ်နယ်မြေများအား ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တွင် ဆောင်ရွက်ကြသည်။

မလှိုင်မြို့ရှိ အသွားအလာကန့်သတ်နယ်မြေများဖြစ်သော ရပ်ကွက်ကြီး ၃ ကုလားကုန်း၊ ဆည်တိုကျေးရွာ၊ ဝါးခွကျေးရွာ၊ ထနောင်းကျင်းကျေးရွာ၊ ဆည်ခွဲကျေးရွာနှင့် ရန်ကုန်-မြင်းခြံ လမ်းဘေး ကုန်းတဲဂိတ်အနီးရှိ ပြည်တော်ပြန်များ နားနေခဲ့သည့် လည်ကြီးဇရပ်တို့ကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အသွားအလာ ကန့်သတ်နယ်မြေများအတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို မလှိုင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးဆောင်ကာ မလှိုင်မြို့ အသွားအလာကန့်သတ်နယ်မြေမှလူများ ကူညီထောက်ပံ့ရေး လူမှုရေးအဖွဲ့နှင့် K-Hein ဆိုင်ကယ်ရောင်းဝယ်ရေး Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး K-Hein ဆိုင်ကယ်ရောင်းဝယ်ရေး ကုမ္ပဏီမှ ဆေးဖျန်းစက်ယာဉ်နှင့် သတ်မှတ်ပိုးသတ်ဆေး၊ နှာခေါင်းစည်းနှင့် ပိုးသတ်ဆေးဖျန်းစဉ် ဝတ်ဆင်နိုင်ရန် ရောဂါကာကွယ်ရေး ဝတ်စုံ သုံးစုံ၊ ထောက်ပံ့ပေးကာ လိုအပ်သော ရောဂါကာကွယ်ရေး ဝတ်စုံအား မလှိုင်မြို့နယ် Saving Mahlaing လူမှုရေးအဖွဲ့မှ ကူညီကြောင်း သိရသည်။



**ဘိုဘို(မလှိုင်)**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မန္တလေးဘူတာကြီးသို့ ရထားမဆိုက်မီ လမ်းခုလတ်၌ ခရီးသည်များ ဆင်းကျန်နေမှုမရှိစေရန် လုံခြုံရေးဆောင်ရွက်

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ရောဂါကူးစက်မှုရှိသည့် ဒေသများမှ မန္တလေးမြို့သို့ ရောက်ရှိလာသူများအား သတ်မှတ်နေရာများတွင် ၂၁ ရက်ကြာ အသွားအလာ ကန့်သတ်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုမှုပြုလုပ်ရန် အမိန့်ထုတ်ပြန်ထားရာ မီးရထားခရီးစဉ်များဖြင့် လိုက်ပါလာသည့် ခရီးသည်အချို့သည် အဆိုပါအမိန့်ကို ရှောင်ရှားနိုင်ရန်အတွက် မန္တလေးဘူတာကြီးသို့ ရထားမဆိုက်ရောက်မီ လမ်းခုလတ်နေရာများ၌ ခုန်ချ၍ ဆင်းကျန်နေမှုများ ရှိနေသည်။

အဆိုပါ ဆင်းကျန်ခဲ့မှု ဖြစ်စဉ်များကြောင့် တာဝန်ရှိသူများသည် ရထားလမ်းတစ်လျှောက် လုံခြုံရေးစောင့်ကြပ်ခြင်းများကို ဧပြီ ၃၀ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မန္တလေးဘူတာသို့ဆိုက်ရောက်မည့် အမှတ်(၄၂) အစုန် မြစ်ကြီးနား-မန္တလေး ရထားနှင့် အမှတ်(၃)အဆန် ရန်ကုန်-မန္တလေး ရထားများ ဘူတာကြီးသို့ မဝင်မီ သံလမ်းတစ်လျှောက် (၃၄)လမ်း၊ (၃၅)လမ်း၊ (၃၆)လမ်းအထိ ရထားလမ်းဘေး ဝဲ/ယာတစ်လျှောက်၌ ရထားစီးခရီးသည်များ ခုန်ဆင်း၍ ကျန်နေရစ်ခဲ့ခြင်းများ မရှိစေရေးအတွက် လုံခြုံရေး စောင့်ကြပ်ကြည့်ရှုမှုများကို တာဝန်ရှိသူများက ဆောင်ရွက်နေကြခြင်းဖြစ်သည်။

အဆိုပါ စောင့်ကြပ်ကြည့်ရှုသည့်အဖွဲ့တွင် ရထားရဲတပ်ဖွဲ့ခွဲမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် အမှတ်(၈) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရထားရဲတပ်ဖွဲ့ဝင်များက အဖွဲ့များခွဲကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပါဝင်သည့် အဖွဲ့များက ပူးပေါင်းပါဝင်၍ အရပ်ဝတ်များဖြင့်လည်းကောင်း၊ ယူနီဖောင်းများဖြင့်လည်းကောင်း စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရထားပေါ်မှခုန်ဆင်းသူများ မရှိစေရန် စောင့်ကြည့်နေသော ရဲတပ်ဖွဲ့ဝင်များ

**သန်းဇော်မင်း(ပြန်/ဆက်)**

# ရေစကြိုမြို့နယ် ရှင်မတောင်ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီစိုက်ပျိုးရန် သစ်ပင်မျိုးစုံပျိုးပင်ပေါင်း ၇၃၅၈၀ ကို ပျိုးထောင်ထားရှိပြီးဖြစ်

**ရေစကြို မေ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေးအတွက် လာမည့် မိုးရာသီကာလအတွင်း၌ သစ်ပင်မျိုးစုံပျိုးပင်ပေါင်း ၇၃၅၈၀ ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်မတောင်ဒေသ အထူး စိမ်းလန်းစိုပြည်ရေးအတွက် ရေရှည်စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၅၀ (ပျိုးပင်ပေါင်း ၂၇၀၀၀)၊ အခြားစိုက်ခင်း ၂၅ ဧက(ပျိုးပင်ပေါင်း ၁၀၂၅၀)၊ တောထိန်း ကွက်လပ်ဖြည့်စိုက်ပျိုးမည့် ပျိုးပင် ၇၀၀၀ နှင့် အထူးစိမ်း စိုက်ပျိုးမည့် ပျိုးပင်ပေါင်း ၂၀၀၀ တို့ကို စိုက်ပျိုးမည်ဖြစ်ရာ ရှင်မတောင်ဝန်းကျင်၌ စုစုပေါင်း ပျိုးပင် ၆၆၂၅၀ ကို စိုက်ပျိုးမည်ဖြစ်ကြောင်း ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်လင်းထက်က ပြောသည်။

ထို့ပြင် ရေစကြိုမြို့နယ် အောင်နန်းကျေးရွာ၌ ဘက်စုံသုံးစိုက်ခင်း တစ်ဧကတွင် ယူကလစ်ပင် ၆၀၀ စိုက်ပျိုးမည်ဖြစ်ပြီး တစ်အိမ်ထောင်လျှင် ကျွန်းပျိုးပင် သုံးပင်နှုန်းဖြင့် ၆၃၀၊ သစ်မာပင် ၂၀၊ ယူကလစ်ပင် ၃၅၇၀၊ လျှော်ဖြူပင် ၆၃၀ တို့ကိုလည်း စိုက်ပျိုးရန် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လူထုပညာပေးဟောပြောပွဲများတွင် ဖြန့်ဝေရန်အတွက်လည်း လျှော်ဖြူပင် ၁၅၀၀ နှင့် စန္ဒကူးပင် ၄၀၀၊ ကျေးရွာ ၁၃ ရွာအတွက် ပျိုးပင်ပေါင်း ၇၃၃၀ တို့ကို ပျိုးထောင်ထားကြောင်း၊ အဆိုပါ ပျိုးပင်များကို ရေစကြိုမြို့နယ်ရှိ မြို့မ အမြဲတမ်းပျိုးဥယျာဉ်၌ အဆင်သင့် ပျိုးထောင်ထားပြီးဖြစ်ကြောင်း ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ သိရသည်။




ရေစကြိုမြို့ရှိ မြို့မအမြဲတမ်းပျိုးဥယျာဉ်၌ ပျိုးထောင်ထားသော သစ်ပင်များ

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ကန်ကြီးထောင့်မြို့နယ်မှ ကျေးရွာ ၁၃ ရွာ၌ ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိ

**ကန်ကြီးထောင့် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် နွေရာသီကာလ ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်ရေးအတွက် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာ၌ ရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျေးလက်နေပြည်သူတွေ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ကျပ် ၁၀၆ ဒသမ ၄၆ သန်းနဲ့ ကျေးရွာ ၁၃ ရွာမှာ တွင်းတိမ်၊ တွင်းနက်နှင့် မြေသားရေကန် တူးဖော်ခြင်းများ၊ ရေစက်ရုံပြုပြင်ခြင်းများနဲ့ ရေသန့်စက်တည်ဆောက်ခြင်းစတဲ့ လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ရာမှာ ဌာနအနေနဲ့ဆောင်ရွက်တဲ့လုပ်ငန်း ခြောက်ခုကတော့ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ပါတယ်။ တင်ဒါအောင်တဲ့ ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်နေတဲ့ လုပ်ငန်း ခုနစ်ခုကတော့ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

ကန်ကြီးထောင့်မြို့နယ်၌ ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၈၉ ရွာတွင် ရေပေးရေးလုပ်ငန်း ၉၁ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုများနှင့် ကြုံတွေ့လာပါကလည်း ဌာနသို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်မည့် ဖုန်းနံပါတ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



ကျေးရွာတစ်ရွာ၌ ရေရရှိရေးအတွက် တူးဖော်ပေးထားသော မြေသားရေကန်

# မကွေးခရိုင်မှ ကျေးရွာ ၄၁ ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းခန့် ပြီးစီး

**မကွေး မေ ၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ ကျေးရွာ ၄၁ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"မကွေးခရိုင်အတွင်းမှာ မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ်စတဲ့ မြို့နယ် ခြောက်ခု ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာတော့ သောက်သုံးရေအတွက် အခက်ခဲဆုံး ခရိုင်တစ်ခုလည်း ဖြစ်ပါတယ်။ နှစ်စဉ်လိုလို သောက်သုံးရေရှားပါးလို့ ရေပေးဝေခဲ့ရတာတွေလည်း ရှိပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေနဲ့ ယခင်နှစ်က ရေပေးဝေခဲ့ရတဲ့ ကျေးရွာတွေနဲ့ အခြား ရေရှားပါးပြတ်လပ်နိုင်တဲ့ ကျေးရွာ ၄၁ ရွာကို ဦးစားပေးပြီး တွင်းနက်စက်ရေတွင်းသစ် ၂၉ တွင်း တူးဖော်ခြင်းနဲ့အတူ မြေသားရေကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်း နှစ်ခု၊ အခြားရေရရှိရေးလုပ်ငန်း ၁၀ ခု စုစုပေါင်း ၄၁ ခုကို ကျပ် ၇၈၃ ဒသမ ၂၁၈ သန်းနဲ့ ၂၀၁၉ ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့တာပါ။ လက်ရှိအချိန်မှာ လုပ်ငန်းအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်"ဟု မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဇောဟိန်းက ပြောသည်။

ရေပေးရေးလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာ ၄၁ ရွာရှိ အိမ်ခြေ ၈၁၄၉ အိမ်မှ လူဦးရေ ၃၈၀၀၀ ကျော်နှင့် ကျွဲနွားတိရစ္ဆာန်များအတွက်ပါ သောက်သုံးရေများ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ခရိုင်တွင်းမှာရှိတဲ့ ကျေးရွာအချို့ဟာ နှစ်စဉ် ရေရှားပါးလို့ ရေဖြန့်ဝေပေးနေရတာတွေ ရှိပါတယ်။ ဌာနအနေနဲ့တော့ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စေဖို့ ဦးစားပေးအလိုက် ရွေးချယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်း ပြည်ပ NGOs/ INGOs အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအလှူရှင်တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။ မိုးရာသီမတိုင်မီ ရေတွင်းရေကန်တွေ ခန်းခြောက်ပြီး သောက်သုံးရေရှားပါးမှုတွေ ကြုံတွေ့လာရင်လည်း အမြန်ဆုံး ရေဖြန့်ဝေပေးသွားမှာပါ။ ကျေးရွာတွေအနေနဲ့ ရေပြတ်လပ်မှုရှိရင် အကူအညီတောင်းခံနိုင်ရန်နဲ့ ရေလှူဒါန်းလိုတဲ့ စေတနာရှင်၊ အလှူရှင်များအနေနဲ့ ရေလှူဒါန်းမှုများ ပြုလုပ်နိုင်ရန်အတွက် Water Donation Myanmar App ကို အလွယ်တကူ အသုံးပြုပြီးတော့ လုပ်ဆောင်နိုင်ပါတယ်။ တိုင်းဒေသကြီး၊ ခရိုင်နဲ့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးများကိုလည်း ဆက်သွယ်ရေးနည်းလမ်းမျိုးစုံနဲ့ ဆက်သွယ်ပြီး အကူအညီ တောင်းခံနိုင်ပါတယ်"ဟုလည်း ခရိုင်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

**သန်းလွင်(မကွေး)**



# မိတ္ထီလာမြို့နယ်မှ ရေအခက်အခဲဖြစ်နေသည့်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးနေ

**မိတ္ထီလာ မေ ၁**

မိတ္ထီလာမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲ ဖြစ်နေသည့် မြင်တော်ကန်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မူလ+မွမ်းမံ) ရန်ပုံငွေ ကျပ် ၂၀ ဒသမ ၈ သန်းဖြင့် ဇန်နဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီး၍ မကြာမီ ရာနှုန်းပြည့် ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေ အခက်အခဲ မရှိစေရန်အတွက် စီမံချက်များရေးဆွဲ၍ ဘဏ္ဍာရေးနှစ်အလိုက် မြေသားကန်များ တူးဖော်ပေးခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ရေရှားပါးနေသော မြင်တော်ကန်ကျေးရွာ၌လည်း အနက် ပေ ၅၀၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းနှင့် အမြင့် ပေ ၂၀ ရှိသည့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးဇော်မြင့်က ပြောကြားသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသွားပါက နှစ်စဉ် နွေရာသီကာလတိုင်း သောက်သုံးရေ အခက်အခဲဖြစ်လေ့ရှိသည့် မြင်တော်ကန်ကျေးရွာမှ ပြည်သူများအနေဖြင့် ရာသီမရွေး သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တောင်ဒဂုံမြို့နယ်ရှိ အိမ်ခြေ ၂၄၀၀ အတွက် ခိုင်နှင်းဝေ ဦးဆောင်သည့် ပရဟိတအဖွဲ့က စားနပ်ရိက္ခာများ လှူဒါန်း

ကိုဗစ်-၁၉ ကာလတွင် စားသောက်ရေး အခက်အခဲဖြစ်နေကြသော တောင်ဒဂုံမြို့နယ်ရှိ အခြေခံလူတန်းစားပြည်သူများအတွက် စားနပ်ရိက္ခာများနှင့် မီးဖိုချောင်သုံး ကုန်ခြောက်ပစ္စည်းများကို သရုပ်ဆောင် ခိုင်နှင်းဝေ ဦးဆောင်သော အဖွဲ့သားများက ဧပြီ ၃၀ ရက်ကစ၍ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"တောင်ဒဂုံမြို့နယ်မှာနေထိုင်တဲ့ စားဝတ်နေရေး ခက်ခဲနေတဲ့ အခြေခံလူတန်းစား ပြည်သူတွေအတွက် စားသောက်ကုန်တွေကို ကျွန်မတို့အဖွဲ့က သွားရောက်လှူဒါန်းဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ ကျွန်မလှူတဲ့အလှူတိုင်းဟာ စေတနာရှင် ခုနစ်ရက်သားသမီးများနဲ့အတူ ပူးပေါင်းလှူဒါန်းတဲ့အလှူတွေ ဖြစ်တဲ့အတွက် ကုသိုလ်ယူချင်သူများလည်း ပါဝင်လှူဒါန်းနိုင်ပါတယ်"ဟု ခိုင်နှင်းဝေက ပြောသည်။

အဆိုပါလှူဒါန်းမှုတွင် တောင်ဒဂုံမြို့နယ်ရှိ ရပ်ကွက်တစ်ခုလျှင် အိမ်ခြေ ၁၀၀ နှုန်းဖြင့် ရပ်ကွက် ၂၄ ခုမှ အိမ်ခြေစုစုပေါင်း ၂၄၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီ၊ မြေပဲ စသည့် စားသောက်ကုန်များနှင့်အတူ မီးဖိုချောင်သုံး ကုန်ခြောက်ပစ္စည်းများကိုလည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ လှူဒါန်းမှုတွင် ပူးပေါင်းပါဝင် ကုသိုလ်ပြုလိုသော အလှူရှင်များ ဖုန်း-၀၉-၂၀၃၃၈၂၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သရုပ်ဆောင် ခိုင်နှင်းဝေသည် ပရဟိတလုပ်ငန်းဆောင်ရွက်မှုအဖြစ် ခိုင်နှင်းဝေ ရင်သွေးလေးများ ဂေဟာကို ယခင်ကပင် ဖွင့်လှစ်ထား၍ ကလေးငယ်များအား ပြုစုစောင့်ရှောက်မှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ ယခု မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းကြောင့် ပြည်သူများ Stay Home နေထိုင်ရပြီး အခြေခံလူတန်းစား ပြည်သူများအတွက် စားသောက်ရေး အခက်အခဲရှိသည့် ကာလတွင်လည်း ခိုင်နှင်းဝေ ဦးဆောင်သည့် ပရဟိတအဖွဲ့က တတ်နိုင်သည့်ဘက်မှ ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ကိုလင်း



# ပြည်သူနဲ့အတူလှူကြမယ် အစီအစဉ်အတွက် အလှူငွေ ကျပ်သိန်းပေါင်း ၁၀၄၀ ရရှိပြီဖြစ်ကြောင်း သရုပ်ဆောင် ဖွေးဖွေး ပြောကြား

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရုပ်ရှင်သရုပ်ဆောင်များနှင့် ပြည်သူများ စုပေါင်းလှူဒါန်းနိုင်ကြရန် ပြုလုပ်ထားသည့် အစီအစဉ်ဖြစ်သော "ပြည်သူနဲ့အတူ လှူကြမယ်" အစီအစဉ်သို့ အနုပညာရှင်များနှင့် ပရိသတ်များက အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ပြုလျက်ရှိရာ လက်ရှိအချိန်တွင် အလှူငွေ ကျပ်သိန်းပေါင်း ၁၀၄၀ ရရှိနေပြီဖြစ်ကြောင်း သရုပ်ဆောင် ဖွေးဖွေးက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

အလှူရှင်များက စေတနာအပြည့်ဖြင့် ကိုယ်တတ်နိုင်သည့်ဘက်မှ ပါဝင်လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည့်အတွက် အလှူငွေ ကျပ်သိန်းပေါင်း ၁၀၄၀ ရရှိခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိ လှူဒါန်းထားပြီးသော အလှူငွေမှာ ကျပ် ၂၉၂ သိန်းဖြစ်ကာ ကျန်ငွေ ၇၄၈ သိန်း ရှိနေကြောင်း၊ အနယ်နယ် အရပ်ရပ်မှ ပါဝင်လှူဒါန်းခဲ့သူများအား ကျေးဇူးတင်ကြောင်း ဖွေးဖွေးက ဆက်လက်ရေးသားထားသည်။

ပြီးခဲ့သော သင်္ကြန်ကာလတွင် ယိမ်းမကရသည့်အတွက် အဆင်မပြေမှုများ ရှိခဲ့သော အမေများအဖွဲ့ကိုလည်း ဖွေးဖွေးက အလှူငွေများ ပေးအပ်ခဲ့ကာ လက်ရှိအချိန်တွင် ပြည်တွင်း၌ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့်ပတ်သက်၍လည်း တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီပေးလျက်ရှိကြောင်း၊ ပရိသတ်များနှင့် အဆက်အသွယ် မပြတ်အောင် အားလပ်ချိန်များတွင် Live လွှင့်ခြင်းအတွက်လည်း အချိန်ပေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုလင်း



# တာဝန်သိစွာဖြင့် စောင့်ကြပ်ကြည့်ရှုမှုခံခဲ့သူများအား ကျေးဇူးတင်ကြောင်း အလှမယ် ထက်ထက်ထွန်း ပြောကြား

ပြည်ပမှ ပြန်ရောက်လာကြပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တာဝန်သိစိတ်ဖြင့် ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုမှုကို ခံယူခဲ့ကြသူများနှင့်အတူ နောက်ပိုင်းတွင် ထပ်မံတိုးမြှင့်လိုက်သည့် ၂၁ ရက်ကိုလည်း လိုလိုလားလား ကြည်ဖြူစွာလက်ခံ၍ စောင့်ကြည့်ခံခဲ့ကြသူများအား ကျေးဇူးတင်ရှိကြောင်း အလှမယ် ထက်ထက်ထွန်းက ပြောကြားသည်။

"အခုအချိန်က ညီမတို့ တိုင်းပြည်အတွက် အင်မတန် အရေးကြီးတဲ့အချိန်ပါ၊ ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာပေါ်မှာ စပြီး ပြန့်တဲ့အချိန်တုန်းက ညီမတို့တိုင်းပြည်မှာ မရှိသေးဘူးလို့ ဆိုရမယ်၊ ဒါပေမယ့် ပြည်ပရောက်နေတဲ့ ဆွေမျိုး၊ မိတ်ဆွေတွေက ဟိုမှာ အလုပ်အကိုင်တွေ ရပ်ဆိုင်းလိုက်ရလို့ တရားဝင်ပြန်လာရမယ်ဆိုတဲ့အခါမှာ အကုန်လုံးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာပြီး ၁၄ ရက်တာ စောင့်ကြည့်ခံအဖြစ်နေထိုင်ဖို့ ကြည်ကြည်ဖြူဖြူ လက်ခံခဲ့ကြတာကို တွေ့ရလို့ အင်မတန် ကျေးဇူးတင်မိတယ်၊ ဘယ်သူမဆို ကိုယ့်မိသားစုနဲ့ ခွဲမနေချင်ကြပါဘူး၊ ပြီးတော့ ထက်တို့နိုင်ငံက ပြည့်စုံနေတဲ့ နိုင်ငံမဟုတ်တော့ ကြိုတင်ပြင်ဆင်မှုအပိုင်းလေးတွေမှာ အနည်းငယ် အားနည်းမှုလေးတွေ ရှိကောင်းရှိကြမှာပါ၊ နေရတဲ့နေရာမှာ အခက်အခဲတွေနဲ့ စိတ်မွန်းကျပ်မှုလေးတွေ လည်း ရှိကောင်းရှိမှာပါ၊ အဲဒီလို အခြေအနေမျိုးမှာ တောင် ကြိုးစားပြီး ကြည်ဖြူစွာနဲ့ စောင့်ကြည့်ခံပေးခဲ့ကြလို့ ထက်က သူတို့ကို ကျေးဇူးတင်ပါတယ်"ဟု ထက်ထက်ထွန်းက ပြောသည်။

ရောဂါကာကွယ်ရေးအတွက် အကြံပြုချက်အနေဖြင့်လည်း ထက်ထက်ထွန်းက "ဒီရောဂါက လူမျက်စိနဲ့မြင်ရတဲ့အရာ မဟုတ်ဘူးလေ၊ အဲဒီတော့ ကိုယ့်ဘက်က သတိတစ်ချက်လေး လွတ်သွားတာနဲ့ ရောဂါဖြစ်နိုင်တယ်၊ လူတိုင်းလည်း ဖြစ်နိုင်ပါတယ်၊ ကူးနိုင်တဲ့ရောဂါမျိုးမို့ အားလုံး စနစ်တကျလေးနဲ့ အတတ်နိုင်ဆုံး လူစုလူဝေးကို ရှောင်ကြပါ၊ လက်ကို ခဏခဏ ဆေးကြပါ၊ အပြင်ထွက်ရင် Mask လေး တပ်ပေးကြပါ"ဟု တိုက်တွန်းပြောကြားသည်။

ကိုလင်း



# ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အဆိုတော်နီတာ ကျန်းမာရေးကောင်းမွန်လျက်ရှိ

အဆိုတော် နီတာသည် ကိုဗစ်-၁၉ ရောဂါပိုးရှိသူနှင့် ထိတွေ့မှုရှိခဲ့ပြီးနောက် နေအိမ်တွင် ဖျားနာခြင်းကြောင့် ကျန်းမာရေး စစ်ဆေးပေးရန် ကိုယ်တိုင် တောင်းဆိုခဲ့ရာ ဧပြီ ၁၆ ရက်က ထုတ်ပြန်သော အတည်ပြုလူနာစာရင်းတွင် ပါဝင်ခဲ့သည်။ လက်ရှိအချိန်တွင်မူ အဆိုတော် နီတာသည် ကျန်းမာရေးဌာန၏ စောင့်ရှောက်မှုများကို ခံယူရင်း ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုတော့ ကျွန်တော့်အခြေအနေက ဆိုးဆိုးရွားရွား မရှိတော့ပါဘူး။ သက်သာပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ဆင်းရဲပါတယ်။ ဒါတောင်မှ အခုလို ကိုဗစ်-၁၉ လူနာတွေအတွက် ဆေးရုံမှာ နေထိုင်ရ စားသောက်ရတာတွေကို အတော်လေး အဆင်ပြေအောင် လုပ်ပေးထားတာ တွေ့ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆေးရုံက ဆရာ ဆရာမတွေက သေချာ ဂရုစိုက်ပြီး စောင့်ရှောက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အစားအသောက်တွေကအစ အားလုံး စနစ်တကျ စီစဉ်ပေးထားပါတယ်။ အိပ်ရေးဝအောင် အိပ်ရတယ်။ ဗီတာမင်ဆေးတွေနဲ့ ငါးကြီးဆီ တိုက်တယ်။ အားရှိမယ့် အစားအစာတွေ ပုံမှန်ကျွေးပါတယ်။ ဥပမာ ဆိတ်စွပ်ပြုတ်နဲ့ အသီးအနှံမျိုးစုံ စသဖြင့်ပေ့ါ။ လိုအပ်တာလေးတွေလည်း စီစဉ်ပေးကြပါတယ်။ မနက်တစ်ခါ ညတစ်ခါ ပုံမှန် စောင့်ရှောက်ကြည့်ရှုတာကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းတွေက လုပ်ပေးကြပါတယ်"ဟု ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ကိုယ်တွေ့ အခြေအနေများကို အဆိုတော်နီတာက ပြောပြသည်။



လက်ရှိ ကျန်းမာရေးအခြေအနေနှင့် ဆေးဝါးကုသပေးမှုနှင့် ပတ်သက်၍လည်း "ကျွန်တော် သွေးပေါင်နည်းနည်းကျတာနဲ့ နှလုံးခုန်နှုန်း နည်းနည်းနှေးတာလောက်ပါပဲ။ ဆေးကတော့ အင်းစိန်ဆေးရုံတက်တုန်းက ပေးထားတဲ့ ပိုးသတ်ဆေးတွေကတော့ ကုန်သွားပါပြီ။ အခု လက်ရှိဆေးရုံက တိုက်နေတာကို ဆက်သောက်နေရပါတယ်"ဟု ဆက်လက်ပြောပြခဲ့သည်။

ကိုလင်း

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း စူပါမော်ဒယ် ဂျီဂျီဟာဒစ် ဝန်ခံ

စူပါမော်ဒယ်တစ်ဦးဖြစ်တဲ့ ဂျီဂျီဟာဒစ်ဟာ အခုအခါမှာ ရင်သွေးလေး လွယ်ထားရပြီဖြစ်တဲ့အကြောင်း အားလုံးကိုအသိပေးခဲ့ပါတယ်။ အစီအစဉ်တင်ဆက်သူ ဂျင်မီဖယ်လွန်နဲ့ အင်တာဗျူးပြုလုပ်စဉ်မှာ ဂျီဂျီက သူ့မှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဂျင်မီဖယ်လွန်ကလည်း ဂျီဂျီကို မကြာခင် ကလေးချီရတော့မှာဖြစ်တဲ့အတွက် ဂုဏ်ပြုကြောင်း ပြောကြားခဲ့ပါတယ်။ ဂျီဂျီကလည်း သူ့အတွက် ဆုတောင်းပေးကြတဲ့ လူတိုင်းလူတိုင်းကို ကျေးဇူးတင်ပါတယ်။ သူတို့လည်း အခုအချိန်မှာ စိတ်လှုပ်ရှားပျော်ရွှင်နေရပါတယ်လို့ ပြောကြားခဲ့ပါတယ်။

ဂျီဂျီဘက်က ကလေးနဲ့ ပတ်သက်ပြီး အခုလို အတည်ပြုမပြောခင်ကတည်းက မီဒီယာတွေမှာ ဂျီဂျီ နဲ့ One Direction အဖွဲ့သားဟောင်းတစ်ဦးဖြစ်တဲ့ ဇိန်းမာလစ်ခ်တို့မှာ ကလေးရှိနေပြီဆိုပြီး ခန့်မှန်းမှုတွေထွက်ပေါ်ခဲ့ပါတယ်။

ဂျီဂျီနဲ့ ဇိန်းမာလစ်ခ်တို့ဟာ တွဲလိုက်ပြတ်လိုက်ဖြစ်နေပေမယ့် အခုအခါမှာတော့ ရင်သွေးလေးကို အတူတကွပိုင်ဆိုင်ရတော့မှာပါ။ သူတို့နှစ်ဦးဟာ ၂၀၁၅ ခုနှစ်မှာ စတင်တွဲခဲ့ကြပြီး ၂၀၁၈ ခုနှစ် မေလမှာတော့ လမ်းခွဲလိုက်ကြပါတယ်။ အဲဒီနောက်သိပ်မကြာခင်မှာပဲ ပြန်တွဲခဲ့ကြပြီး ၂၀၁၉ခုနှစ် နှစ်စပိုင်းမှာတော့ လမ်းခွဲခဲ့ကြပြန်ပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းရောက်ပြန်တော့ သူတို့နှစ်ဦး ပြန်အဆင်ပြေသွားပြီး အခုဆိုရင် ရင်သွေးလေး ပိုင်ဆိုင်ရတော့မှာပါ။

ဟောလိဝုဒ်လိုက်ဖ်



ဇိန်းမာလစ်ခ်နှင့် ဂျီဂျီဟာဒစ်

### ဘောလိဝုဒ်မင်းသမီး ပရီယန်ကာ တစ်ယောက် ခင်ပွန်းသည်ထံမှ စန္ဒရားတီးသင်နေ

အခုအချိန်အခါမှာ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နေရာအတော်များများမှာ ပိတ်ဆို့ကန့်သတ်မှုတွေပြုလုပ်ထားစဉ် အနုပညာရှင်တွေကြားမှာ အွန်လိုင်းကနေ စန္ဒရားတီးသင်တာ ခေတ်စားနေပါတယ်။ ဘောလိဝုဒ်မင်းသမီးတစ်လက်ဖြစ်တဲ့ ပရီယန်ကာကတော့ အွန်လိုင်းကနေ သင်စရာမလိုပါဘူး။ ပရီယန်ကာရဲ့ခင်ပွန်းသည်ဖြစ်သူ နစ်ခ်ဂျိုနာ့စ်ဟာ ဂီတသမားဖြစ်တဲ့အတွက် ဇနီးသည်ကို ကိုယ်တိုင်ပဲ စန္ဒရားတီးသင်ပေးနေတယ်လို့ သိရပါတယ်။

ပရီယန်ကာကတော့ သူဟာအရင်ကတည်းက စန္ဒရားတီးသင်ချင်နေတာပါလို့ ပြောခဲ့ပါတယ်။ ပရီယန်ကာချိုပရာဟာ ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက်လည်း တစ်တပ်တစ်အား ပါဝင်ထားပါတယ်။ ပိတ်ဆို့ကန့်သတ်မှုတွေပြုလုပ်ထားစဉ်အတွင်း ပရီယန်ကာဟာ လော့စ်အိန်ဂျလိစ်မြို့ကကျောင်းသားတွေအတွက် အွန်လိုင်းကနေ စာသင်ကြားနိုင်အောင် ကူညီပေးခဲ့သလို ဂီတဖျော်ဖြေပွဲကနေ ရန်ပုံငွေရှာဖွေပေးသူအဖြစ်လည်း ပါဝင်လှုပ်ရှားထားပါတယ်။

အသက် ၃၇ နှစ်ရှိပြီဖြစ်တဲ့ ပရီယန်ကာကတော့ လက်ရှိမှာ ခင်ပွန်းသည်ဖြစ်သူ နစ်ခ်ဂျိုနာ့စ်နဲ့အတူ ကယ်လ်လီဖိုးနီးယားမှာ နေထိုင်နေပါတယ်။ သူဟာ ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် အခြားသောလူမှုအဖွဲ့အစည်းတွေကို ငွေကြေးလှူဒါန်းမှုတွေ ပြုလုပ်ထားတယ်လို့ သိရပါတယ်။

ဘောလိဝုဒ်လိုက်ဖ်



ပရီယန်ကာချိုပရာနှင့် နစ်ခ်ဂျိုနာ့စ်



# ဘဘသာစာပေပေါင်းကူး(၁၃)

## မောင်ခင်မင် (ဓနုဖြူ)

“သမီးက သီချင်းဝါသနာပါတဲ့သူဆိုတော့ မေးရအုံးမယ်။ ‘အသည်းထောင့်မှာ အချစ်ပြောင့်ကလေးတွေစူးနေ’ ဆိုတဲ့ သီချင်းစာသားကို မှတ်မိလား”

“ဟုတ်ကဲ့၊ သမီးဆိုကြည့်လိုက်အုံးမယ်နော် ဘဘ၊ အဲ...မှတ်မိပြီ ဘဘ၊ ဒေါ်မေရှင်ရဲ့ ချစ်ဘက်သက်လျှာ သီချင်းထဲက စာသားပါ”

“သမီးက တယ်မှတ်မိတာပဲနော်။ ဟုတ်တယ်။ အဲဒီစာသားက ခေတ်ဟောင်းအဆိုတော်ကြီး ဒေါ်မေရှင်ရဲ့ သီချင်းထဲကပဲ။ ဆရာမြို့မငြိမ်းရဲ့ လက်ရာပေါ့။ အခု ဘဘ ထပ်မေးချင်တာက အဲဒီစာသားဟာ ဆရာမြို့မငြိမ်းရဲ့ ကိုယ်ပိုင်စိတ်ကူးလား။ တခြားစာတစ်ခုခုကရတာလား ဆိုတာပဲ”

“အဲဒီအထိတော့ သမီးမသိပါဘူးဘဘ”

“ကိစ္စမရှိပါဘူးသမီးရယ်၊ ဘဘက စာပေအလှကွက်ကလေးတွေကို စာဆိုတွေတစ်ခေတ်က တစ်ခေတ် လက်ဆင့်ကမ်းအမွေခံကြတဲ့ အစဉ်အလာအကြောင်း စဉ်းစားမိလို့ စကားစတာပါ”

“ပြောပြပါ ဘဘ၊ သမီးမှတ်သားချင်ပါတယ်”

“ဘဘတို့ပြောနေကျ ရဟန်းစာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရပဲပေါ့ကွယ်။ ကိုးခန်းပျို့မှာဖွဲ့ထားတာ။ ပုဏ္ဏားမကြီးက သားလေးယောက်လုံး တောထွက်သွားတော့ လွမ်းကျန်ခဲ့ပြီး ငိုယိုမြည်တမ်းပုံကို ဖွဲ့ထားတာကွဲ့”

“ဟုတ်ကဲ့ပါ”

“ ‘တောင်မှောင့် မြောက်မှောင့်၊ သားများကြောင့်လျှင်၊ ချစ်ပြောင့်ချစ်ဆူး၊ ဝမ်းထဲစူးသော်၊ လွမ်းရူးလွမ်းခါး၊ သည်းဖျားရိုးခြင်၊ ဖိမ့်ဖိမ့်ကျင်ရှင်’ တဲ့။ ‘သားတွေကြောင့် အသည်းမှာချစ်ပြောင့်ချစ်ဆူးတွေ စူးနေရပါပြီ၊ အရိုးအခြင်တွေပါ တဖိမ့်ဖိမ့်နာကျင်ပြီး ရူးမတတ်လွမ်းနေရပါပြီ’ လို့ ဖွဲ့ထားတာလေ”

“ရင်ထဲကိုထိတဲ့ အဖွဲ့ကလေးပဲနော် ဘဘ”

“ဟုတ်တာပေါ့ကွယ်။ အဲဒီ ‘ချစ်ပြောင့်ချစ်ဆူး ဝမ်းထဲစူးသော်’ ဆိုတဲ့ အဖွဲ့ကို ဆရာမြို့မငြိမ်းက ယူပြီး ‘အသည်းထောင့်မှာ ချစ်ပြောင့်ကလေးတွေစူးနေလို့’ ဖွဲ့ဖို့ စိတ်ကူးပေါ်လာတယ်လို့ ဆိုရမှာပေါ့”

“မှတ်ထားလိုက်ပါပြီ ဘဘ”

“တွက်ကြည့်ရင် အဲဒီစာဆိုကြီးနှစ်ဦးဟာ နှစ် ၅၀၀ လောက် ကွာခြားတာလေ။ ရှေးစာဆိုတွေကို နှောင်းစာဆိုတွေက ခုလိုလက်ဆင့်ကမ်း အမွေခံတော့ဒီအဖွဲ့ကလေးကနှစ်တွေဘယ်လောက်ကြာကြာ ပြန်အသက်ဝင်ပြီး ဆန်းသစ်တာပေါ့ကွယ်”

“ဟုတ်တယ်နော် ဘဘ”

“နောက်တစ်ခုက အင်းဝခေတ်စာဆိုရှင်တေဇောသာရက ရခိုင်ဘုရင်ရဲ့ သမီးတော်ကလေးကို ဖွဲ့တဲ့အဖွဲ့ပဲ။ သမီးသင်ခဲ့ဖူးမှာပါ၊ ‘ချုပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်၊ ရှင်သာရခိုင်တန်ဆောင်လော’ ဆိုတဲ့ အဖွဲ့လေ။ ‘ရခိုင်ပြည်ရဲ့ ဆီမီးတန်ဆောင်ပေလား’ လို့ တအံ့တသြ ချီးကျူးလိုက်တာလေ”

“သင်ဖူးပါတယ်ဘဘ။ သိပ်လှတဲ့ရတုကလေးပါ”

“ရခိုင်အမျိုးသမီးကလေးတွေရဲ့ ဓာတ်ပုံတွေမှာ ‘ရှင်သာရခိုင်တန်ဆောင်လော’ ဆိုတဲ့ စာသားကလေးကို ခုအထိ အမြတ်တနိုးသုံးနေကြတာ သမီးသိမှာပါ”

“ဟုတ်ကဲ့ပါ ဘဘ၊ နတ်ရှင်နောင်ရတုထဲက ‘ငှက်သွင်ပျံကြွမတတ်သော’ ဆိုတဲ့ အဖွဲ့ကိုလဲ လိုက်ဖွဲ့ကြတယ်နော်”

“ဘယ်လိုဖွဲ့တာပါလိမ့်၊ ပြောပြလေ”

“ဪ...နတ်ရှင်နောင်က ချစ်သူကလေးဆီကို ငှက်ကလေးလိုပျံပြီးသွားချင်တဲ့အကြောင်းဖွဲ့တာ၊ ဟို သမီးတို့ ငယ်ငယ်က ရေဒီယိုမှာခဏခဏလာတဲ့ ‘မိုးယံမှဆီ ချစ်သူဆီ’ သီချင်းမှာ ‘တောင်ပံလေးများ ရနိုင်ရင်ဖြင့် လိုချင်သားကွယ်၊ ဒါမှချစ်တဲ့သူရှိရာ မင်းလိုပဲ တို့လဲပျံနိုင်မယ်’ လို့ ဖွဲ့ထားပါတယ်ဘဘ”

“ဟုတ်တာပေါ့၊ ဟုတ်တာပေါ့”

“ဟို...ရင်ဂိုရဲ့ ‘တောင်ပံပါရင်မင်းဆီသို့’ ဆိုတာလဲ အဲဒီအတွေးမျိုးပါပဲနော်ဘဘ”

“ဟုတ်ပ့ါ။ အလှကွက်ကလေးတွေကို ခုလို အဆင့်ဆင့်အမွေခံတာတွေကို ခြေခြေမြစ်မြစ် လေ့လာနိုင်ရင် ဒီအစဉ်အလာကို ပိုပြီးအလေးအနက် သဘောပေါက်တာပေါ့ကွယ်။ တစ်ခုသတိရလို့။ ရှေးက ရှင်ကရဝိကဆိုတဲ့ ရဟန်းစာဆိုတစ်ပါးက ဆေးတံထဲ ထည့်သောက်တဲ့ဆေးရွက်ကြီးအကြောင်း ဖွဲ့တဲ့ရတုတစ်ပုဒ်ရှိတယ်ကွဲ့။ သိကြားမင်းဖန်ဆင်းတဲ့ မြအဆင်းရှိတဲ့ ဆေးရွက်ဆိုပြီး အမွှမ်းတင်ဖွဲ့ထားတာ၊ ‘မာဃနတ်ရှင် ဖန်စီရင်၍ မြသွင်လိုလို’ လို့အစချီထားတာ။ အဲ ခေတ်ဟောင်း အဆိုတော်ကြီး ပြည်လှဖေဆိုတဲ့ ဣန္ဒာနွယ်သီချင်းမှာတော့ အဲဒီစာသားကိုယူပြီး ‘မာဃနတ်ရှင်၊ ဖန်စီရင်တဲ့၊ မြအသွင်ရယ်၊ မြင်သူငေးလောက်ဖွယ်’ လို့ဖွဲ့တာ၊ ဆေးရွက်ကြီးကိုဖွဲ့တာတော့ မဟုတ်တော့ဘူး။ ချစ်သူကလေးကို ဖွဲ့တာလေ”

“ဪ...ဟုတ်ကဲ့ပါ။ အဲဒီဥပမာကလေးက လှလို့ ယူသုံးတာပေါ့နော်ဘဘ”

“ဟုတ်တာပေါ့။ စာဆိုတွေရဲ့စိတ်ကူးဉာဏ် ကွန့်မြူးနိုင်စွမ်းရှိတဲ့အတိုင်း အဲဒီလိုအဖွဲ့ကောင်းကလေးတွေ ပေါ်လာတာပေါ့ကွယ်။ အဲဒီစိတ်ကူးကို ဘဘသာစကားနဲ့ အလှဆုံးပုံဖော်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ဆိုပါတော့၊ မေတ္တာကိုထင်သာမြင်သာအောင် တင်စားပြီးဖွဲ့ထားတဲ့အဖွဲ့တွေ စာပေထဲမှာအများကြီးရှိတယ်မဟုတ်လား။ ‘မေတ္တာရေစင်’ တဲ့၊ ‘မေတ္တာပန်း’ တဲ့၊ ‘မေတ္တာမိုးမြေ’ တဲ့၊ အမျိုးမျိုးပဲလေ”

“စာဆိုတွေရဲ့စိတ်ကူးပုံမတူလို့ အမျိုးမျိုးဖွဲ့တာထင်ပါတယ် ဘဘ”

> **“အဲဒီလိုတင်စားပုံတွေ စာပေထဲမှာ သမီးတွေ့မှာပေါ့။ ‘စိတ်ဆင်ရိုင်း’၊ ‘ပညာချွန်း’၊ ‘ပညာဆီမီး’၊ ‘ဒေါသမီး’၊ ‘လောဘမုန်တိုင်း’၊ ‘မာနတံခွန်’၊ အို. . . အများကြီးပေါ့ကွယ်။ ဘဘ တစ်ခုသတိထားမိတာက အချစ်ကိုလဲ မြင်သာတဲ့ အရာဝတ္ထုတွေနဲ့ အမျိုးမျိုးတင်စားဖွဲ့တာတွေရှိတယ်။ ခုနပြောတဲ့ ‘မေတ္တာ’ ကို တင်စားတာတွေက အားလုံးကောင်းတာတွေချည်းပဲ”**

“ဟုတ်တယ်။ မေတ္တာဆိုတာပန်းလိုမွှေးတဲ့ဂုဏ်ရှိတယ်လို့ စိတ်ကူးတဲ့စာဆိုက ‘မေတ္တာပန်း’ လို့ဖွဲ့တယ်။ ရေလိုအေးမြတဲ့ ဂုဏ်ရှိတယ်လို့ စိတ်ကူးမိတဲ့စာဆိုက ‘မေတ္တာရေ’ လို့ဖွဲ့တာပေါ့။ မိုးလိုမြေလိုခိုင်မာတယ်၊ ကျယ်ပြန့်တယ် လို့ စိတ်ကူးမိတဲ့စာဆိုက ‘မေတ္တာမိုးမြေ’ လို့ ဖွဲ့တာပေါ့ကွယ်”

“ ‘မေတ္တာတံတိုင်း’ ဆိုတာလဲ ကြားဖူးပါတယ် ဘဘ”

“ဒါကျတော့ မေတ္တာရဲ့လုံခြုံတဲ့ဂုဏ်၊ ဘေးရန်ကာကွယ်နိုင်တဲ့ဂုဏ်ကို အလေးပေးတာပေါ့ကွယ်။ ဪ...သတိရလို့၊ အဆိုတော်ကြီး ပြည်လှဖေရဲ့ မေတ္တာဂုဏ်သီချင်းမှာတော့ ‘မေတ္တာစောင်ခြုံရင် လုံမှာပဲလို့ စွဲမြဲနေ့တိုင်းပင်’ လို့ ဖွဲ့တယ်။ မေတ္တာစောင်လဲ မေတ္တာတံတိုင်းလိုပဲပေါ့ကွယ်”

“ဘဘ၊ သမီးတစ်ခုသတိရလို့ပါ။ တွံတေးသိန်းတန်ရဲ့ နာမည်ကျော်သီချင်းတစ်ပုဒ်မှာ ‘မေတ္တာ မီးအိမ်’ လို့ ဖွဲ့ထားတယ်နော် ဘဘ”

“ဟုတ်တာပေါ့။ လမ်းပျောက်နေတဲ့ မှောင်ထဲမှာ လမ်းပြနိုင်တဲ့မီးအိမ်နဲ့ မေတ္တာကိုတင်စားထားတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“အဲဒီတော့သမီးစဉ်းစားကြည့်၊ အကောင်အထည်မမြင်ရတဲ့ ‘မေတ္တာ’ ရဲ့ သဘောကို စာဆိုတွေက မြင်သာတဲ့ အကောင်အထည်တွေနဲ့ တင်စားပြီး ဖွဲ့ခဲ့ကြတာမဟုတ်လား။ ရေစင်၊ ပန်း၊ မိုးမြေ၊ တံတိုင်း၊ စောင်၊ မီးအိမ်စသည်ဖြင့်ပေါ့။ အဲဒီအရာဝတ္ထုတွေရဲ့ ဂုဏ်အရည်အသွေးတွေ မေတ္တာမှာရှိနေတယ်ဆိုတဲ့ စိတ်ကူးနဲ့ တင်စားခဲ့ကြတာမဟုတ်လား”

“ဟုတ်ပါတယ် ဘဘ”

“အဲဒီလိုတင်စားပုံတွေ စာပေထဲမှာ သမီးတွေ့မှာပေါ့။ ‘စိတ်ဆင်ရိုင်း’၊ ‘ပညာချွန်း’ ၊ ‘ပညာဆီမီး’၊ ‘ဒေါသမီး’၊ ‘လောဘမုန်တိုင်း’၊ ‘မာနတံခွန်’၊ အို. . . အများကြီးပေါ့ကွယ်။ ဘဘ တစ်ခုသတိထားမိတာက အချစ်ကိုလဲမြင်သာတဲ့အရာဝတ္ထုတွေနဲ့ အမျိုးမျိုးတင်စားဖွဲ့တာတွေရှိတယ်။ ခုနပြောတဲ့ ‘မေတ္တာ’ ကို တင်စားတာတွေက အားလုံးကောင်းတာတွေချည်းပဲ။ ပန်းတို့၊ ရေစင်တို့၊ တံတိုင်းတို့။ အဲ...အချစ်ကိုတင်စားတာကျတော့ ကောင်းတာရော၊ မကောင်းတာရောပါတယ်ကွဲ့”

“ဟင်၊ ဟုတ်လားဘဘ”

“ခုန ‘ချစ်ပြောင့်ချစ်ဆူး’ ပဲကြည့်လေ။ အချစ်ကိုထိခိုက်နာကျင်စေနိုင်တဲ့ ပြောင့်တွေ ဆူးတွေနဲ့ တင်စားတာမဟုတ်လား။ သီချင်းတွေရှိတယ်လေ။ ‘ချစ်ဆိပ်ရည်’ တဲ့၊ ‘ချစ်မြားဆူး’ တဲ့။ ဘယ်မှာကောင်းလို့လဲ။ ဆရာသုခက ရုပ်ရှင်နာမည်ပေးဖူးတယ်။ ‘ချစ်အဏုမြူ’ တဲ့။ အဏုမြူဗုံးနဲ့ တင်စားတာလေ။ ဝုန်းခနဲ ပေါက်ကွဲနိုင်တဲ့ အဓိပ္ပာယ်လေ”

“ဪ”

“အေး၊ ဒါပေမဲ့ ‘ချစ်မိုး၊ ချစ်မြေ၊ ချစ်ပင်လယ်၊ ချစ်ပန်း၊ ချစ်ရေစင်’ ဆိုတာတွေကျတော့ နှစ်သက်စရာကောင်းတာတွေပဲလေ”

“ဟုတ်ကဲ့”

“ဒီတော့၊ ဘယ်လိုကောက်ချက်ချနိုင်သလဲဆိုရင် ‘မေတ္တာ’ ဆိုတာ အမြဲတမ်းဖြူစင်မွန်မြတ်တာမို့ နှစ်သက်စရာကောင်းတာတွေနဲ့ချည်း တင်စားတယ်။ အချစ်ကတော့ ကိလေသာ၊ တဏှာဖက်နေတာမို့ သာယာတာရော၊ မသာယာတာ ရောရှိတယ်။ ဒါကြောင့် ကောင်းတာနဲ့ရော မကောင်းတာနဲ့ရော တင်စားတာလို့ ကောက်ချက်ချနိုင်တာပေါ့ကွယ်”

“သိပ်တန်ဖိုးရှိပါတယ် ဘဘ။ ကျေးဇူးတင်ပါတယ်”

“အခုပြောခဲ့တာတွေက သမီးတို့သင်နေတဲ့ ‘ရူပကအလင်္ကာ’ တွေပဲမဟုတ်လား။ မေတ္တာတို့၊ အချစ်တို့ဆိုတဲ့ အနှိုင်းခံတွေကို အနှိုင်းအမျိုးမျိုးနဲ့ ထပ်တူပြုတင်စားဖွဲ့ဆိုထားတာတွေချည်းပဲပေါ့ကွယ်”

“နားလည်ပါပြီ ဘဘ”

“အရေးကြီးတာက အဲဒီတင်စားချက်အားလုံးဟာ လောကမှာတကယ်မရှိတာတွေချည်းပဲလေ။ မေတ္တာမီးအိမ်ဆိုတာ သီချင်းထဲမှာပဲရှိတာလေ။ ‘မေတ္တာမီးအိမ်တစ်လုံးရောင်းပါ’ ဆိုပြီး သွားဝယ်လို့ မရဘူးမဟုတ်လား။ ‘ချစ်ရေစင်တို့၊ ချစ်မြားဆူး’ တို့လဲ တကယ်မရှိပါဘူး။ စာဆိုတွေရဲ့ စိတ်ကူးထဲမှာ ဆက်စပ်ပုံဖော်ထားတဲ့ အလှကွက်ကလေးတွေ အနေနဲ့တော့ စာပေတွေထဲမှာ အမြဲအသက်ဝင်နေမှာပဲပေါ့ကွယ်”။ ။

# Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease–2019 (COVID–19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှု ကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံ ကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/ လူထွက် စိစစ်ခြင်း၊ ခရီးသည် ပို့ဆောင်ရေးယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့်အရေးပေါ် အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်–

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်းကျူးလွန်မှုများ အဖြစ်သို့ ပြောင်းလဲသွားခြင်း။

(ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကြောင့် ပြည်သူများ လိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း။

(ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင်ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ်လူနာ ခွဲစိတ်မှုများ၊ COVID–19 ကူးစက်ရောဂါကုသမှုနှင့် လူနာစောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

(င) ဒုစရိုက်သမားများသည် COVID–19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများကို နည်းမျိုးစုံဖြင့် လိမ်လည်/ ခြိမ်းခြောက် ငွေကြေးရယူခြင်း။

(စ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများရောင်းချရန်နှင့် ဖြန့်ဝေရာ website, e–commerce platforms, social medias, emails များအသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည်ကိုအသုံးပြု၍ ငွေလွှဲပြောင်းလိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID–19 ကပ်ရောဂါဖြင့် ဆေးရုံတက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I–pay တို့ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

(ဇ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင်ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည် ရယူခြင်း။

(ဈ) COVID–19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alocohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းများ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခုဖြစ်လာခြင်း။

(ဋ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါး ထုတ်လုပ်ရောင်းချမှုများကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာစိုးရိမ်ဖွယ်ဖြစ်နေခြင်း။

(ဌ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့်ရာသီဥတုဖြစ်၍ နေအိမ်ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်းကြောင့် ဒုစရိုက်သမားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများ ကျူးလွန်ခြင်း။

(ဍ) လူ(၅)ဦးနှင့်အထက်စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း။

(ဎ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းယူမှုများကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့်အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက်များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍အိမ်တွင်း ခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများအနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက မိသားစုအတွင်း၊ အဆောင်နေသူများအချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှုများ၊ မှုခင်းများနှင့် ပတ်သက်၍ ကျူးလွန်ခံရမှုများမဖြစ်ပွားရအောင် အောက်ပါအချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်–

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များမဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်းမပြုရန်။

(ခ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

(ဂ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

(င) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

(စ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ်သေချာတပ်ဆင်ရန်။

(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့် ပတ်သက်၍ ပညာပေးပြောကြားရန်။

(ဇ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှုကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID–19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘစီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ် ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာ ရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် World Vision မှ ဆေးရုံသုံးပစ္စည်းများ လာရောက်လှူဒါန်း

**လှိုင်းဘွဲ့ မေ ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် World Vision(ANCP) အဖွဲ့က ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လိုအပ်သော အထောက်အကူပြုဆေးရုံသုံးပစ္စည်းများကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းသည်။

လှူဒါန်းမှုအနေဖြင့် လှိုင်းဘွဲ့မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဘေးအန္တရာယ် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်လွယ်ကူစေရန်နှင့် ထိရောက်စေရန် လိုအပ်နေသော ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် World Vision မှ ရောဂါကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်း၊ ခေါင်းစွပ်၊ လက်အိတ်၊ ဖိနပ် ငါးမျိုးပါ အစုံ ၂၀၀နှင့် N–95 နှာခေါင်းစည်း အခု ၂၀၀၊ နှာခေါင်းစည်း ၂၀၀၊ လက်အိတ် ၂၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀ တို့ကို လာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**





## ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးတွင် ကိုဗစ်-၁၉ ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျောက်ဆည် မေ ၁**

ကျောက်ဆည်ခရိုင် အမျိုးသမီးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ကျောက်ဆည်မြို့ အေးမြကြလင်ဈေးတွင် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ယနေ့နံနက်ပိုင်းက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။ **(အပေါ်ပုံ)**

အေးမြကြည်လင်ဈေးတွင် ဈေးရောင်း၊ ဈေးဝယ်လာရောက်သော ပြည်သူများအား ကျောက်ဆည်ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက နှာခေါင်းစည်းများတပ်ဆင်၍ တစ်ဦးနှင့် တစ်ဦးခြောက်ပေအကွာတွင် ဈေးများရောင်းချရေး၊ ဈေးလာရောက်ဝယ်ယူသူများကလည်း သတ်မှတ်စည်းကမ်းချက်များအညီ စနစ်တကျ ဝယ်ယူရေး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော နှိုးဆော်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးကာ နှာခေါင်းစည်း အခု ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(ပြန်/ဆက်)**

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၅)
# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုဆုံးဖြတ်ချက်များ



မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကန့်ကွက်လွှာနှင့် အယူခံမှု ဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာနှင့် အယူခံမှု ဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်နှစ်အုပ်ကို ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ထုတ်ဝေခဲ့သည်။ မည်သည်ကြောင့် ထုတ်ဝေခဲ့သနည်း။ မည်သို့အကျိုးရှိစေနိုင်သနည်း။ မျှဝေပါရစေ။

### ရွေးကောက်ပွဲနှင့် ကန့်ကွက်လွှာ

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များရှိသည်။ အချို့သောဒေသများတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်များရှိသည်။ ပါတီများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူများရှိသည်။

လွှတ်တော်မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အနည်းဆုံးနှစ်ဦးမှသည် လေးဦး၊ ငါးဦး သို့မဟုတ် ဆယ်ဦးအထက်ပင် ရှိတတ်ကြသည်။ ဆန္ဒမဲအများဆုံးရရှိသူက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ဤတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံရသူသည် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့ပြီး ထိုတရားမဲ့ပြုလုပ်မှုများကြောင့် အနိုင်ရရှိခဲ့သော် ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်းက ကန့်ကွက်လွှာအမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းကြသည်။ ကော်မရှင်သည် အဆိုပါကန့်ကွက်လွှာရရှိသည့်အခါ လိုအပ်သလို စစ်ဆေးပြီး အစီရင်ခံစာတင်ပြစေရန် ရွေးကောက်ပွဲခုံအဖွဲ့ကို ဖွဲ့စည်းပေးရသည်။

ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်လွှာအမှုများကို စစ်ဆေးကြားနာပြီး ကန့်ကွက်လွှာတင်သွင်းမှု မှန်ကန်ခဲ့လျှင် အနိုင်ရရှိခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပေးသည်။ တင်သွင်းမှုမမှန်ကန်ခဲ့လျှင် တင်သွင်းမှုကို ပလပ်ကြောင်း အမိန့်ချသည်။ ဤသို့ပင် ရွေးကောက်ပွဲရှိလျှင် ကန့်ကွက်လွှာဟူသည် ရှိတတ်စမြဲဖြစ်သည်။

### တရားမဲ့ပြုကျင့်မှုဟူသည် အဘယ်နည်း

လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ၎င်းတို့၏သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုခြင်း၊ သူတစ်ပါးအယောင်ဆောင်ခြင်း၊ မဟုတ်မမှန် ပြောဆိုကြေညာခြင်း၊ မဟုတ်မမှန်ဝန်ခံလက်မှတ်ရေးထိုးခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်မြေများအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်းတို့သည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း၊ သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊ မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း၊ မမှန်ကန်သောငွေစာရင်းကို မှန်ကန်သည်ဟုဝန်ခံခြင်း၊ သတ်မှတ်ထားသည့်အတိုင်း ငွေစာရင်းကိုတင်ပြရန် ပျက်ကွက်ခြင်းတို့သည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ပုံနှိပ်ထုတ်ဝေသူတို့၏ အမည်နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာစသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိတို့လိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။ မဲဆန္ဒရှင်တစ်ဦးအား ဆန္ဒမဲပေးချိန်တွင် ဆန္ဒမဲလက်မှတ်ကို မဲရုံမှ အခြားသို့ယူဆောင်သွားရန် တိုက်တွန်းခြင်း၊ သဘောတူညီချက်ပေးခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရရေးအတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ဘာသာရေးအထိမ်းအမှတ်များအသုံးပြုခြင်း၊ လူမျိုးရေးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြု၍ မဲပေးရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။ ပါတီတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ဤသည်တို့မှာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း ၁၄ ပါ တရားမဲ့ပြုကျင့်မှုများမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။

### ယခင်ရွေးကောက်ပွဲများ၏အတွေ့အကြုံ

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှုပေါင်း ၂၉ မှုရှိပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လေးမှု ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှုပေါင်း ၄၅ မှု ရှိပြီး ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ခြောက်မှုနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် နှစ်မှု ရှိသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှုပေါင်း ၂၉ မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်လေးဦးသည် တရားမဲ့ပြုလုပ်ခဲ့ကြောင်း မှန်ကန်၍ ရွေးကောက်တင်မြှောက်ခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှုလေးမှုတွင် တရားမဲ့ပြုကျင့်မှုပြုလုပ်ခဲ့ကြောင်း မပေါ်ပေါက်သဖြင့် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များအား ပြန်လည်ပယ်ဖျက်ခဲ့ခြင်း မရှိခဲ့ပါ။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှု ၄၅ မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးသည် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှု ခြောက်မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှု နှစ်မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည်လည်းကောင်း တရားမဲ့ပြုကျင့်မှု ပြုလုပ်ခဲ့ကြောင်း မှန်ကန်၍ ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့သည်။

### စာအုပ်ထုတ်ဝေခြင်း

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကန့်ကွက်လွှာအမှုများတွင် မည်သို့စီရင်ဆုံးဖြတ်ခဲ့ကြောင်း ပြည်သူတို့သိရှိလေ့လာနိုင်ရန် ရည်ရွယ်ပါသည်။ လွတ်လပ်မျှတ၍ သန့်ရှင်းသော ရွေးကောက်ပွဲများဖြစ်စေဖို့ အထောက်အကူပြုနိုင်သည်ဟုလည်း ယုံကြည်သည်။ သို့ဖြစ်သည်နှင့်အညီ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တင်သွင်းခဲ့သောကန့်ကွက်လွှာအမှုပေါင်း ၂၉ မှုထဲမှ ကန့်ကွက်လွှာအမှု ၁၆ မှု၏ ဆုံးဖြတ်ချက်များကိုစုစည်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ဝေသည့် တရားစီရင်ထုံးများကဲ့သို့ ကောက်နုတ်ချက်စာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ ယခုထုတ်ဝေသည်မှာ ဒုတိယအကြိမ် ထပ်မံ၍ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် တင်သွင်းခဲ့သည့် ကန့်ကွက်လွှာအမှုများကို စုစည်း၍ စာအုပ်ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါ။

အလားတူပင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲများတွင် တင်သွင်းခဲ့သော ကန့်ကွက်လွှာအမှုပေါင်း ၅၃ မှုထဲမှ ကန့်ကွက်လွှာအမှု ၂၅ မှု၏ ဆုံးဖြတ်ချက်များကိုစုစည်း၍ ကောက်နုတ်ချက်စာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

### မည်သို့သောတရားမဲ့ပြုကျင့်မှုများဖြင့် ကန့်ကွက်လွှာတင်သွင်းခဲ့ကြပါသလဲ

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်ပါ ကန့်ကွက်လွှာအမှု ၁၆ မှုနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ကြားဖြတ် ရွေးကောက်ပွဲကန့်ကွက်လွှာ ဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်ပါ ကန့်ကွက်လွှာအမှု ၂၅ မှု စုစုပေါင်း ကန့်ကွက်လွှာအမှု ၄၁ မှုတို့ကို လေ့လာခြင်းအားဖြင့် အမျိုးမျိုးသော တရားမဲ့ပြုကျင့်မှုများဖြင့် ကန့်ကွက်လွှာ တင်သွင်းခဲ့ကြကြောင်း တွေ့ရသည်။

ဘာသာရေး၊ လူမျိုးရေးကိုအကြောင်းပြု၍ ကန့်ကွက်သည်။ ပုံနှိပ်ထုတ်ဝေသူတို့၏ အမည် နေရပ်မပါသော လက်ကမ်းစာစောင်၊ ကြော်ငြာများထုတ်ဝေဖြန့်ချိခြင်း၊ ဝန်ထမ်းများထံမှ အကူအညီရယူခြင်း၊ နိုင်ငံပိုင်မြေကိုအသုံးချခြင်း၊ ခြိမ်းခြောက်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ သိက္ခာကျအောင်ပြုခြင်း၊ ငွေစာရင်းများကို မမှန်မကန်တင်ပြခြင်း၊ နိုင်ငံသားဖြစ်ခြင်း-မဖြစ်ခြင်း စသည်များကို အကြောင်းပြု၍ ကန့်ကွက်လွှာတင်သွင်းကြသည်။

### တရားသဖြင့် ယှဉ်ပြိုင်၊ အောင်နိုင်အောင်ကြိုးပမ်း

ကန့်ကွက်လွှာအမှုများပါ ဆုံးဖြတ်ချက်များကို လေ့လာသိရှိရခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မည်သို့သောပြုမူပြောဆို၊ ဟောပြောစည်းရုံးလှုပ်ရှားခြင်းကို ဆောင်ရမည်၊ မည်သည်တို့ကို ရှောင်ရမည်ကို လေ့လာသိရှိကြမည်ဖြစ်သည်။ ထိုသို့သိရှိထားကြခြင်းဖြင့် မိမိအပေါ် တင်သွင်းလာမည့် ကန့်ကွက်လွှာများကို ဥပဒေနှင့်အညီ ခုခံချေပနိုင်ကြမည်။ မိမိ၏ယှဉ်ပြိုင်ဘက် လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိမှုအပေါ်တွင်လည်း တရားသဖြင့် မှန်ကန်စွာ ကန့်ကွက်လွှာများ တင်သွင်းနိုင်ကြမည်။ ဆောင်သင့်၊ ရှောင်သင့်သည်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးက သိရှိနားလည်ကြပြီး ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာလုပ်ဆောင်ကြခြင်း၊ တရားမဲ့ပြုကျင့်ရာရောက်သည့်အမှုများ မပြုကြခြင်းဖြင့် ကန့်ကွက်လွှာတင်သွင်းမှုများ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ဝေသည့် ယခုစာအုပ်နှစ်အုပ်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူသာမက နောင်လာမည့်ရွေးကောက်ပွဲတိုင်းအတွက်လည်း အဖိုးတန်အသုံးဝင်နေမည်ဖြစ်ကြောင်းပါ။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင်-

- တရားမဲ့ပြုကျင့်မှုများ ကင်းစင်ကြပါစေ၊
- လွတ်လပ်၊ မျှတ၊ သန့်ရှင်းစွာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊
- တရားသဖြင့် ယှဉ်ပြိုင်၊ အောင်နိုင်အောင်ကြိုးပမ်းနိုင်ကြပါစေ။

**"ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်လွှာအမှုများကို စစ်ဆေးကြားနာပြီး ကန့်ကွက်လွှာတင်သွင်းမှု မှန်ကန်ခဲ့လျှင် အနိုင်ရရှိခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပေးသည်။ တင်သွင်းမှုမမှန်ကန်ခဲ့လျှင် တင်သွင်းမှုကို ပလပ်ကြောင်း အမိန့်ချသည်။ ဤသို့ပင် ရွေးကောက်ပွဲရှိလျှင် ကန့်ကွက်လွှာဟူသည် ရှိတတ်စမြဲဖြစ်"**

## ရွှေကူမြို့နယ်တွင် ဒေသန္တရအမိန့် လိုက်နာဆောင်ရွက်မှု မရှိသူများအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်

ရွှေကူ မေ ၁

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆန်းလွင်ဦးနှင့် အဖွဲ့သည် ဧပြီ ၃၀ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းတာဝန်များဆောင်ရွက်နေစဉ် အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် လမ်းသွယ် ၃၉ ကြား စကိတ်ကွင်းအဟောင်းတွင် ရွှေကူမြို့ အမှတ်(၂)ရပ်ကွက် နေထိုင်သူ မောင်အောင်ဟိန်းထက်၊ မောင်ဝေဖြိုးလှိုင်နှင့် အမှတ်(၄)ရပ်ကွက်နေထိုင်သူ မောင်ယော်ထုံတို့ သုံးဦးအား တွေ့ရှိရသဖြင့် ရပ်တန့်စစ်မေးရာ ပြင်ပသို့ရောက်ရှိသည့် အကြောင်းအရင်းအား ခိုင်လုံသည့်အထောက်အထား တစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မည်သူမဆို နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီထိ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းနှင့် စုဝေးခြင်းများ မပြုလုပ်ရန် ထုတ်ပြန်ထားသော ဒေသန္တရအမိန့် (၂/၂၀၂၀)အား လိုက်နာမှုမရှိသည့် အောင်ဟိန်းထက်၊ ဝေဖြိုးလှိုင်၊ ယော်ထုံတို့ သုံးဦးအား ရွှေကူမြို့နယ်တရားရုံးမှ ရာဇသတ်ကြီးပုဒ်မ ၁၈၈ အရ အလုပ်နှင့် ထောင်ဒဏ်တစ်လ ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ကျော်မျိုးအောင်(ပြန်/ဆက်)

## ဘားအံမြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



မမူးဒွတ်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် လှိုင်ကဘာကျေးရွာအုပ်စု မီမန်းကျေးရွာနေ မမူးဒွတ်၏ နေအိမ်ကိုရှာဖွေရာ ဧပြီ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ည ၉ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တင်မောင်ဆွေ(ခ) မူဆာဘိုင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်း၌ ရန်နိုင်(ခ) လတစ်နှင့် မြင့်အောင် (ခ)ဘိုင်လေးတို့အား ဆိုင်ကယ်တစ်စီး တင်ဆောင်လျက်တွေ့ရှိရပြီး မော်တော်ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၇ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၂ . ၅ . ၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၅ - နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
- ၉:၁၅ - ပန်းပျိုးခင်း
- ၁၀:၃၅ - “အလှတို့ပေါင်းစုရာမြေ... တောင်ပေါ်ဒေသနာဂမြေ”
- ၁၁:၃၅ - ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၃၀ - “ရတနသုတ်တော်နှင့် ပတ်သက်သည့်သင်ကြားပို့ချမှု” (အပိုင်း- ၈)
- ၁၃:၄၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “နှလုံးသားခေါ်ဆောင်ရာ” (အပိုင်း- ၃၉)

**ညပိုင်း**

- ၁၆:၃၀ - (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ဇာတ်လမ်း "191" (အပိုင်း-၁) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း)(ဒါရိုက်တာ- ဝိုင်း)
- ၁၇:၃၀ - ပုံပြင်ကမ္ဘာအစီအစဉ် “ဝါးပင်ငယ်ငယ်ချစ်စဖွယ်”
- ၁၇:၄၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၈:၃၀ - MRTV Travelogue “ရှမ်းပြည်နယ်မြောက်ပိုင်း ခရီးသွားမှတ်တမ်း” (အပိုင်း- ၁)
- ၁၈:၄၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ “ ဝိဇယပူရ မြို့ပင်းယ” (ပင်းယခေတ်သမိုင်းကြောင်းနှင့် နန်းတော်ရာ နန်းဦးစေတီတော်) (အပိုင်း-၁)
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ” (အပိုင်း- ၂၆)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- - နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)
- - မြန်မာဗီဒီယိုဇာတ်လမ်း “ပန်းရှိုက်သံ” (နေတိုး၊ ဖွေးဖွေး) (ဒါရိုက်တာ - ထူးသာ)
- - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ဘုန်းမြင့်ကျော်(ခ) အားတီအား ဆုကြေးငွေ ကျပ် ၁၅ သိန်း ချီးမြှင့်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ ဧပြီ ၁၈ ရက်မှ စတင်ကျင်းပလျက်ရှိသော Chinese 8 Ball ပြိုင်ပွဲကြီးတွင် နှစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့သော မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော်(ခ) အားတီအား ရရှိခဲ့သော နိုင်ပွဲများအတွက် ဂုဏ်ပြုဆု ငွေကျပ် ၁၅ သိန်း (အမေရိကန်ဒေါ်လာ ၁၀၀၀) နှင့် ဝမ်းမြောက်ဂုဏ်ပြုလွှာပေးပို့ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဘုန်းမြင့်ကျော် (ခ) အားတီသည် ဧပြီ ၂၈ ရက်က ကစားသော ပွဲဦးထွက်ပွဲစဉ်၌ ၂၀၁၈ ကမ္ဘာ့ချန်ပီယံဟောင်း Yu Hai Tao ကို ၂၁ ပွဲ-၁၇ ပွဲဖြင့်လည်းကောင်း၊ ဧပြီ ၂၉ ရက်က ကစားသော ဒုတိယမြောက်ပွဲစဉ်၌ အိုးပင်းချန်ပီယံဟောင်း Li Bo အား ၂၁ ပွဲ-၁၇ ပွဲဖြင့် လည်းကောင်း ထိုက်ထိုက်တန်တန် နှစ်ပွဲဆက် အနိုင်ရရှိခဲ့သည့်အတွက် ယခုကဲ့သို့ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမြင့်ကျော် (ခ) အားတီသည် လက်ကျန်ငါးပွဲကို မေလအတွင်း အပြတ်ထိုးရမည်ဖြစ်ရာ မေ ၃ ရက်တွင် Liu Hai Tao၊ မေ ၅ ရက်တွင် Zheng Yu Bo၊ မေ ၁၅ ရက်တွင် Yang Fan၊ မေ ၁၆ ရက်တွင် Wu Zheng Yu၊ မေ ၃၁ ရက်တွင် Chu Bing Jie တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အေကေလင်း

## နှစ်ကုန်ပိုင်းအတွက် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မည်

ရန်ကုန် မေ ၁

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နှစ်ကုန်ပိုင်းတွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး လက်ရွေးစင်အသင်းအားလုံးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။**

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲများမှာ ရပ်နားထားပြီး စက်တင်ဘာလမှသာ အစောဆုံး ပြန်လည်ကျင်းပဖွယ်ရှိနေသည်။ မြန်မာဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် အာဆီယံအဆင့်ပြိုင်ပွဲများမှာလည်း ဩဂုတ်လကုန်အထိ ရပ်နားထားပြီး စက်တင်ဘာလနောက်ပိုင်းမှ အစောဆုံးကျင်းပနိုင်မည်ဖြစ်သော်လည်း လက်ရွေးစင်အသင်းများ၏ ကြိုတင်ပြင်ဆင်မှုများအတွက် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာ့လက်ရွေးစင်အပါအဝင် လူငယ်လက်ရွေးစင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအကြိုနိုင်ငံတကာခြေစမ်းပွဲများ၊ နည်းပြခန့်အပ်ရမည့်အသင်းများ၊ နည်းပြအဖွဲ့ဝင် အင်အားဖြည့်တင်းမည့်အသင်းများကို ဆက်လက်အင်အားဖြည့်တင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရွေးစင်အသင်းများအနက် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ရွှေ့ဆိုင်းထားသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲသုံးပွဲအပြင် နိုဝင်ဘာလတတိယပတ်တွင် စတင်မည့် ၂၀၂၀ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲပါ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့ပြင် ယူ-၁၉ အမျိုးသားအသင်း၊ ယူ-၁၆ အမျိုးသားအသင်း၊ ယူ-၁၈ အမျိုးသမီးအသင်း၊ ယူ-၁၅ အမျိုးသမီးအသင်း၊ ဖူဆယ်အမျိုးသားအသင်းတို့မှာ နှစ်ကုန်ပိုင်းတွင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမျိုးသမီးလက်ရွေးစင်အသင်းနှင့် ယူ-၂၁ အမျိုးသားအသင်းတို့မှာ လာမည့်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် လက်ရွေးစင်အသင်းအားလုံးမှာ လေ့ကျင့်မှုရပ်နားထားပြီး ကိုဗစ်-၁၉ အခြေအနေ တည်ငြိမ်သွားမှသာ လေ့ကျင့်မှု ပြန်လည်ပြုလုပ်သွားမည်ဖြစ်သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်



မြန်မာနှင့် တာဂျစ်ကစ္စတန်အသင်းတို့ ပထမအကျော့ တွေ့ဆုံခဲ့စဉ်။

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဆန်ချိုကို ခေါ်ယူရေး ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာ ပါဝင်လာ**

ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့သည် ဒေ့ါမွန်အသင်းမှ ဆန်ချိုကို ခေါ်ယူရေးတွင် ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်ယူအသင်းကလည်း အသက် ၂၀ အရွယ်သာရှိသေးသည့် ဆန်ချိုကို ခေါ်ယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

**ဖီကီကို ခေါ်ယူရန် အေစီမီလန်ကို ယှဉ်ပြိုင်သွားရမည်**

အာဆင်နယ်အသင်းသည် ရီးရဲဘက်တစ်နှင့် ပြင်သစ်ကွင်းလယ်ကစားသမား နာဘီ ဖီကီ (၂၆နှစ်) ကို ခေါ်ယူရန် အေစီမီလန်အသင်းကို ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆာနေးကို ပေါင်သန်း ၆၀ သာ ပေးချေပြီး ခေါ်ယူလို**

ဘိုင်ယန်မြူးနစ်အသင်းသည် မန်စီးတီးနှင့် ဂျာမနီတောင်ပံကစားသမား ဆာနေး (၂၄နှစ်) ကို ပေါင်သန်း ၆၀ သာ ပေးချေလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကော်တင်ဟိုကို ယူရိုသန်း ၁၀၀ ထက်လျော့နည်းလျှင် ရောင်းထုတ်သွားမည်မဟုတ်**

ဘာစီလိုနာအသင်းသည် ဘရာဇီးတောင်ပံကစားသမား ကော်တင်ဟိုကို ပေါင် ၈၇ သန်း (ယူရို သန်း ၁၀၀) ထက် လျော့နည်းလျှင် ရောင်းထုတ်သွားမည်မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မန်စီးတီးအသင်း၌ စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိ**

ဘရာဇီးကွင်းလယ်ကစားသမား ဖာနန်ဒင်ဟို (၃၄နှစ်) သည် မန်စီးတီးအသင်း၌ စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ပက်ဒရိုကို ခေါ်ယူရန် ဆန္ဒရှိ**

ရိုးမားအသင်းသည် ချယ်လ်ဆီးနှင့် စပိန်တောင်ပံကစားသမား ပက်ဒရို (၃၂နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း အီတလီအခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

**ရီဂူအွန်ကို ခေါ်ယူရန် ရီးရဲမက်ဒရစ်အသင်းသို့ ဆက်သွယ်**

အာဆင်နယ်အသင်းသည် စပိန်ဘယ်ခံစစ်ကစားသမား ဆာဂျီယို ရီဂူအွန်ကို ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ရီးရဲမက်ဒရစ်အသင်းသို့ ဆက်သွယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၃ နှစ်အရွယ် ကစားသမားသည် ဆီဗီလာအသင်း၌ အငှားကစားနေသူဖြစ်သည်။

**ဖိုဖာနာကို ခေါ်ယူရန် စိတ်ဝင်စား**

လက်စတာအသင်းသည် စိန့်အက်တီယန်အသင်းမှ ပြင်သစ်ဗဟိုခံစစ်ကစားသမား ဖိုဖာနာ (၁၉နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပြင်သစ်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

**ပီပီရိန်နာကို အပြောင်းအရွှေ့ဈေးကွက်ပြန်ဖွင့်လျှင် ရောင်းထုတ်သွားဖွယ်ရှိ**

အေစီမီလန်အသင်းသည် အက်စ်တွန်ဗီလာအသင်းတွင် အငှားကစားလျက်ရှိနေသော အသက် ၃၇ နှစ်အရွယ် စပိန် ဂိုးသမား ပီပီရိန်နာကို အပြောင်းအရွှေ့ဈေးကွက်ပြန်ဖွင့်လျှင် ရောင်းထုတ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဂျော်ဂျင်ဟိုသည် စတန်းဖို့ဒ်ဘရစ်မှ ထွက်ခွာရန် စဉ်းစား**

ချယ်လ်ဆီးနှင့် အီတလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟို (၂၈ နှစ်) သည် စတန်းဖို့ဒ်ဘရစ်မှ ထွက်ခွာရန် စဉ်းစားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## တင်ဒါဖွင့်လှစ်မည့်ရက်များရွှေ့ပြောင်းခြင်းအား အသိပေးကြေညာခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများ၏တင်ဒါဖွင့်လှစ်မည့်ရက်များအား အောက်ပါအတိုင်း ရွှေ့ပြောင်းမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ယခင်ဖွင့်လှစ်မည့်ရက် | စက်ရုံ အမျိုးအမည် | ရေနံထွက်ပစ္စည်း | ရေတွက်ပုံ | ပမာဏ | ယခုရွှေ့ပြောင်းဖွင့်လှစ်မည့်ရက်/အချိန် | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
| | | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ၁၂-၅-၂၀၂၀ | ချောက်/မန္တလေး | ဖယောင်းတိုင် | သေတ္တာ | ၁၅၄၀ | | | | |
| ၂ | ၁၂-၅-၂၀၂၀ | ချောက် | ဒီဇယ်ဆီ သံကန်ပြတ်စနစ် | ဂါလန် | ၁၁၉၂၃၀ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၃ | ၁၂-၅-၂၀၂၀ | သံပုရာကန် | စီဂျီအို | ဂါလန် | ၅၀၀၀၀၀ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၄ | ၁၂-၅-၂၀၂၀ | သံပုရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁၀၀၀ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၅ | ၁၂-၅-၂၀၂၀ | သံပုရာကန် | စီဂျီအို(Tk-2377) သံကန်ပြတ်စနစ် | ဂါလန် | ၆၁၅၂၉ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၆ | ၅-၅-၂၀၂၀ | မင်းဘူး | (ရေနံဓာတ်ငွေ့ရည်) ပရိုပိန်း ဗြူတိန်း | မက်ထရစ်တန် မက်ထရစ်တန် | ၁၀၀ ၁၀၀ | ၁၉-၅-၂၀၂၀ | ၁၂:၀၀ | ၁၉-၅-၂၀၂၀ | ၁၄:၀၀ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | ရက် | နာရီ | ရက် | နာရီ |
| အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) | ၂၅၀၀ | ၂-၆-၂၀၂၀ | ၁၄:၀၀ | ၂-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၉-၆-၂၀၂၀ | ၁၄:၀၀ | ၉-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၁၆-၆-၂၀၂၀ | ၁၄:၀၀ | ၁၆-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၂၃-၆-၂၀၂၀ | ၁၄:၀၀ | ၂၃-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၃၀-၆-၂၀၂၀ | ၁၄:၀၀ | ၃၀-၆-၂၀၂၀ | ၁၂:၀၀ |
| အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) | ၂၅၀၀ | ၂-၆-၂၀၂၀ | ၁၄:၀၀ | ၂-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၉-၆-၂၀၂၀ | ၁၄:၀၀ | ၉-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၁၆-၆-၂၀၂၀ | ၁၄:၀၀ | ၁၆-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၂၃-၆-၂၀၂၀ | ၁၄:၀၀ | ၂၃-၆-၂၀၂၀ | ၁၂:၀၀ |
| | ၂၅၀၀ | ၃၀-၆-၂၀၂၀ | ၁၄:၀၀ | ၃၀-၆-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၁၊ဂါတ်တန်း)၊ ဦးပိုင်အမှတ်(၁၄-ဃ/၂)၊ဧရိယာ ၀.၁၁၃၆ ဧကရှိ ဦးဝင်းသိန်းထွန်းအမည်ဖြင့် အမှုတွဲအမှတ် ၄၆၁/၁၉၉၆ အရ ၂၄-၆-၁၉၉၆ ရက်မှ ၂၃-၆-၂၀၂၆ရက်ထိ နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသောမြေအား ဦးမြင့်စိုးဆင့် ၅/မလန(နိုင်)၀၃၀၃၂၆ အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (နန္ဒဝန်)၊ ဦးပိုင်အမှတ် သစ္စာလမ်း၊ ၂၅၊ ၂၇၊ ၂၉၊ ဧရိယာ ၀.၁၁၃၆ ဧကအား အမှုတွဲအမှတ် ၂၄၂၊ ၂၄၃၊ ၂၄၄/၂၀၁၄-၂၀၁၅ အရ ၃၁-၇-၂၀၀၃ ရက်မှ ၃၀-၇-၂၀၃၃ ရက်ထိ ဦးချစ်မြန်း၊ ဒေါ်အုံးမြိုင် အမည်ဖြင့် နှစ်(၃၀)ရရှိထားသည့်ဝင်းမြေအား ဒေါ်ဝင်းဝင်းထိုက် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (နန္ဒဝန်)၊ ဦးပိုင်အမှတ် (စန္ဒကူးလမ်း-၁၃၅)၊ ဧရိယာ ၀.၁၁၁၀ ဧကအား အမှုတွဲအမှတ် ၇၉၆ V ၂၀၀၂-၂၀၀၃ အရ ၅-၂-၂၀၀၃ မှ ၄-၂-၂၀၃၃ ထိ ဒုရဲမှူးကြီးဝင်းမြိုင် အမည်ဖြင့် နှစ် (၃၀) ရရှိထားသည့် ဝင်းမြေအား ဒေါ်အိဖြိုးကြွယ် အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ် (၅+၆+၇)တိုးချဲ့ကွက်သစ်ရှိ မြေဧရိယာ ၂၃သမ၆၃၂ ဧကအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၃-၁-၂၀၂၀ရက်စွဲပါ ပုံမှန်အစည်းအဝေးအမှတ်စဉ် ၄-၁/၂၀၂၀ ဆုံးဖြတ်ချက်အပိုဒ် ၆(၂-ည)အရ မြေစာရင်းပုံစံ (၁၀၅) (၁၀၆)ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်များအား အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရပ်ကွက်/နယ်မြေ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ |
|---|---|---|---|---|---|
| ၁ | ဦးစိုင်းစံညွန့်(ခ)ကျော်ဝင်း ၁၃/လရန(နိုင်)၀၈၂၀၀၈ | ၇/၆ | ၅+၆+၇ တိုးချဲ့ | ၃၁ | ၀.၁၆၀ |
| ၂ | ဦးစိုင်းစံညွန့်(ခ)ကျော်ဝင်း ၁၃/လရန(နိုင်)၀၈၂၀၀၈ | ၇/၆ | ၅+၆+၇ တိုးချဲ့ | ၃၆ | ၀.၅၂၅ |
| ၃ | ဦးစိုင်းရီမောင် ၁၃/လရန(နိုင်)၀၂၃၁၈၇ | ၇/၆ | ၅+၆+၇ တိုးချဲ့ | ၃၃ | ၀.၂၅၈ |
| ၄ | ဦးစိုင်းရီမောင် ၁၃/လရန(နိုင်)၀၂၃၁၈၇ | ၇/၆ | ၅+၆+၇ တိုးချဲ့ | ၃၂ | ၀.၁၈၃ |
| ၅ | ဦးစိုင်းရီမောင် ၁၃/လရန(နိုင်)၀၂၃၁၈၇ | ၇/၆ | ၅+၆+၇ တိုးချဲ့ | ၃၅ | ၀.၃၄၂ |
| ၆ | ဦးစိုင်းသိန်းထွန်းဦး ၁၃/မဆတ(နိုင်)၀၅၅၃၇၂ | ၇/၆ | ၅+၆+၇ တိုးချဲ့ | ၃၄ | ၀.၃၀၁ |
| ၇ | ဒေါ်နန်းမလေး ၁၃/လရန(နိုင်)၁၂၅၄၇၂ | ၇/၆ | ၅+၆+၇ တိုးချဲ့ | ၃၀ | ၀.၇၇၈ |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပဲခူးမြို့
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် ၂/၂၀၂၀
## ၁၃၈၂ ခုနှစ် ကဆုန်လဆန်း ၇ရက်
## (၂၀၂၀ ပြည့်နှစ် မေ ၂၈ရက်)

၁။ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး/ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်ရာထူး (လစာနှုန်း-၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | ၁၁၁နေရာ | ဆေးပညာဘွဲ့(M.B.,B.S) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) လျှောက်လွှာပိတ်ရက်တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်၊
(ဃ) လျှောက်လွှာပိတ်ရက်တွင် M.B.,B.S (ဆေးပညာဘွဲ့) နှင့် လက်ရှိ တရားဝင် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ) ကိုင်ဆောင်ထားသူဖြစ်ရမည်၊ မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး တင်ပြနိုင်မှုမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်၊
(င) ပဲခူးတိုင်းဒေသကြီးအတွင်း အသားတင်လုပ်သက် (၃) နှစ်ပြည့်အောင် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(စ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန် စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်သက် သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီးအောင်မြင်ပါက တက်ရောက်ခွင့်ပြုပါမည်။ သို့ရာတွင် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းအောင်မြင်ပြီး ကျွမ်းကျင်မှုရရှိရေး လေ့ကျင့်ရေးကာလပြီးဆုံးပြီးနောက် ပဲခူးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်မှု (၃) နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဆ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ၁-၅-၂၀၂၀ရက်မှ စတင်ဝယ်ယူလျှောက်ထားနိုင်ပြီး ၁-၆-၂၀၂၀ ရက်ထက်နောက်မကျစေဘဲ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက် ၁-၆-၂၀၂၀ ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။
၄။ စာမေးပွဲဝင်ကြေး ငွေကျပ် ၅၀၀၀/-အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ငွေစာရင်းအမှတ် MD-022039 သို့ ပေးသွင်းရမည်။
၅။ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆-၈-၂၀၁၉ရက်စွဲပါ စာအမှတ် ၂၁၄၃/ရွေးချယ်ရေး (အဓိက)/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။
၆။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်ရက်နှင့်နေရာ၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်ရက်နှင့် ဖြေဆိုရမည့်နေရာတို့ကို ထပ်မံ ကြေညာပေးပါမည်။
၇။ အခြားစုံစမ်းမေးမြန်းလိုအပ်ချက်ရှိပါက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၅၂-၂၂၀၁၈၄၃ နှင့် ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန ဖုန်း-၀၅၂-၂၂၀၁၇၅၉၊ ၀၅၂-၂၂၂၁၂၁၇ တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

အကောင်းကြိုက်သူများအတွက်
သန္တာ
စပါယ်ရှယ်ပေါင်ဆန်းမွှေး၊ ပဲဆီမွှေး
ရွှေဘိုပေါ်ဆန်းမွှေး၊ ပုသိမ်ပေါ်ဆန်းမွှေး၊ ဖျာပုံပေါ်ဆန်းမွှေး၊ ရှမ်းဆန်၊
ဘာစမာတီ၊ ရောမင်း၊ မဂျမ်းဒေါ်၊ မွှေးတလုံးပေါ်ကျွဲ၊ ဝီယာရှယ် ဆန်မျိုးစုံ
ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကို အိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။
ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-09-443249922, 09-443249933, 01-3681209, 01-3681504

**အမည်ပြောင်း**

သိန္နီမြို့၊ကျောင်းခမ်းကျေးရွာနေ ဦးနေဦး၏သမီး ဒေါ်ဇာခြည်ဦး ၅/ကလဝ(နိုင်)၀၃၁၄၁၇ အား ဒေါ်ဇာခြည်ဝင့်ထည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊အမှတ်(၁၁)ရပ်ကွက်၊နယ်မြေ(၇)၊အကွက်အမှတ်(အောင်စေတနာတိုးချဲ့)၊ ဦးပိုင်အမှတ်(အေ/၂၄၇)၊ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ မြေငှားလိုင်စင်အမှုတွဲအမှတ်(၂၅၇-၅/၂၀၀၉-၂၀၁၀)(စီ)ဖြင့် ဗိုလ်မှူးသန်းဌေးလွင် အမည်ပေါက် မြေကွက်အား ဦးအိုက်မင်ကောင်း ၁၃/လရန(နိုင်)၀၇၅၅၆၀ မှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၇၇/ ၂၀၂၀) ဖြင့် ဝယ်ယူခဲ့ပြီး ဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါ သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၃၈/ခ)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်ကို ဦးနော်ဆိုင်းအမည်ဖြင့် ၁၃-၁၂-၂၀၀၇ရက်ထိ ၁၀ နှစ် ဂရန်သက်တမ်းရရှိခဲ့ပြီး ၁၂-၉-၂၀၀၉ ရက်တွင် ဦးနော်ဆိုင်းထံမှ ဒေါ်ခင်သင်းကြူကနှစ်ဦးသဘောတူအိမ်ခြံမြေ အပြီးအပိုင်ရောင်းဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခင်သင်းကြူ ၈/မဘန(နိုင်)၀၀၆၈၄၆ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊အသစ်ရရှိရေးအတွက် ၁၉-၁၁-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၈၆၀/ ၂၀၁၉)ကို ၂၂-၁၁-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၇၁၉/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ရွှေမြို့၊ ကန်သာရပ် (၅) ရပ်ကွက်မှ ဒေါ်ခင်ဝင်းချို ၁၃/ညရန(နိုင်)၀၈၆၈၀၅ ၏ဖခင် ဦးအောင်ရှိန်နှင့် ဦးအောင်ချိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ရှိန်(ခ)ဦးအောင်ချိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒေါ်ခင်အုန်းမြင့် (မြို့နယ်ပညာရေးမှူး)၏ဖခင် ဦးမောင်လက်နှင့် ဦးလက်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်လက်(ခ)ဦးလက်**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အမှတ် ၂၇၁၊ ဇောတိကလမ်း၊ သစ်တောရပ်ကွက်တွင် ဖွင့်လှစ်ထားသော မာန်ဓွဲ Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ် 119937825 သည် ၃၀-၄-၂၀၂၀ရက်တွင် ကျင်းပသည့် ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် ၁၀၀၀ (တန်ဖိုးကျပ်သိန်း ၁၀၀၀)မှ အစုရှယ်ယာအရေအတွက် ၃၀၀(တန်ဖိုးကျပ်သိန်း ၃၀၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (မောသီရိတိုးချဲ့)၊ ဦးပိုင် (၁၃၉၆)၊ ဧရိယာ ၀ဒသမ၀၆၉ဧကရှိ မြေကွက်အား ဦးလီရှောက်အေး ၁၃/လရန(နိုင်)၂၃၉၄၁၇ မှ ယင်းပိုင်ဆိုင်ထားသည့်မြေကွက်အား မြို့မြေခွန်ပေးဆောင်ထားသောပြေစာများ၊ မြေစာရင်းပုံစံ (၁၀၅/၁၀၆) တို့ဖြင့် မိမိအမည်ပေါက် မြေငှားလိုင်စင်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၃၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၅+၆+၇တိုးချဲ့)၊ ဧရိယာ ၄ဒသမ၂၅၈ဧကကို ဒေါ်မြင့်မြင့်ဝင်းပါ (၁၆) ဦးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂-၄-၂၀၂၀ ရက်စွဲပါ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁-၄/၂၀၂၀) ဆုံးဖြတ်ချက်အပိုဒ် ၅ (၁-ဗ)အရ မြေယာစီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာမှုအပေါ် အဆိုပါဧရိယာ ၄ ဒသမ ၂၅၈ ဧကပေါ်တွင် ယခင်ဦးပိုင်အမှတ် (၄၈၄၊ ၄၈၅၊ ၄၈၆၊ ၄၈၇၊ ၅၀၈၊ ၅၀၉၊ ၅၁၀၊ ၅၁၁၊ ၅၁၂၊ ၅၁၃၊ ၅၂၆၊ ၅၃၅၊ ၅၄၈၊ ၅၄၉၊ ၅၅၀၊ ၅၅၁၊ ၅၅၂၊ ၅၅၃၊ ၅၇၂၊ ၅၇၃၊ ၅၇၄၊ ၅၇၅၊ ၆၁၆၊ ၆၁၇၊၆၃၈၊ ၆၃၉၊ ၆၄၀၊ ၆၄၁၊ ၆၆၀၊ ၆၆၁၊ ၆၆၂၊ ၆၈၇၊ ၆၈၈၊ ၆၈၉၊ ၇၁၀၊ ၇၁၁၊ ၇၁၂၊ ၇၁၃၊ ၇၂၈၊ ၇၂၉၊ ၇၃၀၊၇၃၁၊ ၇၃၂၊ ၇၅၂၊ ၇၅၃၊ ၇၅၄၊ ၇၅၅၊ ၇၅၆၊ ၇၅၇၊ ၇၆၉၊ ၇၇၀၊ ၇၇၁၊ ၇၇၂၊ ၇၇၃၊ ၈၀၅၊ ၈၀၆၊ ၈၀၇)တို့အား မြေငှားဂရန်/လိုင်စင်များ ထုတ်ပေးခဲ့မှုအပေါ် သက်တမ်းကုန်ဆုံးပြီဖြစ်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေအဖြစ်သတ်မှတ်ခြင်းနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဦးပိုင်တစ်ခုချင်းအလိုက် မှတ်ပုံတင်စာရင်း (၁-က)တွင် မှတ်သားထားမှုစာရင်းများအား ပယ်ဖျက်သွားမည်ကို ကန့်ကွက်လိုပါက ၁-၅-၂၀၂၀ ရက်မှ ၁၅-၅-၂၀၂၀ ရက်အထိ ၁၅ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ အနော်ရထာလမ်း၊ အမှတ် ၇၄၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ် ၆၀ မြေငှားဂရန် မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ RC (၆)ထပ်တိုက် အဆောက်အအုံ၏ အမှတ် (၇၄/ခ)၊ (၄-လွှာ/ဘီ)၊ ပဉ္စမထပ်(ဘီ) တိုက်ကို မျက်နှာမူလျှင် (ဘယ်ဘက်ခန်း)၊ ဧရိယာ (၁၉' x ၅၇")၊ ၁၀၈၃ စတုရန်းပေ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လူနေထိုင်ခွင့် ခွင့်ပြုချက်ရရှိပြီးကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်စန္ဒာဝင်း ၁၂/သဃက(ပြု)၀၀၀၁၅၅ က ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသီ ၉/မရတ(နိုင်)၁၁၀၃၉၂မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ပိုးအိအိစံ LL.B, LL.M တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**
**ရုံးခန်း-အမှတ် ၈၂၊ အခန်း ၁၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)ရပ်ကွက်၊ သိန္နီလမ်း၊ မြေကွက်အမှတ် (၈၄၅)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးအုန်းဟန်(D/ RGN-၀၀၇၈၄၇) အမည်ပေါက် ပါမစ်မြေကွက် အနက်မှ ခြေရင်းဘက်(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငြိမ်းသီတာ(၁၂/ဗဟန(နိုင်)၀၄၀၈၄၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးထိန်လင်းသန်း** LL.B,D.B.L,D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဆရာစံလမ်းပေါ်ရှိ မြေကွက်အမှတ် ၄၇၀၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိသည့် ဦးသာအောင် အမည်ပေါက် ပါမစ်မြေကွက်မှ ဧရိယာပေ (၂၀x၆၀) ခေါင်းရင်းခြမ်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးဟန်ဝင်းထွန်း ၁၂/အစန(နိုင်)၀၆၅၆၀၂ ထံမှ ကျွန်တော်ဦးကျော်ကိုကိုလင်း ၁၂/ဒပန(နိုင်)၀၅၃၉၆၂ က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် စာချုပ်စာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဦးကျော်ကိုကိုလင်း**
**၁၂/ဒပန(နိုင်)၀၅၃၉၆၂**
**ဖုန်း-၀၉-၉၇၇၇၇၄၅၀၉၊ ၀၉-၇၉၅၅၉၅၁၇၅**

## ဝမ်းနည်းကြေကွဲခြင်း

### သူရ ဦးထွန်းတင် အသက်(၁၀၀)နှစ်

### ဝန်ကြီးချုပ်(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ကျေးဇူးရှင် ကြီးကြီး ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း ကျေးဇူးရှင် ဘဘကြီး သူရ ဦးထွန်းတင် (ဝန်ကြီးချုပ်၊ ငြိမ်း) အသက်(၁၀၀)နှစ်သည် ၁-၅-၂၀၂၀ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

ဗိုလ်ချုပ်သန်းထွန်း-ဒေါ်နီလာလှိုင်
မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဟာဂျီမ ရဟီမာဘီ(ခ)ဟာဂျီမ ဒေါက်တာသီတာလှ

### အသက် (၈၂)နှစ်

မြန်မာနိုင်ငံ ဆရာဝန်အသင်းဆေးဝါးဗေဒအဖွဲ့၊ အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာ မြတ်မင်း(ပါမောက္ခ၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၏ချစ်လှစွာသောမိခင် ဟာဂျီမရဟီမာဘီ(ခ)ဟာဂျီမ ဒေါက်တာသီတာလှ[(ကထိက(ငြိမ်း)၊ ဆေးတက္ကသိုလ် (မန္တလေး)]သည် ၃၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
ဆေးဝါးဗေဒအဖွဲ့

## အမည်မှန်

လှိုင်ကော်မြို့၊ အလက(၃)ကျောင်း၊ သတ္တမတန်းမှ (ဘ)ဦးခွန်သိန်းမောင်၏သား မောင်ဝေလင်းအောင်၏အမည်မှန်မှာ မောင်ခွန်ဝေလင်းအောင် ဖြစ်ပါကြောင်း။

မောင်ခွန်ဝေလင်းအောင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့ အမှတ် (၈)ရပ်ကွက် အိမ်အမှတ် (၈/၂၆)နေ (ဘ) ဦးစံဆိုင်း၏သမီး ဒေါ်နန်းစိန်အုံး(ခ)ဒေါ်နန်းဥမ္မာအုံး ၁၃/မနန(နိုင်)၀၀၁၅၃၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နန်းစိန်အုံး(ခ)ဒေါ်နန်းဥမ္မာအုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ် ၃၂၊ ဦးပိုင်အမှတ် ၃၂၉၊ မြေရေိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်လခေါင်ကော့အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် မြေကွက်ဖြစ်ပြီး၊ ၂၃-၄-၁၉၈၃ ရက်တွင် ဒေါ်လခေါင်ကော့ထံမှ ဦးအင်ဒွတ်နော်က လည်းကောင်း၊ ဦးပိုင် ၃၂၉/ခ၊ မြေရေိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြေကွက်အား ၁၃-၇-၂၀၀၃ ရက်တွင် ဦးအင်ဒွတ်နော်ထံမှ ဦးဘရန်ဆိုင်းကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်ရောင်းဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးဘရန်ဆိုင်း ၁/မကန(နိုင်)၁၀၅၈၄၅ မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၇-၄-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၇၅/၂၀၁၈)ကို ၂-၅-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၁၅၀/၂၀၁၈ အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅ နှင့် နည်းဥပဒေ ၂၀)

### တောင်ကြီးမြို့နယ်တရားရုံးတော်၌

### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၄၂

| | | |
|---|---|---|
| ဒေါ်နန်းခိုင်မျက်သွယ်<br>C-3၊သီးသန့်ရဲစခန်းတိုက်တန်း၊<br>ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့ | နှင့် | ဦးစိုင်းညွှန့်ဝင်းဗိုလ်<br>အခန်း(၁၀) တော်ဝင်ပုလဲ<br>လက်ဖက်ရည်ဆိုင်အနီး<br>ကပ်တလစ်ဘုရားကျောင်းတိုက်<br>တန်း၊ ရေအေးကွင်းရပ်ကွက်၊<br>တောင်ကြီးမြို့ |
| တရားလို | | တရားပြိုင် |

အခန်း (၁၀)၊ တော်ဝင်ပုလဲလက်ဖက်ရည်ဆိုင်အနီး ကပ်တလစ်ဘုရားကျောင်းတိုက်တန်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးစိုင်းညွှန့်ဝင်းဗိုလ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မေ ၁၄ ရက် (၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းရှဲန်ဟိန်း)
ဒုတိယမြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့နယ်၊နန်းတော်ရာရပ်ကွက်၊အလင်းရောင်(၁)၊(၂)လမ်းတွင် သောက်ရေသန့်ထုတ်လုပ်ရောင်းချမည့် သောက်ရေသန့်လုပ်ငန်း၏အမည်ကို (TTK) အမည်ဖြင့်အသုံးပြုထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါ အမည်ဖြင့် ထုတ်လုပ် ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြေငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်ထားများဖြင့် ကျွန်ုပ်ထံ လာကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတရာ မရှိပါက အထက်ပါအမည်ဖြင့် ပဲခူးမြို့မှတ်ပုံတင်ရုံး၌ တရားဝင် မှတ်ပုံတင်သွင်း၍ သောက်ရေသန့် ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်တင်တင်ခိုင် (၇/ပခန(နိုင်)၂၄၅၄၃၈
ဖုန်း-09-761735313

## အထူးဝမ်းနည်းကြေကွဲခြင်း

### သူရ ဦးထွန်းတင်

### ဝန်ကြီးချုပ်(ငြိမ်း)

### အသက်(၁၀၀)နှစ်

ဆေကဝတီဗုဒ္ဓတက္ကသိုလ်နှင့် ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိနှင့် ပဋိပတ္တိ ပရဟိတ သီလရှင်ကျောင်းတိုက်ကြီးများ၏ ပဓာန နာယက သီလရှင်ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစက ပဏ္ဍိတ ဒေါ်ဆေကဝတီ၏(အာဒိ ကမ္မိက ပစ္စယာနုဂ္ဂဟ) ဖြစ်ပါသော ခမည်းတော်ကြီး ဝန်ကြီးချုပ် သူရဦးထွန်းတင်(ငြိမ်း)သည် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသည်ကို ကြားသိရ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းမှုထူးများရည်စူးပြု၍ တောင်းဆုပြုလျှက် မြင့်မြတ်သောဘုံဘဝတွင် မြတ်ဓမ္မများနာယူ၍ အဆင့်မြင့်မြင့် တရားထူးများရနိုင်ပါစေသတည်း။

မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစက ပဏ္ဍိတ ဒေါ်ဆေကဝတီ

## အထူးဝမ်းနည်းကြေကွဲခြင်း

### သူရ ဦးထွန်းတင်

### ဝန်ကြီးချုပ်(ငြိမ်း)

### အသက်(၁၀၀)နှစ်

ဝန်ကြီးချုပ်(ငြိမ်း) သူရ ဦးထွန်းတင် အသက်(၁၀၀)နှစ်သည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်မောင်-ဒေါ်မေရီနွဲ့
သားဒေါက်တာအေးကိုကိုကျော်-မသိမ့်သီတာလှိုင်မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ခင်

### အသက် (၉၂)နှစ်

ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဌာနတွင် ၁၉၇၇မှ ၁၉၈၅ခုနှစ်ထိ ပထမဆုံးအကြီးအကဲတာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဦးအောင်ခင်သည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) ၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း


## သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးကျော်သက် ပိုင်ဆိုင်သော Avenue 64 Hotel အား ကိုရီးယားနိုင်ငံသားဖြစ်သူ Mr.Kang daegeol ထံသို့ Hotelနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများနှင့် စီမံခန့်ခွဲခွင့်အရပ်ရပ်အား ၁-၇-၂၀၁၉ ရက်မှ ၁-၇-၂၀၂၀ ရက်ထိ တစ်နှစ်တိတိလုပ်ဆောင်နိုင်ရန် ကတိစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ကတိစာချုပ်ပါ နေ့ရက်အတွင်းတွင် Mr.Kang daegeol မှ ဆောင်ရွက်ထားရှိသော လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စအရပ်ရပ်အား မူလပိုင်ရှင်ဖြစ်သူ ဦးကျော်သက်မှ မည်သည့်ကိစ္စရပ်မဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် လေးစားစွာအသိပေး ကြေညာအပ်ပါသည်။

ဦးကျော်သက်
မန်နေဂျင်းဒါရိုက်တာ
Link 64, Co.,Ltd

## သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၉)၊ အခန်းအမှတ် (၇)မှာ ကျွန်ုပ်၏အမှုသည် ဒေါ်သိန်းရှင် AB-၀၅၃၈၄၁ ၏ ခင်ပွန်းဖြစ်သူ ဦးခင်မောင် (AB-၀၅၃၉၀၄) (ကွယ်လွန်) ၏အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ချပေးထားသောတိုက်ခန်းဖြစ်ပါသည်။

သို့ပါ၍ ယင်းတိုက်ခန်းအား ဒေါ်သိန်းရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းအပါအဝင် အခြားနည်းတစ်စုံတစ်ရာလွှဲပြောင်းခြင်း၊ တိုက်ခန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား မိတ္တူလျှောက်ထားကူးယူခြင်းတို့ကိုမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ တားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းမြင့် B.Sc (Chem), H.G.P, R.L, Dip-In
French (I.F.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၆၇)
တိုက် (၂၄)၊ အခန်းပထမထပ်(ခြေရင်းခန်း)၊ (၄)လမ်း
(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၂၁၉၃၈

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် (ည/၃၇)နေ ဦးစိုင်းအွမ်-ဒေါ်နန်းသောင်းမေ တို့၏သမီး နန်းထွေးထွေးစံ ၁၃/တကန(နိုင်)၂၅၀၀၂၀သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးစိုင်းအွမ်-ဒေါ်နန်းသောင်းမေ


## အထူးကျေးဇူးတင်ရှိခြင်း

### ဒေါ်ခင်ခင်စိန်

### အထက်တန်းပြ ဆရာမကြီး(ငြိမ်း)

### ယခင် ဒိုင်အိုသံတဲကျောင်း၊ မန်းအထက(၁၀)၊ အထက(၈)

### ကျိုက်လတ် အလက(၁)နှင့်(၂)၊ ဖျာပုံအလက(၁)၊ မအူပင် အထက(၂)

### အသက်(၈၀)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ Capt.သန့်စင်ဦး-ဒေါက်တာ အေးမြတ်သွယ် (ဘားအံတက္ကသိုလ်)၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ ဒေါက်တာမျိုးဝင်း(မေ့ဆေးအထူးကုဆရာဝန်ကြီး၊ မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီး)-ဒေါက်တာစမ်းသီတာလှ(မေ့ဆေးအထူးကု ဆရာဝန်ကြီး)၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်းနေ 1st/E ဖြိုးမင်းလတ်-ဒေါ်ခင်ချိုလှိုင်တို့၏မိခင်၊ မရွှန်းလဲ့ဝေ၊ မဖူးပွင့်ဝေ၊ မောင်သူရိန်မင်းလတ်တို့၏အဘွား၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်၊ (၁၄)လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊ အမှတ်(၅၈)နေ ဦးလှဘော်၏ဇနီးသည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် မိခင်ကြီးနာမကျန်းဖြစ်ချိန် တရားဓမ္မများ ဟောကြားပြသပေးခဲ့ပါသော မန္တလေးဖားအောက်တောရရိပ်သာ ပဓာန နာယက ဆရာတော်အမှူးပြုသော သံဃာတော်များ၊ မိခင်ကြီးအား အာဟာရပေးပို့ကြသူများ၊ ဝမ်းနည်းစကားနှင့် အားပေးနှစ်သိမ့်စကားပြောကြားပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟ၊ ဓမ္မမိတ်ဆွေများ၊ ဆရာမကြီး၏ တပည့်ရင်းများ၊ အဖွဲ့အစည်းများ၊ သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်စုစုထွန်း

### Chief Accountant

### Yangon Metropolitan Development Public Co.,Ltd

### အသက် (၄၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် (၈၃)၊ (၇)လွှာနေ ဦးထွန်းထွန်း-ဒေါ်ခင်စောဝေတို့၏သမီး၊ ဦးအေးကို-ဒေါ်နုနုမော်တို့၏သမီးချွေးမ၊ ဦးဇင်မင်းကို (M.D, Smart Sky Logistics) ၏ ချစ်လှစွာသောဇနီး၊ မခင်ကြည်စင်သန့်(G-3 ၄၀၊ အထက-၁၊ ဒဂုံ)၊ မသန့်သီရိဇင် (မူကြို-၄ အလုံ)တို့၏ ချစ်လှစွာသောမိခင်သည် ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု


## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ/၅၆)၊ ဦးပိုင်အမှတ် (၅၁) အကျယ်အဝန်းရှိ မြေကွက်သည် တကက-အေးကို (ကပ-၄၀၅၈၈၅) အမည်ဖြင့် မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။ မြေကွက်ချထားပေးခြင်းခံရသူထံမှတစ်ဆင့် ကတိစာချုပ်ဖြင့် ကျွန်တော်၏မိတ်ဆွေက တရားဝင်လက်ထိလက်ရောက် လွှဲပြောင်း၍ လွှန်ခဲ့သော (၂၀၀၁)ခုနှစ်ကတည်းက ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး ယခုအချိန်တွင် ဝယ်ယူသူအမည်ပေါက်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လည်းကောင်း (သို့) ကျွန်ုပ်မိတ်ဆွေထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့်ပတ်သက်၍ လျှောက်ထားပိုင်ခွင့်ရှိသည့်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်သူ-ဒေါ်တင်မာအေး | လွှဲအပ်ချက်အရ-ဦးကျော်ဇင်ထက်(စဉ်-၁၁၀၈၀) |
| ၅/စကန(နိုင်)၁၅၇၆၇၃ | တရားလွှတ်တော်ရှေ့နေ |

အကွက်အမှတ် (၄၁၅, N-3/၇၈၈)၊ ညောင်ကွဲရပ်ကွက်
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၉၉၄၈၁၊ ၂၀၃၆၃၀၆

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဆင်ဖြူရှင်ရပ်)၊ ဦးပိုင်အမှတ်(၁၇၅)၊ ဧရိယာ(၀ဒသမ၀၉၆)ဧကကို ဦးရဲတင့်(ဘ)ဦးမောင်လေး ၈/မထန(နိုင်) ၀၄၄၂၀၃မှ ကျမ်းကျိန်လွှာအမှတ် (၁၀၇/၂၀၂၀)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စာရေး(၁) ဒေါ်ညိုညို နိုင် ၈/ပမန(နိုင်)၀၈၇၂၂၇၏ ဖခင် ဦးခင်မောင်ဝင်း ၈/ပမန(နိုင်)၀၁၄၀၅၀ နှင့် ဦးမောင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်ခင်ဖြူ ၁၃/လရန(နိုင်) ၁၉၀၀၃၄ အမှတ်(အယ်-၉)၊ ဘုရင့်နောင်လမ်းမကြီး၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူက ဦးငြိမ်းကျော် ၁၂/တမန(နိုင်)၀၀၅၆၇၀အား ၂၀-၃-၂၀၁၅ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပေးအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ ခန့်အပ်မှတ်ပုံတင်နံပါတ် ၃၈၈၅/၂၀၁၅ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဒေါ်ခင်ဖြူ ၁၃/လရန(နိုင်) ၁၉၀၀၃၄


သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဝမ်းနည်းကြေကွဲခြင်း
# သူရ ဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### အသက် (၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ် (၂၆)နေ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇ နာရီ ၃၀ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် - ကြူကြူလှ

---

# သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
### နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### အသက်(၁၀၀)နှစ်

မြစ်ကြီးနားမြို့၊ ရှမ်းစု(မြောက်ရပ်)နေ (ဦးကျောက်လုံး-ဒေါ်ထူး) တို့၏သား၊ သထုံမြို့နေ (ဦးရဲဒင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ် (၂၆)နေ ဒေါ်မြင့်မြင့်သိန်း၏ခင်ပွန်း၊ Capt. ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt.ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက် တို့၏ဖခင်၊ မကေသီကျော်ထွန်း၊ မောင်ကျော်မင်းထွန်း၊ မောင်အောင်နိုင်ထွန်း-မသူသူသွင်၊ မဝင်းမြတ်သီဂီတို့၏အဘိုး၊ မပွင့်ဇမ္ဗူ၏ဘိုးဘိုးကြီး ဖြစ်သူ သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇:၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသည်။ ကျန်ရှိသည့်ရုပ်ကလပ်ကို ၃-၅-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းတွင် မီးသင်္ဂြိုဟ်ပြီးဂူသွင်းပါမည်။ [COVID-19 ကြောင့် မိသားစုဝင်များသာလိုက်ပါပို့ဆောင်မည်ဖြစ်ကြောင်း ဆွေမျိုးများနှင့်မိတ်ဆွေများအား တောင်းပန်အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
# သူရဦးထွန်းတင်
### နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
### ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### အသက်(၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း ၏ချစ်လှစွာသောခင်ပွန်း၊ Capt. ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt.ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက် တို့၏ဖခင်သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# သူရဦးထွန်းတင် အသက်(၁၀၀)နှစ်
### အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ်
### ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
### နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ Capt. ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt. ရဲမြင့်ထွန်း-ဒေါ်ခင်မေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက်တို့၏ဖခင် သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သီရိပုံချီဦးသိန်းဇော်-ဒေါ်မူမူဝင်း မိသားစု

---

### စိုက်ပျိုးရေးရုံးချုပ် ဝန်ထမ်းဟောင်းများအသင်း
# ဦးအောင်ခင် အသက်(၉၂)နှစ်
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
### အသင်းဝင်နံပါတ်(၀၀၀၃)

အသင်းနာယကဖြစ်သူ ဆရာကြီး ဦးအောင်ခင်သည် ၂၈-၄-၂၀၂၀ ရက်တွင် အရှေ့ဝါယာလက်(၂)လမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၂၉-၄-၂၀၂၀ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ခင် အသက်(၉၂)နှစ်
### အထွေထွေမန်နေဂျာ(ငြိမ်း)စိုက်ပျိုးရေး
### B.Sc(Agric)1951.M.Agr.Sc.Melbone

ဆရာကြီး ဦးအောင်ခင်သည် ၂၈-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

AUAA.ရန်ကုန်ရုံးခွဲ

---

# အနိစ္စ

---

### ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး
# ဒေါ်ဖြူဖြူခင်
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စိန်မေတ္တာလမ်း၊ အမှတ် ၁၉ နေ ဦးစောမောင်ငြိမ်း(ခ) ဦးငြိမ်း၏ဇနီး၊ ဦးကျော်ထွန်းထွန်းငြိမ်း၊ ဦးအောင်မင်း-ဒေါ်မေသူငြိမ်း၊ ဦးအောင်ကျော် မိုး-ဒေါ်အိသူငြိမ်းတို့၏မိခင်၊ မသွန်းဝတီမိုး၏အဘွားသည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာပြေအေး(B.V.S)
### သက်ကြီးပူဇော်ကန်တော့ခံ တိရစ္ဆာန်ဆေးကုဆရာဝန်ကြီး
### (သုတေသနအရာရှိ-ငြိမ်း)
### အသက်(၇၉)နှစ်

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ ရာသက်ပန်အသင်းဝင်၊ သက်ကြီးပူဇော်ကန်တော့ခံ တိရစ္ဆာန်ဆေးကုဆရာဝန်ကြီး ဒေါက်တာပြေအေးသည် ၂၉-၄-၂၀၂၀ရက် မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၂၀၁၉-၂၀၂၁)
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးစိုးသိန်း အသက်(၇၅)နှစ်
### (တရားလွှတ်တော်ရှေ့နေ)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးဘစို-ဒေါ်သုလှ)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက် (၁၇)၊ အခန်း(၁)နေ ဒေါ်တင်တင်အေး(လယ်/ပြ၊ ငြိမ်း၊ အမက-၁၇၊ မရမ်းကုန်း)၏ ခင်ပွန်း၊ ဦးမျိုးမောင်မောင်စိုး(တရားလွှတ်တော်ရှေ့နေ) - ဒေါက်တာဒေါ်ခိုင်ခိုင်ဆု (ပန်းပျိုးအိမ်စာသင်ဝိုင်း)၊ ဦးရဲလွင်ဦး-ဒေါ်ယဉ်ယဉ်စိုး(အမက- ၁၇၊ မရမ်းကုန်း)၊ ဦးအောင်ခင်စိုး-ဒေါ်စိမ်းစန္ဒာဖြူ(အလက-၄၊ အင်းစိန်)၊ ဦးညီညီစိုး (တရားလွှတ်တော်ရှေ့နေ)-ဒေါ်စန်းစန်းမြင့်၊ ဦးဖုန်းဟေကို(Photography)-ဒေါ်ပြည့်ပြည့်ပပစိုး(အထက်တန်းရှေ့နေ)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဟိန်းထက်အောင်စိုး၊ မောင်မျိုးချစ်သုစိုး၊ မသဒ္ဓါအောင်တို့၏အဘိုးသည် ၃၀-၄-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်လှမြင့်
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၂)လမ်း၊ အမှတ်(၂၅/က)နေ (ဦးစိန်မြ-ဒေါ်မြစိန်)တို့၏သမီး၊(ဦးအေးကို)၏ဇနီး၊ ဦးခင်မောင်လှ-ဒေါ်သက်သက်ဦး၊ ဦးစိန်လွင်-ဒေါ်နွဲ့နွဲ့ဦး၊ ဦးညွန့်နိုင်၊ ဦးအောင်ဌေးမြင့်-ဒေါ်မိုးမိုး တို့၏မိခင်၊ဒေါက်တာနေမျိုးလွင်-ဒေါက်တာထက်ထက်လင်း၊ ဒေါက်တာကောင်းမြတ်စည်သူ-ဒေါက်တာပိုးမြတ်မဟေသီတို့၏အဘွား၊ မောင်လင်းခန့်မြင့်မိုရ်၏အဘွားသည် ၃၀-၄-၂၀၂၀ရက် ည၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးစိုးနိုင် အသက်(၆၅)နှစ်
### B.E.(Electrical Power)(1981)

မြိတ်မြို့နေ (ဦးခင်မောင်-ဒေါ်စောရီ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသန်းစိန်-ဒေါ်မြဟန်)တို့၏သားသမက်၊ (ဦးတင်မောင်လတ်)-ဒေါ်လှရင်၊ ဦးရှင်လိုက်-ဒေါ်ထားရှင်၊ (ဒေါ်ခင်မူ)တို့၏ညီ/မောင်၊ စင်ကာပူနိုင်ငံနေ ဒေါ်မြမြသွယ်(B.E Electrical Power)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ကိုဟိန်း-Angel yang တို့၏ချစ်လှစွာသောဖခင်သည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၃:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ရက်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

# ဦးကိုကြီး
### ဒု - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု ထွေ / ထိန်း)
### သံမဏိစက်ရုံ ၊ ရွာမ ၊ အင်းစိန်
### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်သီရိ (၄)လမ်း၊ အမှတ် (၇၈၄) နှင့် (၃၁) ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ် (၄၅) နေ (ဦးမောင်ခင်-ဒေါ်ဘေဘီ) တို့၏သား ၊ (ဦးဘဘွား-ဒေါ်အေးနု) တို့၏ သားသမက်၊ (ဦးအောင်ညိမ်း) - ဒေါ်ခင်သိန်း၊ (ဒေါ်ခင်သောင်း) တို့၏မောင် ၊ ဒေါ်သန်းရီ (အထက်တန်းပြ (ငြိမ်း) အထက (၃) အင်းစိန်၊ အထက (၁) မြောက်ဥက္ကလာ) ၏ခင်ပွန်း၊ ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး ၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်ခိုင်နွယ်ဦး၊ ဦးရွှေကို (လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန )-ဒေါ်ခိုင်မော်သက် (MAPCO) ၊ ဦးမြတ်ခိုင် (Pack Zone Moving Co;)-ဒေါ်အေးအေးကြိုင်(NHL) တို့၏ဖခင်၊ ဒေါက်တာဖေဇော်ဦး-ဒေါက်တာမြတ်မွန်သူဇာ ၊ ဦးသန့်ဖြိုးဝင်း(Phyo Mobile)-ဒေါ်ချိုစုစုခိုင် (GIZ) ၊ ကိုဖြိုးသီဟန် - မအိသီရိခိုင် ၊ မောင်ထက်အောင်ခိုင် ၊ မဖူးပွင့်သီဂီခိုင် ၊ မောင်ခိုင်ဇော်လင်းတို့၏အဘိုး၊ မြစ် ၃ ယောက်တို့၏ဘိုးဘိုးကြီးသည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကွယ်လွန်သူအား ရည်စူး၍ ၇-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇ - ၁၀ နာရီ၊ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာမည် ဖြစ်ပါကြောင်း။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကိုကြီး
### ဒု - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု ထွေ / ထိန်း)
### သံမဏိစက်ရုံ ၊ ရွာမ ၊ အင်းစိန်
### အသက် (၈၇) နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် - ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင်၊ ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း နှင့် ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

### ရဟန်းအမ
# ဒေါ်ခင်လှမြင့်(ခ)ဒေါ်လှလှ
### အသက်(၈၀)

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးဘနီ-ဒေါ်အေး)၊ (ဒေါ်ငွေး)တို့၏တူမ၊ (ဦးစံလင်း-ဒေါ်မြရီ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်း)တို့၏ညီမ၊ ဒေါ်လီလီမြင့်၊ ဦးသန်းထွဋ်-ဒေါ်နန်းခမ်းဖူး၊ ဦးညီညီလွင်-ဒေါ်နွယ်နွယ်ဝေ၊ ဦးကျော်စိုးလွင် - ဒေါ်မျိုးမျိုးသိန်းတို့၏အဒေါ်၊ မဆုမြတ်သဇင်၊ မခြူးကေခိုင်၊ မခင်ကြယ်စင်ဖြူတို့၏ဘွားလေးသည် ၃၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၅:၄၅နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုနန္ဒာ(၉)လမ်း၊ အမှတ်(၁၄၆)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးအေးသန်းအုန်း(ညီသန်း)
### အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၃)ရပ်ကွက်၊ တတိုင်းမွှေးလမ်း၊ အမှတ် ၈၁/၁နေ (ဦးအုန်းမြိုင်)-ဒေါ်ရီရီမြင့်တို့၏သား၊ ဦးမောင်သောင်း-ဒေါ်မသောင်း တို့၏ သားသမက်၊ ဦးကိုကြီး-ဒေါ်ဇင်ရီမြိုင်၊ ဦးသန်းဌေးအုန်း၊ ဒေါ်ဇင်မာမြိုင်တို့၏မောင်၊ ဦးစိုးသန်းအုန်း-ဒေါ်ခင်ခင်ဝင်း၊ ဗိုလ်မှူးကြီးထွန်းသန်းအုန်း-ဒေါ်တင်ဥမ္မာ၊ ဦးကျော်မြင့် -ဒေါ်သန္တာမြိုင်၊ ဦးအောင်သန်းအုန်းတို့၏အစ်ကို၊ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ မခိုင်ချယ်ရီနှင်း၏ဖခင်၊ မဆုမြတ်နွယ်၊ မောင်မြတ်မင်းစိုး-မဆုမွန်လင်း၊ မောင်ကောင်းမြတ်သူ၊ မောင်အောင်ဟိန်းခန့်၊ မောင်မြတ်ဟိန်းခန့်တို့၏ဦးလေးသည် ၃၀-၄-၂၀၂၀ ရက် (ကြာသပတေးနေ့)တွင် မလေးရှားနိုင်ငံ၊ Johor Darul၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးဝင်းသူ
### (ကထိက-ငြိမ်း၊ ရူပဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)
### အသက်(၆၈)နှစ်

ဝဏ္ဏကျော်ထင် ဒေါ်သြဘာသောင်း၏မြေး၊ (ဦးဝင်းဖေတင်-ဒေါ်ခင်တင့်)တို့၏သား၊ ဦးသိန်းဌေး-ဒေါ်သီတာဝင်းတို့၏ အစ်ကိုသည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် မန္တလေးမြို့၊ နန်းရှေ့(၁၉)လမ်း၊ ရန်အောင်လမ်းသွယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးသန်းထွန်း
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၂)လမ်း (အောက်ဘလောက်)၊ အမှတ် (၃၂)နေ (ဦးသင်းမောင်-ဒေါ်မြရင်)တို့၏သား၊ ဒေါ်ခင်ခင်ဝင်း၏ခင်ပွန်း၊ (ဦးထွန်းထွန်းမျိုး)၊ ဦးလှဝင်းထွန်း၊ ဦးအေးမင်းထွန်း၊ ဒေါ်နန္ဒာဝင်းထွန်း တို့၏ဖခင်သည် ၁-၅-၂၀၂၀ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# သစ်ပင်
# နည်းလာ
# တို့ကမ္ဘာ၊
# လွန်စွာ
# ပူအေး
# ဥတုဘေား

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

# ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်းမှ မြန်မာလုပ်သားအချို့ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ ယနေ့စတင်ဝင်ရောက်



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်း စစ်ဆေးပေးစဉ်။

**မြဝတီ မေ ၁**

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာရန်ရှိသည့် မြန်မာရွှေ့ပြောင်းလုပ်သားအချို့သည် ယနေ့ နံနက်ပိုင်းမှစ၍ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် စတင်ဝင်ရောက်လာသည်။

ယနေ့ ပြန်ဝင်လာသူများအနေဖြင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်းမှ ဖြစ်ပြီး ဘန်ကောက်နှင့် တခြားခရိုင်ဒေသများမှ မြန်မာအလုပ်သမားများအနေဖြင့် ညမထွက်ရအမိန့်အပါအဝင် အခြားစည်းကမ်းချက်များကို မေလကုန်အထိ တိုးမြှင့်လိုက်သည့်အတွက် ပြန်လာရန် စောင့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

"တစ်ခရိုင်နှင့်တစ်ခရိုင် ဖြတ်သန်းသွားလာခွင့်မပြုဘူးဆိုပေမယ့် တာ့ခ်ခရိုင် မဲဆောက်မှာရှိနေတဲ့ မြန်မာနိုင်ငံကို ပြန်လာချင်တဲ့သူတွေအနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်အရ ဧပြီ ၃၀ ရက်နောက်ပိုင်းဖြစ်တဲ့အတွက် မေ ၁ ရက်မှာ မြန်မာနိုင်ငံက စတင်လက်ခံခဲ့တာ ဖြစ်ပါတယ်" ဟု မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

"ပြန်ဝင်လာတဲ့သူတွေကို ၎င်းတို့ပြန်မယ့် နေရပ်ဒေသ၊ လူဦးရေအနည်းအများအပေါ် မူတည်ပြီး ပြန်လည်ပို့ဆောင်ဖို့နဲ့ မြဝတီစခန်းတွေမှာ ထားဖို့ကို စီစဉ်သွားမှာ ဖြစ်ပါတယ်" ဟု ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ပြောသည်။

ယနေ့ မွန်းတည့် ၁၂ နာရီအထိ ကရင်ပြည်နယ်မှ ခုနစ်ဦး၊ မွန်ပြည်နယ်မှ ကိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၀၊ နေပြည်တော်မှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦး စုစုပေါင်း ၅၁ ဦး ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✱

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

ကုန်သွယ်မှုဖြင့် နိုင်ငံ့စီးပွား ဖြည့်တင်းရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မျှော်မှန်းဆောင်ရွက် အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## ကြိုတင် သတိပြုရမည့် မုန်တိုင်းဖြစ်ပေါ်နိုင်မှု အခြေအနေ

ဆောင်းပါး စာ ၆

# ကိုဗစ်-၁၉ ကာလ လူစုလူဝေးမဖြစ်စေရန် တောင်ကြီးစည်ပင်က ဈေးရောင်းကားများဖြင့် လှည့်လည်ရောင်းချပေး

**တောင်ကြီး မေ ၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလအတွင်း တောင်ကြီးမြို့ရှိ မြို့မဈေးကြီးနှင့် ပျံကျဈေးများသည် ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် လူစုလူဝေးရှောင်ရှားသောအားဖြင့် ဈေးများကို ပိတ်ထားသည့်အချိန်တွင် စားသုံးသူ ပြည်သူများနှင့် ဈေးရောင်းချသူများ အဆင်ပြေစေရန် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ မုန့်မျိုးစုံနှင့် သစ်သီးများအား ကားဖြင့် လှည့်လည် ရောင်းချခြင်းကို တောင်ကြီးမြို့ စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလအတွင်း လူစုလူဝေး မဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် ဈေးသို့ လာရောက်ရန်မလိုအပ်ဘဲ ဈေးအနေဖြင့် *စာမျက်နှာ ၈ ကော်လံ ၃* ❑



တောင်ကြီးမြို့ စည်ပင်သာယာရေးကော်မတီ ဈေးရောင်းကားများတွင် ပြည်သူများ ဝယ်ယူအားပေးနေကြစဉ်။

# ပီအက်စ်ဂျီကို လီဂူးဝမ်းချန်ပီယံအဖြစ် သတ်မှတ်



ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြင်သစ်လီဂူးဝမ်းကို ဖျက်သိမ်းလိုက်ပြီးနောက် ပီအက်စ်ဂျီအသင်းကို လီဂူးဝမ်းချန်ပီယံအဖြစ် သတ်မှတ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်းချန်ပီယံဆုဖလားကို သုံးနှစ်ဆက် ရရှိမည် ဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဘောလုံးပွဲစဉ်များ ရပ်နားထားချိန်တွင် ဒုတိယနေရာမှ မာဆေးလ်အသင်းကို ၁၂ မှတ်အထိ ဖြတ်ထားလိုက်နိုင်သည်။

အမှတ်ပေးဇယား အဆင့် (၂) နှင့် (၃) နေရာတွင် ရပ်တည်နေသော မာဆေးလ်နှင့် ရင်းနက်စ်အသင်းတို့သည် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သည်။ မာဆေးလ်အသင်းသည် ၂၀၁၃-၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးဇယား အဆင့် (၄) နေရာတွင် ရပ်တည်နေသော လိုင်လီအသင်းက လာမည့်နှစ်တွင် ယူရိုပါလိဂ်ကစားခွင့် ရရှိခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းတွင် ပြင်သစ်အစိုးရက ၂၀၁၉-၂၀၂၀ အားကစားရာသီကို ဖျက်သိမ်းခဲ့ခြင်းနှင့် ပတ်သက်ပြီး သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည်။ ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌဖြစ်သူ နာဆာ အယ်ခါလီဖီက "ပြင်သစ်အစိုးရရဲ့ ဆုံးဖြတ်ချက်ကို နားလည်ပါတယ်။ လေးစားပါတယ်။ ပြီးတော့ ထောက်ခံပါတယ်" ဟု ပြောကြားထားသည်။

ပွဲစဉ်များ ဖျက်သိမ်းလိုက်ခြင်းကြောင့် လီဂူးဝမ်းချန်ပီယံအဖြစ် ပီအက်စ်ဂျီအသင်းကို သတ်မှတ်ခဲ့သလို လီဂူးတူးချန်ပီယံကိုလည်း လော်ရီယန့်အသင်းကို သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ လော်ရီယန့်အသင်းသည် လီဂူးတူးတွင် ၂၈ ပွဲ ကစားပြီး ရမှတ် ၅၄ မှတ်ဖြင့် ရရှိထားပြီး ဒုတိယနေရာမှ လိုက်လံဖိအားပေးလျက်ရှိနေသည့် လန်းစ်အသင်းက ၅၃ မှတ်ရရှိထားသောကြောင့် အမှတ်ပေးဇယားကို တစ်မှတ်အသာဖြင့် ဦးဆောင်နေခြင်း ဖြစ်သည်။

အာမီယန်စ်နှင့် တူးလော့စ်တို့သည် လီဂူးဝမ်းမှ တန်းဆင်းသွားခဲ့ရပြီး လီဂူးဝမ်းတူးမှ လော်ရီယန့်နှင့် အာရ်စီလန်းအသင်းတို့ တန်းတက်ခွင့်ရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

မြန်မာ့အလင်း
စနေ၊ မေ ၂၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ကုန်သွယ်မှုဖြင့် နိုင်ငံ့စီးပွား ဖြည့်တင်းရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မျှော်မှန်းဆောင်ရွက်

**ခင်ရတနာ၊ ဇင်ဦး၊ ခတ်ပုံ – သီဟစည်သူ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော် သာမက ပုဂ္ဂလိကကဏ္ဍပါ တိုးတက်အောင်မြင်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရပါသည်။

များပြားလှသည့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနမှ ဝန်ထမ်းများက ထမ်းဆောင်လျက်ရှိကြပြီး အများပြည်သူနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုကဏ္ဍများစွာကို ယခင်က ခက်ခဲကြန့်ကြာခဲ့ရသည့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ကာ ပြောင်းလဲထားသည့် နည်းလမ်း၊ စည်းကမ်း၊ ဥပဒေများဖြင့် အကောင်အထည် ဖော်ဆောင်ခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကို ဖြတ်သန်းခဲ့သည်မှာ အထင်အရှားပင်ဖြစ်ရာ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ချက်များစွာအနက် ကောက်နုတ်မေးမြန်း တင်ဆက်လိုက်ပါသည် –

**ဒေါက်တာသန်းမြင့် (ပြည်ထောင်စုဝန်ကြီး)**

**မေး ။ ။** ဝန်ကြီးဌာနအနေနဲ့ အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာ အတွင်း နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ သိသာထင်ရှားတဲ့ ဆောင်ရွက်ချက်တွေကို သိပါရစေ။

**ဖြေ ။ ။** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကုန်သွယ်မှုဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးကို အထောက်အကူပြုဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေမှာ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားသလို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးစီးတဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကော်မတီမှာ ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ တာဝန်ယူပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ရတဲ့အတွက် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းတွေနဲ့ အဆက်မပြတ် ဆက်သွယ်ပြီး သတင်းရယူတာ၊ မေးမြန်းမှုတွေကို ဖြေကြားတာနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကော်မတီကို တင်ပြတာတွေ ဆောင်ရွက်ရပါတယ်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်တဲ့ အထူးစီးပွားရေးဇုန်များ ဗဟိုကော်မတီမှာ ကျွန်တော်က အတွင်းရေးမှူး ဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်များ စီမံခန့်ခွဲမှု ကော်မတီမှာ ကျွန်တော်က ဥက္ကဋ္ဌ တာဝန်ယူရပါတယ်။ အထူးစီးပွားရေးဇုန်များအပြင် မြန်မာ – တရုတ် နှစ်နိုင်ငံ နယ်စပ်အထူးစီးပွားရေးဇုန်များ တည်ထောင်မှုအတွက် ဝန်ကြီးဌာနက တာဝန်ခံ ဆောင်ရွက်တာရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှု ဖွံ့ဖြိုးရေးအပြင် တိုင်းပြည်အတွက် လိုအပ်ချက်အရ နေရာအသီးသီးမှာ ပါဝင်ဆောင်ရွက်ရတာ ရှိပါတယ်။

**မေး ။ ။** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယမန်နှစ်တွေကထက် ကုန်သွယ်ရေးကဏ္ဍတွေမှာ ပိုမိုဖြေလျှော့ပေးတာတွေ့ရပြီး ဖြေလျှော့ပေးခဲ့တဲ့ အခြေအနေကို သိလိုပါတယ်။

**ဖြေ ။ ။** ဝန်ကြီးဌာနက တိုင်းပြည်ကို ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးရေး၊ အထူးသဖြင့် ပြည်ပကုန်သွယ်ရေး ပို့ကုန်/သွင်းကုန်ရှိတဲ့ နေရာမှာ ပို့ကုန်ကို အထူးအလေးထား ဆောင်ရွက်ပါတယ်။ တစ်ဖက်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရပြီး လုပ်ငန်းအားလုံးမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါတယ်။ သူတို့ရဲ့ ကုန်သွယ်မှု တိုးတက်ဖွံ့ဖြိုးရေး၊ ကူးသန်းရောင်းဝယ်မှု အဆင်ပြေရေးနဲ့

*အချပ်ပို (ခ) သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်



သီလဝါအထူးစီးပွားရေးဇုန်ကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ





ဒုတိယဝန်ကြီး ဦးအောင်ထူး

"စတုတ္ထ (၁) နှစ်တာကာလမှာ ကုန်စည်တွေ တင်ပို့မှုနဲ့ ပတ်သက်ပြီး တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။ ဥပမာ - တစ်နှစ်ကို ဆန်တန်ချိန် ၂ သန်းအထက် တင်ပို့နိုင်ခဲ့ပြီး ဒီနှစ်မှာ ၂ ဒသမ ၅ သန်းလောက်အထိ တင်ပို့နိုင်မယ့် အနေအထား ဖြစ်ပါတယ်။ ပြောင်းသီးနှံဆိုရင် တရုတ်နိုင်ငံကနေ ထိုင်းနိုင်ငံဘက်ကို ပိုမိုတိုးချဲ့ တင်ပို့နိုင်ခဲ့လို့ တန်ချိန် ၁ ဒသမ ၁ သန်းကျော်တင်ပို့နိုင်ဖို့ ရည်မှန်းဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံ တင်ပို့မှုက မြန်မာ့ပို့ကုန်ထဲမှာ ထိပ်ဆုံးကနေ ပါဝင်ပါတယ်"

*အချပ်ပို (က) မှ*

ထုတ်လုပ်သူများနဲ့ စားသုံးသူများအကြား ဆက်သွယ်ပေးရေး၊ ထုတ်လုပ်သူများနဲ့ နိုင်ငံခြားဈေးကွက်ရရှိရေး ဆက်သွယ်ပေးတဲ့ အလုပ်တွေ လုပ်ဆောင်ရပါတယ်။

အရင်ရှိခဲ့တဲ့ ဥပဒေတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ ခေတ်နဲ့မလျော်ညီတော့တဲ့အတွက် အသစ်ပြန်လည် ရေးဆွဲပြဋ္ဌာန်းရပါတယ်။ အထူးသဖြင့် သွင်းကုန်အတွက် ပါမစ်ယူရခြင်းလုပ်ငန်းတွေမှာ များစွာ ဖြေလျှော့ပေးခဲ့ပါတယ်။ Negative List ဆိုတဲ့ ပို့ကုန်/သွင်းကုန်ပါမစ်ယူရတာတွေကို အများကြီး ဖြေလျှော့ပေးထားပါတယ်။

e-Commerce စနစ်ကို အသုံးချပြီး အွန်လိုင်းစနစ်နဲ့ လုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုကော်မတီအောက်မှာ လုပ်ငန်းဆိုင်ရာ လွယ်ကူမှုချောမွေ့ရေး Ease of Doing Business ဆိုတဲ့ ဆပ်ကော်မတီတစ်ခုက အစိုးရဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ကုန်သည်တွေ၊ ထုတ်လုပ်သူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ ဘယ်လိုအခက်အခဲတွေ ရှိတယ်ဆိုတာကို အစဉ်မပြတ် ဆွေးနွေးညှိနှိုင်းပြီး ဖြေလျှော့တဲ့လုပ်ငန်းတွေကို အစိုးရဝန်ကြီးဌာနတွေဘက်က လုပ်နိုင်သလို ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်ကလည်း ပူးပေါင်းဆောင်ရွက်တဲ့အတွက် လုပ်ငန်းပိုင်းမှာ တိုးတက်လာတာကို တွေ့ရပါတယ်။

**မေး ။ ။ လုပ်ငန်းစီမံချက်တွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဝန်ကြီးဌာနက ရင်ဆိုင်ရတဲ့ အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို သိပါရစေ။**

ဖြေ ။ ။ နိုင်ငံက သဘာဝသယံဇာတ အရင်းအမြစ် ပေါများသလို လူ့စွမ်းအားအရင်းအမြစ်လည်း ရှိတဲ့အတွက် စီးပွားရေးလုပ်တာဖြစ်ဖြစ်၊ ကုန်သွယ်ရေးလုပ်တာဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းတွေနဲ့ အခွင့်အလမ်းကောင်းတွေဖြစ်ပါတယ်။ တစ်ဖက်မှာ စိန်ခေါ်မှုတွေရှိပါတယ်။ ဥပမာ - လမ်းပန်းဆက်သွယ်ရေး အားနည်းတာ၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်ဖို့၊ ရေရရှိနိုင်ဖို့နဲ့ ဂိုဒေါင်တွေ၊ သိုလှောင်ရုံတွေ၊ သဘောၤဆိပ်တွေစတဲ့ သယ်ယူပို့ဆောင်ရေး ကောင်းဖို့က အလွန်အရေးကြီးပါတယ်။

ဒီစိန်ခေါ်မှုတွေအပြင် ပြည်တွင်းနဲ့ ပြည်ပ စိန်ခေါ်မှုတွေရှိသလို လောလောဆယ် ဆောင်ရွက်ရမယ့် စိန်ခေါ်မှုနဲ့ ရေရှည်ဖြေရှင်းရမယ့်စိန်ခေါ်မှုတွေ ရှိပါတယ်။ ပို့ကုန်လုပ်ငန်းကို လုပ်ကိုင်တဲ့နေရာမှာ လယ်ယာထွက်ကုန်က အဓိကဖြစ်ပြီး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းနဲ့ ရေထွက်ကုန်လုပ်ငန်းတွေလည်း ရှိပါတယ်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍ အထည်ချုပ်လုပ်ငန်းက ပို့ကုန်တွေလည်းရှိတဲ့အခါ ဒီပို့ကုန်တွေ နိုင်ငံတကာကို ရောင်းချတဲ့နေရာမှာ ယှဉ်ပြိုင်နိုင်အောင် နံပါတ်တစ်အနေနဲ့ ကိုယ့်ရဲ့ထွက်ကုန်တွေဟာ အရည်အသွေး ကောင်းဖို့ လိုအပ်ပါတယ်။

## ပို့ကုန်အတွက် ဈေးကွက်ကျဉ်းမြောင်း

ကိုယ့်ဆီမှာ အရည်အသွေး ကောင်းမွန်မှု လျော့နည်းတာ ရှိပါတယ်။ ဈေးနှုန်းယှဉ်ပြိုင်နိုင်အောင် ထုတ်လုပ်မှုစရိတ် သက်သာဖို့၊ ကုန်သွယ်မှုစရိတ်သက်သာဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာကို လိုအပ်ရင် လိုအပ်သလို ပို့နိုင်ရမယ်။ ဒါတွေက စိန်ခေါ်မှုတွေပါ။ ဥပမာ တစ်ဖက်က ထုတ်လုပ်မှုစရိတ် လျှော့နိုင်ဖို့ ဖြစ်ပေမယ့် တစ်ဖက်မှာ ကုန်သွယ်ရေးအပြင် ဝယ်ယူ၊ ကြိတ်ခွဲ၊ သိုလှောင်၊ ဖြန့်ဖြူးစရိတ်တွေကလည်း ကြီးနေတဲ့အတွက် ကုန်သွယ်ရေး လုပ်တဲ့အခါ ဈေးနှုန်းကြီးမှု ဖြစ်တာကြောင့် ဒါကရေရှည်ဖြေရှင်းရမယ့် စိန်ခေါ်မှု ဖြစ်ပါတယ်။

ကုန်သွယ်ရေးလုပ်တဲ့အခါ ပို့ကုန်တွေက ဈေးကွက်ကျဉ်းမြောင်းနေတာတွေ ရှိပါတယ်။ ဆန်ဆိုရင် အာဖရိက နိုင်ငံတော်တော်များများကိုပို့ပြီး နိုင်ငံပေါင်း ၆၀ လောက် ရှိပါတယ်။ သို့သော် အဓိက ကုန်တွေဖြစ်တဲ့ ပြောင်း၊ ပဲမျိုးစုံ၊ အခြားကုန်စည်တွေကို အိမ်နီးချင်းနိုင်ငံဈေးကွက်တွေကို မှီခိုနေရတာရှိတယ်။ ဒီနိုင်ငံတွေရဲ့ ပေါ်လစီအပြောင်းအလဲက တစ်ခါတလေ မြန်မာနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းကို ထိခိုက်တာ ရှိပါတယ်။ ဒုတိယ အခက်အခဲက ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် ရရှိအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ ယခုဆိုရင် ဆန်နဲ့ပတ်သက်ပြီး ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ရရှိထားပါတယ်။ ပြောင်းကို ဝယ်ယူသူတွေ များလာတယ်။ ပဲကို ဝယ်ယူသူတွေ များလာလို့ ကုန်သွယ်မှုတိုးလာအောင် ဆောင်ရွက်နိုင်တာ ရှိပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနရဲ့ ဥပဒေပိုင်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ ။ ။ စားသုံးသူကာကွယ်ရေးဥပဒေနဲ့ စားသုံးသူ ကာကွယ်ရေးကော်မရှင် ဖွဲ့စည်းနိုင်ခဲ့ပါပြီ။ ယှဉ်ပြိုင်မှု ဥပဒေလည်း ထွက်လာပြီး ဈေးကွက်မှာ လုပ်ငန်းရှင်တွေ မျှမျှတတ ယှဉ်ပြိုင်နိုင်အောင် ယှဉ်ပြိုင်မှုကော်မရှင်က ဆောင်ရွက်နိုင်တာ ရှိပါတယ်။ မူပိုင်ခွင့် ဥပဒေကလည်း ထွက်ပြီးပြီဆိုတော့ မူပိုင်ခွင့်ဥပဒေကို စီမံခန့်ခွဲဖို့အတွက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းပြီး ဖြစ်ပါတယ်။

ကုန်သွယ်မှုဥပဒေ (Trade Law)က ဒီနှစ်အတွင်းမှာ အပြီးသတ်မှာဖြစ်လို့ လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ ဆွဲပြီးရင် ကိုယ်တိုင်ပါမစ်ပေးတာလျှော့ပြီး ဒီဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာ ကုန်သည်တွေ၊ လုပ်ငန်းရှင်နဲ့ ထုတ်လုပ်သူတွေဘက်က လိုက်နာနိုင်အောင် ထိန်းကျောင်းတဲ့ လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေ ရှင်သန်နိုင်ဖို့အတွက် သွင်းကုန်ပမာဏ မြင့်တက်ခြင်းက ကာကွယ်ပေးမှုဥပဒေ (Safeguard Law)ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှာ အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့ပြင် "လျှော့ဈေးဖြင့်စုပုံ တင်ပို့ရောင်းချခြင်း (Antidumping Law)နဲ့ အစိုးရအထောက်အပံ့ရယူ တင်ပို့ရောင်းချခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုအပေါ် ကုစားမှု ဥပဒေ(Countervailing Law)" တို့နဲ့ စပ်လျဉ်းပြီး ဥပဒေမူကြမ်း ပြုစုရေးဆွဲနေတာရှိပါတယ်။

## ဥပဒေများ အသက်ဝင်

စားသုံးသူကာကွယ်ရေးဥပဒေက ပြည်သူတွေ အန္တရာယ်ကင်းစွာနဲ့ စားသုံးကုန်စည်တွေကို စားသုံးနိုင်အောင် ပညာပေးတာရှိမယ်။ ထုတ်လုပ်သူတွေ၊ ရောင်းဝယ်သူတွေကလည်း အန္တရာယ်ကင်းတဲ့ ကုန်စည်တွေကို တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးနိုင်အောင် စောင့်ကြည့်စစ်ဆေးပါတယ်။ ယှဉ်ပြိုင်မှု ဥပဒေဆိုရင် ပြည်သူကြားမှာ ပညာပေးလုပ်ငန်းလုပ်ပြီး လုပ်ငန်းရှင်အချင်းချင်း ညီမျှစွာ ယှဉ်ပြိုင်နိုင်ဖို့အတွက် ဆောင်ရွက်ပေးပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ ရည်ရွယ်ချက်အတိုင်း ပေါက်ရောက်အောင် ဆောင်ရွက်နေတဲ့အတွက် ကုန်သွယ်မှု၊ ထုတ်လုပ်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးမှုတွေအတွက် ပိုမိုကောင်းမွန်လာအောင် လုပ်ပေးတဲ့ဝန်ကြီးဌာနတစ်ခု ဖြစ်လာပါပြီ။

**မေး ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ လုပ်ဆောင်မှု၊ တိုးတက်မှုတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကို အသိပေးချင်တာတွေ ရှိရင်လည်း သိပါရစေ။**

ဖြေ ။ ။ ကုန်သွယ်ရေးမှာ စိုက်ပျိုးရေးဘက်က ထုတ်လုပ်မယ်၊ စက်မှုလုပ်ငန်းရှင်တွေဘက်က ထုတ်လုပ်မယ် သူတို့ရဲ့ ထုတ်လုပ်တဲ့ ပစ္စည်းတွေကို ရောင်းတာဝယ်တာ ရှိတယ်။ ကုန်သည်တွေက ရောင်းတာဝယ်တာ ရှိတယ်။ စားသုံးတာရှိတယ်။ ပြည်တွင်းက စားသုံးမယ့်အပြင် ပိုလျှံတာကို နိုင်ငံခြားကို ရောင်းတယ်။ နိုင်ငံခြားက တင်သွင်းတဲ့ ပစ္စည်းတွေကို ကြီးကြပ်ခန့်ခွဲပြီး စနစ်ကျအောင် တင်သွင်းတာ လုပ်မယ်ဆိုတော့ ဒီလုပ်ငန်းအားလုံးက ဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရပါဘူး။ အားလုံး အောင်မြင်အောင် ဝန်ကြီးဌာနတွေ၊ လုပ်ငန်းရှင်တွေ၊ ထုတ်လုပ်သူ တောင်သူလယ်သမားတွေ၊ စက်မှုလုပ်ငန်းရှင်တွေနဲ့ စားသုံးသူတွေက အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှုရမှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကုန်စည်ပြပွဲတွေကို ပြည်ပနိုင်ငံတွေမှာ ပိုမိုလုပ်ဆောင်နိုင်ခဲ့ပြီး ပြည်တွင်းမှာဆိုရင် တောင်ပေါ်နဲ့ မြေပြန့်တွေမှာပါ ပိုမိုလုပ်ဆောင်လာတာတွေက ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ပြည်သူတွေနဲ့ အစိုးရအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ပါလို့ ပြောကြားလိုပါတယ်။

## ဦးအောင်ထူး (ဒုတိယဝန်ကြီး)

**မေး ။ ။ စတုတ္ထ (၁) နှစ်တာအတွင်း အောင်မြင်ခဲ့တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

ဖြေ ။ ။ ဝန်ကြီးဌာနရဲ့ အဓိက တာဝန်က ကုန်သွယ်မှု တိုးတက်မှုကနေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ရွက်တာ ဖြစ်ပါတယ်။ လက်ရှိအစိုးရ တက်လာတဲ့အချိန်မှာ ပို့ကုန်ကို ၃ ဆတိုးမြှင့်ရမယ် ရည်မှန်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ စတုတ္ထ (၁) နှစ်တာကာလမှာ ကုန်စည်တွေ တင်ပို့မှုနဲ့ပတ်သက်ပြီး တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။ ဥပမာ - တစ်နှစ်ကို ဆန် တန်ချိန် ၂ သန်းအထက် တင်ပို့နိုင်ခဲ့ပြီး ဒီနှစ်မှာ ၂ ဒသမ ၅ သန်းလောက်အထိ တင်ပို့နိုင်မယ့် အနေအထား ဖြစ်ပါတယ်။ ပြောင်းသီးနှံဆိုရင် တရုတ်နိုင်ငံကနေ ထိုင်းနိုင်ငံဘက်ကို ပိုမိုတိုးချဲ့ တင်ပို့နိုင်ခဲ့လို့ တန်ချိန် ၁ ဒသမ ၁ သန်းကျော် တင်ပို့နိုင်ဖို့ ရည်မှန်းဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံတင်ပို့မှုက မြန်မာ့ပို့ကုန်ထဲမှာ ထိပ်ဆုံးကနေ ပါဝင်ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ပဲဈေးနှုန်းတွေကောင်းမွန်တာကြောင့် ပဲမျိုးစုံပို့ကုန်ကနေ ဝင်ငွေများစွာ ရရှိခဲ့ပါတယ်။

ကျွဲ၊ နွားအရှင်တွေ တင်ပို့မှုက ပြီးခဲ့တဲ့နှစ်မှာ ကျွဲ၊ နွား ကောင်ရေ ၅၀၀၀၀၀ လောက်အထိ တင်ပို့နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုတွေ တိုးတက်လာတဲ့အတွက် ပို့ကုန်ပိုင်းမှာ အမေရိကန် ဒေါ်လာ ၁၄ ဘီလီယံကျော်ဖိုး တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်က အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ဝန်းကျင်ရှိတာမို့ ကုန်သွယ်မှုလိုငွေလည်း ကျဆင်းခဲ့ပါတယ်။ ကုန်သွယ်မှုလိုငွေဟာ တစ်ချိန်က အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထက်မှာ ရှိခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ နီးပါးလောက် ကျဆင်းလာတာကို တွေ့ရပါတယ်။

**မေး ။ ။ အမျိုးသားပို့ကုန်မဟာဗျူဟာနဲ့ ဦးစားပေး ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်တွေကို သိပါရစေ။**

ဖြေ ။ ။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ အကူအညီနဲ့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကာလလတ် အစီအမံချထားခဲ့ပြီး အမျိုးသား ပို့ကုန်မဟာဗျူဟာ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားပို့ကုန် မဟာဗျူဟာကို ၂၀၁၅ - ၂၀၁၉ ခုနှစ်ကနေ ဆောင်ရွက်ခဲ့တဲ့အခါ အောင်မြင်မှုကို အခြေခံပြီး ၂၀၂၀ - ၂၀၂၅ ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံက အဓိက ထုတ်လုပ်တဲ့ လယ်ယာထွက်ကုန်တွေ၊ ကုန်ချောပစ္စည်းတွေ၊ စက်မှုပစ္စည်းတွေ၊ ဝန်ဆောင်မှုကဏ္ဍတွေနဲ့ ဒစ်ဂျစ်တယ် စီးပွားရေးဖြစ်တဲ့ အိုင်စီတီနဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေကို တင်ပို့ရောင်းချမှုတွေအထိ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဥပဒေပိုင်းဆိုင်ရာ ဖြေလျှော့ဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် အတွင်းမှာ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး စားသုံးသူတွေရဲ့ သက်သာချောင်ချိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ပိုပြီးဆောင်ရွက်ပေးလာနိုင်မှာ ဖြစ်ပါတယ်။ ပြည်ပကနေ တင်သွင်းလာတဲ့ ကုန်စည်တွေဟာ ပြည်တွင်းကုန်စည်တွေနဲ့ ပြိုင်ဆိုင်လာတာကြောင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ အကာအကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ပြည်တွင်းလုပ်ငန်းတွေကို ပြည်ပကနေ ယှဉ်ပြိုင်မှုပြင်းထန်လာတဲ့အခါမှာ ကာကွယ်ပေးနိုင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မူပိုင်ခွင့် ဥပဒေတွေနဲ့ ပတ်သက်ပြီး မူပိုင်ခွင့်ဥပဒေ ၄ ရပ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ မူပိုင်ခွင့်ဥပဒေ ၄ ရပ်ကို တကယ်တမ်း ပြုစုတာက ပညာရေးဝန်ကြီးဌာနဖြစ်ပြီး အကောင်အထည်ဖော်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးလာတဲ့အတွက် ဝန်ကြီးဌာနက ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေနဲ့ တီထွင်မှု မူပိုင်ခွင့်ဥပဒေတွေကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ မူပိုင်ခွင့်ဥပဒေတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်လာနိုင်တာနဲ့အမျှ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုတိုးတက်လာမယ်လို့ မျှော်မှန်းထားပါတယ်။

**မေး ။ ။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ ။ ။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးက နိုင်ငံတော်အဆင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး ကော်မတီတစ်ရပ် ဖွဲ့စည်းထားပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ပုဂ္ဂလိကကဏ္ဍနဲ့ အကြိမ်ကြိမ်တွေ့ဆုံဖြေရှင်းမှုတွေ ဆောင်ရွက်ပေးပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကော်မတီအောက်မှာ လုပ်ငန်းကော်မတီ ၅ ရပ် ထူထောင်ပြီး ပုဂ္ဂလိကကဏ္ဍကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းတွေသာမက ပြည်ပက ရင်းနှီးမြှုပ်နှံကြတဲ့ နိုင်ငံခြားကုန်သည်ကြီးများ အသင်းတွေရဲ့ အခက်အခဲတွေကို တွေ့ဆုံညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ။ Ease of Doing Business အတွက် ဆောင်ရွက်ချက်တွေကို ပြည်သူတွေသိအောင် ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိက ပုဂ္ဂလိကကဏ္ဍမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရလွယ်ကူမှုအညွှန်းကိန်း တိုးတက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် ကြုံတွေ့နေရတဲ့ ပြဿနာက အစိုးရရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကြိုးနီစနစ်တွေ ရှိနေပါတယ်။ အကျင့်ပျက်ခြစားမှုတွေ ရှိနေပါတယ်။ အဆင့်တွေများနေတဲ့အပြင် ကုန်ကျစရိတ်တွေ ကြီးမြင့်နေပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့အတွက် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရမှု အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဆောင်ရွက်ရာမှာ စီးပွားရေးလုပ်ငန်း ထူထောင်တဲ့အခါ လွယ်ကူအောင်၊ ဆောက်လုပ်ရေးပါမစ်တွေ လွယ်ကူမှုရှိအောင်၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိအောင်၊ အခွန်ပေးဆောင်တဲ့နေရာမှာ လွယ်ကူမှုရှိအောင်ဆိုတဲ့ အချက်တွေကို ဖြေရှင်းဆောင်ရွက်ပေးရပါတယ်။

*အချပ်ပို (ဂ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

၂၀၁၄ ခုနှစ်ကနေ စတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေမယ့် အညွှန်းကိန်းက သိသိသာသာ တိုးတက်မလာခဲ့ပါဲ အညွှန်းကိန်း ၁၇၇ လောက်မှာ ရှိခဲ့ပါတယ်။

**စီးပွားရေးဆိုင်ရာ အညွှန်းကိန်းများ**

ပြီးခဲ့တဲ့နှစ်မှာ ကျွန်တော်တို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အဆင့် ၁၆၅ လောက်အထိ တိုးတက်ရောက်ရှိလာပြီး တချို့နေရာတွေမှာ ကုမ္ပဏီထူထောင်မှုတွေ၊ အဆောက်အအုံ ဆောက်လုပ်ခွင့်ပါမစ်ရရှိမှုတွေမှာ သိသိသာသာ တိုးတက်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ကမ္ဘာ့အဆင့် ၁၆၅ ကနေပြီး အဆင့် ၁၀၀ အောက်ကို ရောက်ရှိဖို့ ကြိုးပမ်းနေပါတယ်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အဖွဲ့တွေရဲ့ အစည်းအဝေးတွေကို နှစ်ပတ်တစ်ကြိမ် ကမ္ဘာ့ဘဏ်က အတိုင်ပင်ခံတွေနဲ့ လုပ်ငန်းတွေ ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေကို သိပါရစေ။**

ဖြေ ။ ။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ဆိုတာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးကို ဝန်ကြီးဌာနက တာဝန်ယူရပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ကျော်က ဆန်စပါးဈေးနှုန်းကို အခြေခံဈေးနှုန်း စတင်သတ်မှတ်ခဲ့ပါတယ်။ ဒါက ပုဂ္ဂလိကကဏ္ဍကနေ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆန်စပါးဈေးကို နိုင်ငံတော်ကနေ ဦးဆောင်ပြီး တင်း ၁၀၀ ကို ငွေကျပ် ၅၀၀၀၀၀ နဲ့ သတ်မှတ်ခဲ့ပါတယ်။

ဒီအခြေခံဈေးနှုန်း သတ်မှတ်မှုကနေ တောင်သူလယ်သမားတွေအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကို အာမခံတဲ့ဈေးနှုန်း ရရှိခဲ့ပါတယ်။ ဒီဈေးနှုန်းအောက်ကို ကျမယ်ဆိုရင် နိုင်ငံတော်အစိုးရကနေ ဝင်ရောက်ပြီး ဝယ်ယူပေးဖို့ ဖြစ်ပါတယ်။ ဒီလိုဝယ်ယူပေးဖို့အတွက် နိုင်ငံတော်က လှည့်ပတ်ရန်ပုံငွေကနေ ငွေကျပ် ၁၅ ဘီလီယံကို သတ်မှတ်ခွင့်ပြုပေးပါတယ်။ ဒီအပေါ်မှာမူတည်ပြီး နေပြည်တော် အပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ဆန်စပါးဈေးနှုန်းဟာ စပါးတင်း ၁၀၀ ကို ငွေကျပ် ၅၀၀၀၀၀ အောက်ကို ရောက်လား/ မရောက်လား ဆိုတာ လေ့လာရေးအဖွဲ့က လေ့လာပြီး အခြေခံဈေးနှုန်းကို သတ်မှတ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက



အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး



ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း



ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်

ဝန်ကြီးတွေနဲ့ ဆွေးနွေးတဲ့အခါမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ အခြေခံဈေးနှုန်းအောက်ရောက်တာကို တွေ့ရှိရပါတယ်။ ၎င်းဒေသတွေမှာ နိုင်ငံတော်က ခွဲဝေပေးထားတဲ့ ငွေကျပ် ၁၅ ဘီလီယံကို အသုံးပြုပြီး ပြီးခဲ့တဲ့နှစ်ထဲမှာ ငွေကျပ် ၆ ဒသမ ၅ ဘီလီယံဖိုး ဝယ်ယူခဲ့ပါတယ်။ ဒီလို ဝယ်ယူမှုကြောင့် စပါးတင်း ၁၀၀ ဈေးနှုန်းဟာ ငွေကျပ် ၅ သိန်းအောက်ကို မရောက်ဘဲ ၅ သိန်းအထက်မှာ ရှိသွားတဲ့အတွက်ကြောင့် တောင်သူလယ်သမားတွေအတွက် အာမခံချက်ကို ရရှိစေခဲ့ပါတယ်။

**မေး ။ ။ အထူး စီးပွားရေးဇုန်တွေရဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေတွေကို သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ အစိုးရလက်ထက်မှာဌာနကိုတာဝန်ပေးလိုက်တာက အထူးစီးပွားရေးဇုန်တွေ ထူထောင်ဖို့ကိစ္စဖြစ်ပါတယ်။ လက်ရှိမှာ သီလဝါ၊ ကျောက်ဖြူနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်တွေ ရှိပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ ကုမ္ပဏီပေါင်း ၁၁၂ ခုနဲ့ ရင်းနှီးမြှုပ်နှံမှု ၁ ဒသမ ၉ ဘီလီယံလောက်ရှိတဲ့အတွက် အအောင်မြင်ဆုံး ဖြစ်ပါတယ်။

ထားဝယ် အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့နဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်နေသလို ကျောက်ဖြူအထူးစီးပွားရေးဇုန်က ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နဲ့ အဆင့်မြင့်အိမ်ရာ ထူထောင်ဖို့လုပ်ငန်းစီမံချက်တွေ ပါဝင်ပါတယ်။ တရုတ်နိုင်ငံက CITIC ကုမ္ပဏီနဲ့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိပါတယ်။

**နယ်စပ်စီးပွားရေးဇုန်ဖော်ဆောင်**

မြန်မာ - တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်က ၂၀၁၇ ခုနှစ်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်နိုင်ငံကို သွားရောက်တဲ့အချိန်မှာ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် ကန်ပိုက်တီ၊ ရှမ်းပြည်နယ် မူဆယ်နဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်တို့မှာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ထားမယ်ဆိုပြီး ညှိနှိုင်းခဲ့ပါတယ်။ လက်ရှိမှာ မူဆယ်နဲ့ ရွှေလီအကြားမှာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ထူထောင်ဖို့အတွက် သဘောတူထားပါတယ်။ အောက်ခြေ အကောင်အထည်ဖော်မယ့် လုပ်ငန်းအဖွဲ့တွေကို နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ အလုပ်အကိုင် ဖန်တီးရေးအတွက် ဘယ်လောက်အထိ ဆောင်ရွက်နိုင်ခဲ့သလဲဆိုတာကို သိပါရစေရှင့်။**

ဖြေ ။ ။ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အချက်အလက်များစွာ ရှိပါတယ်။ ဝန်ကြီးဌာနကနေ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးမှုအခန်းကဏ္ဍကို ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ အလုပ်အကိုင်ဖန်တီးမှုကို ဂျာမနီနိုင်ငံကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် စတာတွေနဲ့ ပူးပေါင်းပြီး အထည်ချုပ်လုပ်ငန်းတွေအပေါ် ဦးစားပေး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အလုပ်အကိုင်တွေ ဖန်တီးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

အထည်ချုပ်လုပ်ငန်းဆိုရင် အစိုးရတာဝန်ယူချိန်မှာ ထုတ်လုပ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာသန်း ၅၀၀ နဲ့ အလုပ်အကိုင် ၄ သိန်းလောက် ဖန်တီးပေးတာ တွေ့ရပါတယ်။ နောက်ပိုင်းမှာ အထည်ချုပ်လုပ်ငန်းတွေ တိုးတက်လာတဲ့အတွက် အလုပ်သမား ၆ သိန်းလောက်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ပါတယ်။ ဒီထဲမှာ ၉၅ ရာခိုင်နှုန်းလောက်က အမျိုးသမီးတွေဖြစ်လို့ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အထည်ချုပ်လုပ်ငန်း(CMP)ရဲ့ ထုတ်လုပ်မှုတန်ဖိုးကို ၄ နှစ်အတွင်းမှာ ဆယ်ဆတိုးလာပြီး ဒီနှစ်မှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံလောက်အထိ တိုးတက်လာမယ့် အခြေအနေ ရှိပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကို အသိပေးချင်တဲ့ စကားများရှိရင်လည်း ပြောကြားပေးပါဦးရှင်။**

ဖြေ ။ ။ နယ်စပ် ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီး လက်ရှိမှာ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုတွေရှိ ပါတယ်။ ဒါတွေကို ကျော်လွှားနိုင်အောင်လို့ ကြိုးစားနေပါတယ်။ ကုန်သွယ်မှုပြုတဲ့အခါ နိုင်ငံတစ်ခု၊ နိုင်ငံအစုအသေးလေးတွေကို အားမကိုးတော့ဘဲ ဖြန့်ကြက်နိုင်အောင် ကြိုးစားနေပါတယ်။ စီးပွားရေးသံမှူး ၁၅ ဦး စေလွှတ်ထားပြီး ကုန်သွယ်မှုမြှင့်တင်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။

**ဦးအောင်စိုး(အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့)**

**မေး ။ ။ ပို့ကုန် မြှင့်တင်ရေးအတွက် ဦးစားပေးကဏ္ဍတွေရဲ့ ခွဲခြားဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

ဖြေ ။ ။ ကုန်သွယ်မှု မြှင့်တင်ရာမှာ သွင်းကုန်နဲ့ ပို့ကုန် နှစ်မျိုးအနက် ပို့ကုန်ကို အဓိက မြှင့်တင်နိုင်ဖို့အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာကို ရေးဆွဲဆောင်ရွက်ပါတယ်။ ဦးစားပေးကဏ္ဍမှာ မြန်မာနိုင်ငံရဲ့ အဓိက ပို့ကုန် ဆန်စပါး၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်နဲ့ အထည်ချုပ်လုပ်ငန်းတွေ ပါဝင်ပါတယ်။ ဝန်ဆောင်မှုအနေနဲ့ ခရီးသွားလုပ်ငန်းကို ထည့်သွင်းထားပါတယ်။ ဒါတွေကို အထောက်အကူပြုမယ့် ကဏ္ဍတွေဖြစ်တဲ့ ငွေကြေး အရင်းအနှီးရရှိနိုင်ရေး၊ သတင်းအချက်အလက်ရရှိရေး (Trade Information) ကဏ္ဍ၊ အရည်အသွေး မြှင့်တင်ရေးကဏ္ဍ၊ ကုန်ကျစရိတ်အများဆုံး ဖြစ်ပေါ်စေတဲ့ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွေကို ၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ပထမအဆင့် ၅ နှစ်စီမံကိန်းနဲ့ ဆောင်ရွက်ပြီး ၂၀၂၀ ပြည့်နှစ်ကနေ ၂၀၂၅ ခုနှစ်အထိ နောက်ထပ် ၅ နှစ် စီမံကိန်းချမှတ်ဆောင်ရွက်ဖို့ လုပ်နေပါတယ်။

ဒီနှစ်အတွင်းမှာ တိုးတက်မှုက နေပြည်တော်မှာ ငွေကျပ်သိန်း ၆၀၀၀ ကျော် အကုန်အကျခံပြီး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရဲ့ ရုံးသစ်ကြီးကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ဌာနအသစ်ဖြစ်တဲ့အတွက် ဝန်ထမ်းတွေနဲ့ လက်ရှိရုံးနေရာနဲ့ မလုံလောက်တဲ့အတွက် သုံးထပ်အဆောက်အအုံ တည်ဆောက်ရခြင်း ဖြစ်ပါတယ်။

ကယားပြည်နယ်နဲ့ ရခိုင်ပြည်နယ်တို့မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေဖို့ ငွေကျပ်သိန်း ၂၀၀၀ ကျော်စီ အကုန်အကျခံပြီး ကုန်သွယ်မှုမြှင့်တင်ရေး ဗဟိုဌာနတွေကို တည်ဆောက်ပါမယ်။ ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးအစိုးရတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေအတွက် အထောက်အကူပြုတဲ့ဌာနအဖြစ်နဲ့ ပံ့ပိုးကူညီသွားဖို့ အစီအစဉ် ရှိပါတယ်။

**မေး ။ ။ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရဲ့ အောင်မြင်တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ ။ ။ ဒီ ၄ နှစ်ရဲ့ နောက်ဆုံးနှစ်မှာ ဦးဆောင်ပြီး ဆောင်ရွက်တာက နောက်ထပ် ၅ နှစ် စီမံကိန်းအတွက် အစပျိုးလိုက်တာပါ။ စိုက်ပျိုးရေးထွက်ကုန်ကနေ ပို့ကုန်မြှင့်တင်ရေး သာမက ဒစ်ဂျစ်တယ် လုပ်ငန်းတွေကို e-Commerce လို လုပ်ငန်းတွေကို စတင်ဖို့အတွက် ထည့်သွင်းပါတယ်။ Innovation and Entrepreneurship ကို အားပေးဖို့အတွက် ဦးစားပေး ကဏ္ဍတစ်ခုအနေနဲ့ ထည့်သွင်းသလို သစ်သီးဝလံတွေရဲ့ ပို့ကုန်က သိသိသာသာ တက်လာပါတယ်။ ဖရဲသီးဆိုရင် တန်ချိန် သန်းနဲ့ချီပြီး ပို့လာရပါတယ်။ ငှက်ပျောသီးကလည်း တန်ချိန် ၇ သိန်းလောက် ပို့လာရတဲ့အတွက် သစ်သီးဝလံ ပို့ကုန်ရဲ့ တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၄၀၀ လောက်အထိ ဖြစ်လာတယ်။

လက်မှုပစ္စည်းတွေက သူများနိုင်ငံမှာဆိုရင် ပို့ကုန်ပမာဏ အင်မတန်ကြီးပါတယ်။ မြန်မာနိုင်ငံမှာလည်း လက်မှုအနုပညာပစ္စည်းမျိုးစုံရှိတဲ့အတွက် ဒါတွေကို ဈေးကွက်အလားအလာရှိတဲ့ ဦးစားပေးကဏ္ဍမှာ ထည့်သွင်းဆောင်ရွက်ပြီး နောက် ၅ နှစ်အတွက် ပို့ကုန်မဟာဗျူဟာစီမံကိန်းအတွက် စာမျက်နှာသစ်တစ်ခု ထပ်ဖွင့်တာ ဖြစ်ပါတယ်။


**မေး ။ ။ ပို့ကုန် မြှင့်တင်ရေးအတွက် အမျိုးသား ပို့ကုန်မဟာဗျူဟာ ချမှတ်ဆောင်ရွက်မှုတွေ၊ နောက်ထပ် ဦးစားပေးပို့ကုန်တွေ ချမှတ်ဆောင်ရွက်နေမှုနဲ့ ရေရှည်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ ရှိရင်လည်း သိပါရစေ။**


ဖြေ ။ ။ ပို့ကုန် မြှင့်တင်ရေးအတွက် သတင်းအချက်အလက်ရရှိရေး ကွန်ရက် (Information Network) ကို တည်ဆောက်နိုင်ခဲ့တယ်။ ပြည်တွင်းမှာ ကုန်သွယ်ရေးစင်တာတွေကို မြို့ကြီးတိုင်းမှာ ဆောက်တာ ၁၃ ခု ရှိသွားပါပြီ။ ဒီအလားအလာရှိတဲ့ ပို့ကုန်တွေကို ဖော်ထုတ်ပြီး အားပေးတယ်။ စီးပွားရေးသံမှူးတွေ အသုံးပြုပြီး

*အချပ်ပို (ဃ)သို့*



မူဆယ်နယ်စပ် စီးပွားရေးဇုန်အတွင်းသို့ ဝင်ရောက်လာသည့် ပို့ကုန်/ သွင်းကုန်ယာဉ်များကို တွေ့ရစဉ်။




**"အထည်ချုပ်လုပ်ငန်းတွေ တိုးတက်လာတဲ့အတွက် အလုပ်သမား ၆ သိန်းလောက်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ပါတယ်။ ဒီထဲမှာ ၉၅ ရာခိုင်နှုန်းလောက်က အမျိုးသမီးတွေ ဖြစ်လို့ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အထည်ချုပ်လုပ်ငန်း(CMP)ရဲ့ ထုတ်လုပ်မှုတန်ဖိုးကို ၄ နှစ်အတွင်းမှာ ဆယ်ဆ တိုးလာပြီး ဒီနှစ်မှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံလောက်အထိ တိုးတက်လာမယ့် အခြေအနေရှိ"**

*အချုပ်ပို (ဂ) မှ*

ပို့ကုန်မြှင့်တင်ရေးအစီအစဉ် (Trade Promotion Plan) ကို ရေးဆွဲပြီး ဆောင်ရွက်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး (Investment Promotion) နဲ့ ခရီးသွားကဏ္ဍ မြှင့်တင်ရေး (Tourism Promotion) ကို လုပ်ဆောင်မှာ ဖြစ်ပါတယ်။

**ဦးမြင့်လွင် (ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန)**

**မေး ။ ။ စားသုံးသူရေးရာ ဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေနဲ့ ၄ နှစ်တာအတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ ။ ။ စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တယ်။ ဒီဥပဒေရဲ့ အားနည်းချက်တွေ၊ ထပ်မံဖြည့်စွက်ဖို့ လိုအပ်တာတွေ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၆ ခုနှစ်မှာ စတင်ပြင်ဆင်ရေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်မှာ စားသုံးသူကာကွယ်ရေး ဥပဒေသစ်ကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ဥပဒေသစ်အရ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၂၁ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်ရဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ ပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုမှာ အဖွဲ့ဝင် ၅ ဦးကနေ ၉ ဦး ပါဝင်တဲ့ စားသုံးသူရေးရာကော်မတီတွေကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၄၃ အရ စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနဲ့ပတ်သက်ပြီး ကုန်စည်တွေမှာ ဖော်ပြရမယ့်အချက်တွေ ရှိပါတယ်။ ဒီအချက်တွေကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနဲ့ အခြားဘာသာတစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုပြီး တွဲလျက်ဖြစ်စေ မဖြစ်မနေ ဖော်ပြရပါမယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဒီဥပဒေကို လိုက်နာဆောင်ရွက်ရာမှာ အခက်အခဲမရှိစေဖို့ ကုန်စည်အုပ်စု ၈ ခုရဲ့ အသေးစိတ်ညွှန်ကြားချက်တွေကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**မေး ။ ။ စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေဆောင်ရွက်နိုင်မှုကို သိပါရစေ။**

ဖြေ ။ ။ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းတွေက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ စားသုံးသူပြည်သူတွေကို အသိပညာပေးမှုအနေနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်အထိ လူဦးရေ ၅ ဒသမ ၃၂ သန်းခန့်ကို အသိပညာ ပေးနိုင်ခဲ့ပါတယ်။ ဒီအသိပညာပေးမှုတွေက တစ်နိုင်ငံလုံးရှိ လူဦးရေ ၅၃ ဒသမ ၃၉ သန်းရဲ့ ၁၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်ခဲ့ပါတယ်။

လုပ်ငန်းဆောင်ရွက်ချက်ထဲက ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် လယ်ယာသုံးစက်ကိရိယာ တင်သွင်းထုတ်လုပ်သူတွေနဲ့ ဝယ်ယူအသုံးပြုသူတွေအကြား နှစ်ဦးနှစ်ဖက် မျှတမှုဖြစ်ပေါ်စေဖို့နဲ့ အငြင်းပွားမှုတွေကို အမြန်ဆုံး ဖြေရှင်းပေးနိုင်ရေးကို ရည်ရွယ်ပြီး မြန်မာနိုင်ငံ လယ်ယာသုံး စက်ကိရိယာ လုပ်ငန်းရှင်များအသင်းကို ဖေဖော်ဝါရီလထဲမှာ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါတယ်။

**မေး ။ ။ ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုလုပ်ငန်းတွေ ဆောင်ရွက်နေမှုကို သိပါရစေ။**

ဖြေ ။ ။ ပြည်တွင်း ကုန်သွယ်မှုနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသင်းအဖွဲ့တွေ၊ သီးနှံအမျိုးအစားအလိုက် အစုအဖွဲ့တွေ၊ သီးနှံဇုန်တွေ ဖွဲ့စည်းပေးပါတယ်။ ကုန်စည်ဒိုင် တည်ထောင်ပေးရာမှာ ၂၀၁၆ ခုနှစ်မှာ ၉ ခုရှိခဲ့ရာကနေ ယခုကုန်စည်ဒိုင် ၆၅ ခုအထိ ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အသင်းအဖွဲ့ ၈၉၃ သင်း၊ အစုအဖွဲ့ ၁၉၉၄ ဖွဲ့၊ ဇုန် ၄၃ ဇုန်နဲ့ ကုန်စည်ဒိုင် ၆၅ ဒိုင်ကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

**ဦးမင်းမင်း (ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန)**

**မေး ။ ။ ပြည်ပကုန်သွယ်မှု ပမာဏ ပြောင်းလဲတိုးတက်လာမှုကို သိပါရစေ။**

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုပမာဏ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံရှိခဲ့ပြီး ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံ တိုးတက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် Mini Budget မှာ နှစ်တစ်ဝက်စာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံလောက် ရရှိခဲ့ပါတယ်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံရောက်ရှိခဲ့တယ်ဆိုတော့ ကုန်သွယ်မှုက နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရှိပါတယ်။

ဒီထဲမှာ ကုန်သွယ်မှုလိုငွေဟာ ပို့ကုန်နဲ့ သွင်းကုန် အချိုးမမျှတဘူးဆိုရင် ကုန်သွယ်မှုလိုငွေပြတယ်လို့ သုံးပါတယ်။ ကုန်သွယ်မှုလိုငွေဟာ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံ၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၁ ဘီလီယံ ရှိခဲ့ပါတယ်။ ဒါကို အဆင့်ဆင့် လျှော့ချလာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံလောက်ရှိခဲ့ပြီး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပြည့်နဲ့ ပြန်ယူမယ်ဆိုရင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံရှိခဲ့တဲ့အတွက် ဒါကိုလည်း လျှော့ချနိုင်ခဲ့ပါတယ်။

**မေး ။ ။ ကုန်သွယ်မှု တိုးတက်အောင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ အညီ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးမှုတွေကို သိပါရစေ။**

ဖြေ ။ ။ အသေးစား၊အလတ်စားလုပ်ငန်းရှင်တွေ ရှင်သန်နိုင်ဖို့အတွက် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (Safeguard Law) ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် "လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်း (Antidumping Law)နဲ့ အစိုးရထောက်အပံ့ ရယူတင်ပို့ရောင်းချခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုအပေါ် ကုစားမှုဥပဒေ(Countervailing Law)" တို့နဲ့စပ်လျဉ်းပြီး ဥပဒေမူကြမ်း ပြုစု ရေးဆွဲနေတာရှိပါတယ်။

**မေး ။ ။ လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးတဲ့လုပ်ငန်းတွေကို သိပါရစေ။**

ဖြေ ။ ။ ပို့ကုန်ပိုင်းမှာ ယခင်က တားမြစ်ထားတဲ့ ကုန်စည်တွေအများကြီး ရှိပါတယ်။ ဆီထွက်သီးနှံနဲ့ တိရစ္ဆာန်အရှင်တွေ ကျွဲနွားတွေကို ယခုတင်ပို့လို့ရနေပါပြီ။ အဲဒီလိုမျိုး ပို့ကုန်ကို ခေတ်နဲ့လျော်ညီအောင် ဆောင်ရွက်လျက် ရှိပါတယ်။ သွင်းကုန်မှာ ၂၀၁၂ ခုနှစ် ရှေ့ပိုင်းလောက်မှာ ဘယ်ပစ္စည်းမဆို တင်သွင်းရင် သွင်းကုန်လိုင်စင် လျှောက်ထားရတာရှိပါတယ်။ လက်ရှိမှာ H.S Code လို့ခေါ်တဲ့ Hamonite System က Ten Digit Level မှာ H.S Code ကို ပိုင်းခြားလိုက်လို့ ရှိရင် 2017 Version အရ သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုတဲ့ စုစုပေါင်း ၁၀၀၀၀ ကျော်မှာ ကုန်စည်လိုင်း ၄၆၁၃ လိုင်းကို လိုင်စင်လျှောက်ထားဖို့လိုတယ်လို့ သတ်မှတ်ပြီး ကျန်တဲ့ ၅၀၀၀ ကျော်က လိုင်စင် လျှောက်ထားဖို့ မလိုတော့ဘဲ လုပ်ငန်းစဉ်တွေကို လျှော့ချပေးနိုင်ခဲ့ပါတယ်။

သွင်းကုန်လိုင်စင်ကြေးနှုန်းထားတွေကို ၂၀၁၉ ခုနှစ် အောက်တိုဘာလက စတင်ပြီး သတ်မှတ်ထားတဲ့ နှုန်းထားတွေအတိုင်း ရက်ပေါင်း ၆၀ ပြည့်မြောက်တဲ့နေ့မှာ စတင်ပြောင်းလဲ ကောက်ခံသွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission–MIC) အောက်မှာ မဟုတ်တဲ့ နိုင်ငံခြားကုမ္ပဏီတွေ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းတွေနဲ့ နိုင်ငံခြားကုမ္ပဏီရုံးခွဲတွေ ဖွင့်လှစ်ရာမှာ ပစ္စည်းတွေတင်သွင်းတဲ့အခါမှာ ကန့်သတ်ထားတာကို ဖယ်ရှားပေးပြီး ရုံးလုပ်ငန်းသုံးပစ္စည်းတွေ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ဆက်နွယ်နေသောပစ္စည်းတွေကို တင်သွင်းခွင့်ပြုခဲ့ပါတယ်။

**ပို့ကုန်အမျိုးအစား များစွာ ဖြေလျှော့**

ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးတွေနဲ့ ဆေးရုံသုံးကိရိယာတွေ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းတွေနဲ့ လယ်ယာသုံး စက်ကိရိယာတွေ တင်သွင်းရောင်းချခြင်း (ကုန်သွယ်ခြင်း) ကို ယခင်က နိုင်ငံခြားကုမ္ပဏီတွေကို ကုန်သွယ်ခွင့် မပြုခဲ့ပါဘူး။ ယခုအချိန်မှာ လက်လီ/ လက်ကား လုပ်ငန်းစဉ်အောက်မှာ သူတို့က ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုပုံစံတစ်မျိုး၊ မြန်မာနိုင်ငံသားနဲ့ ပူးပေါင်းမယ်ဆိုရင် ပုံစံတစ်မျိုး စသည်ဖြင့် မှတ်ပုံတင်မှု အခြေအနေတွေကို ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။

ပြည်တွင်းမှာ နိုင်ငံခြားသားကုမ္ပဏီတွေနဲ့ နိုင်ငံသားတွေ ဆောင်ရွက်နေတဲ့ ပို့ကုန်တွေကို ပိုများများ ပို့ချင်တော့ အဆင့်မြင့်ထုတ်လုပ်ထားတဲ့ တစ်ဝက်တစ်ပျက် ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းတွေ၊ သစ်အခြေခံ ပရိဘောဂ ပစ္စည်းတွေ စတဲ့ ကုန်ပစ္စည်းအုပ်စု ၇ မျိုးကို နိုင်ငံခြားကုမ္ပဏီတွေ တင်ပို့ခွင့်ပြုခြင်းကို ၂၀၁၉ ခုနှစ် ဇွန်လမှာ ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Certificate of Origin – CO Form) တွေကို ၂၀၁၉ ခုနှစ် ဧပြီလမှာ အွန်လိုင်းစနစ်နဲ့ စမ်းသပ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ယခုဆိုရင် CO Form စောင်ရေပေါင်း ၄၇၉၆၁ စောင် ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

**မေး ။ ။ e-Government ဆောင်ရွက်ထားနေမှုကို သိပါရစေ။**

ဖြေ ။ ။ ဝန်ကြီးဌာနရဲ့ e-Government အကောင်အထည် ဖော်ဖို့ကိုလည်း ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ e-Government စနစ် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ကို "Data ID Card System ရယ်၊ Digital Government Strategy နဲ့ e-Government System တို့ကိုထူထောင်ရန်" ဆိုတဲ့ မူဝါဒချမှတ်ထားရှိခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကွန်ပျူတာသုံး မြန်မာစာစံစနစ် (ပြည်ထောင်စုဖောင့်)ကို သုံးဖို့ ကုန်သွယ်ရေးဦးစီးဌာနရှိ ဌာနခွဲတွေနဲ့ နယ်စခန်းတွေမှာ နည်းပညာပိုင်းအရ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

ဝန်ကြီးဌာနမှာရှိတဲ့ ပို့ကုန်/ သွင်းကုန် လိုင်စင်လုပ်ငန်းတွေအပိုင်းမှာ ၂၀၁၉ ခုနှစ် တစ်နှစ်လုံးမှာ သက်ဆိုင်တဲ့ Developer ရွေးချယ်တာတို့၊ ဌာနတွေနဲ့ ညှိနှိုင်းတဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဆော့ဖ်ဝဲရေးဆွဲတဲ့အဆင့်ကို ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ Application တွေ ပြီးသွားခဲ့လို့ရှိရင် ဌာနဆိုင်ရာတွေကို စမ်းသပ်တဲ့လုပ်ငန်းစဉ်တွေကို ၂၀၂၀ ပြည့်နှစ် နှစ်လယ်လောက်မှာ စပြီးဆောင်ရွက်ပါမယ်။ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှာ အများပြည်သူ အသုံးပြုနိုင်ဖို့အတွက် ဆက်ပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အရင်တုန်းက ပို့ကုန်/သွင်းကုန် လုပ်ငန်းတွေကို မှတ်ပုံတင်တဲ့စနစ်က သီးခြားမှတ်ပုံတင်ပါတယ်။ ကုမ္ပဏီများမှတ်ပုံတင်တဲ့ ဌာနဖြစ်တဲ့ DICA ကလည်း ကုမ္ပဏီမှတ်ပုံတင်နံပါတ်ကို ထုတ်ပေးတယ်။ အဲ့ဒီတော့ ကုမ္ပဏီတစ်ခုကို ဌာနတစ်ခုမှာ နံပါတ်တစ်ခုဖြစ်နေရာကနေ တူညီတဲ့ မှတ်ပုံတင်နံပါတ်ဖြစ်ဖို့ကို DICA ထုတ်ပေးတဲ့နံပါတ်ကို ကျွန်တော်တို့ရဲ့ ပို့ကုန်/ သွင်းကုန် လုပ်ငန်းမှတ်ပုံတင် နံပါတ်အဖြစ် ပြောင်းလဲသုံးစွဲပြီး အချက်အလက်တွေပေးတဲ့ အကောက်အခွန်နဲ့ ပြည်တွင်းအခွန်တို့လို ဌာနတွေကလည်း ဒီစနစ်ကို ချိတ်ဆက်ဆောင်ရွက်နိုင်အောင် လုပ်ပေးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ API လို့ခေါ်တဲ့ Service တွေ အသုံးပြုပြီး အလိုအလျောက်ပေးပို့တာတွေ ဆောင်ရွက်ဖို့အထိ စီစဉ်နေတာတွေ ရှိပါတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်ခင်ဗျာ။